The **Commerce** Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 16, NO . 13 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 28 , 2016



# သစ်သီးဝလံပန်းမန်များ ပြည်ပတိုးမြှင့်တင်ပို့နိုင်ဖို့



| မျိုးသူ (ကုန်သွယ်မြှင့်) | ၁၂

**AEC** ကို ရင်ဆိုင်မည့် ထိုင်းနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် သော့ချက်ကျသည့် နယ်ပယ်ခြောက်မျိုး




၈

ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၂ မြို့နယ်တွင် နွေစပါးများထွက်ရှိပြီ ၄

**International Tourismus Borse-ITB Diamond Award 2016** ဆုကို ကယားပြည်နယ်လေ့လာရေး ခရီးသွားမှတ်တမ်းဗီဒီယိုက ဆွတ်ခူးရရှိ ၁၆

စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည့် မော်တော်ယာဉ် အရောင်းစင်တာ ၄၇ ခုအား ထုတ်ပြန်ကြေညာ ၁၇

# GRAND STYLE
YOUR PROJECT PARTNER




## Special Discount UP TO 60%

Get Cash Voucher
**Ks 20,000**
on every Purchase Ks 200,000

**15 March - 15 May, 2016**




Lighthouse every moment · GRAND · FOX

www.grandstylemm.com
GrandStyleMM
TEL +95-11224217, +95-95088488

**Thiriyadanar Wholesale Market Compound**

Building : G3, Room No. 46-52 သီရိရတနာ လက်ကားဈေးဝင်း၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

# ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) အခမ်းအနားကျင်းပ



စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီက ကြီးမှူး၍ ကမ္ဘာ့စားသုံးသူအခွင့်အရေး များနေ့ အထိမ်းအမှတ် အခမ်းအနားကို မတ် ၂၆ ရက်က ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးရုံး ပဥ္စမထပ်ရှိ ညီလာခံခန်းမမှာ ကျင်းပခဲ့ပါတယ်။

အဆိုပါ အခမ်းအနားတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဦးဟန်နှင့် စားသုံးသူရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်မောင်းက အာဆီယံနိုင်ငံများတွင် မြန်မာနိုင်ငံမှ စားသုံးသူရေးရာလုပ်ငန်းနဲ့ စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်မှု အခြေအနေများ၊ UMFCCI အထွေထွေအတွင်းရေးမှူး ဦးအေးလွင်နှင့် စားသုံးသူအကာအကွယ်ပေးရေးသမဂ္ဂ အတွင်းရေးမှူး ဦးမောင်မောင်က ပဋိဇီဝဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အန္တရာယ်များဆိုင်ရာစာတမ်း ဖတ်ကြားဆွေးနွေးခြင်း၊ တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များ၏ကိုယ်စား ရန်ကင်းမြို့နယ်စည်ပင်သာယာရေးဥက္ကဋ္ဌ ဦးနန်းဦးက စားသုံးသူဆန္ဒကိုဆွေးနွေးတင်ပြခြင်း၊ စီးပွားကူးသန်းမှ ဥပဒေအကြံပေး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေနဲ့ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း၊ စာရေးဆရာမ ဂျူးက စားသုံးသူဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောခြင်းများကို ပြုလုပ်ခဲ့ကြပါတယ်။ ထို့နောက် တက်ရောက်လာကြသူများရဲ့ သိလိုသည်များကို မေးမြန်းခြင်းကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြပါတယ်။

အဆိုပါ အခမ်းအနားတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦးက မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့စားသုံးသူ အခွင့်အရေးများ (World Consumer Rights Day) အထိမ်းအမှတ်အခမ်းအနားကို အစိုးရနဲ့ အရပ်ဘက် အဖွဲ့အစည်း များပူးပေါင်းပြီး ပထမဆုံး အကြိမ် ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း၊စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အာဆီယံ စားသုံးသူ အကာအကွယ်ပေးရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသလို မိမိတို့ဝန်ကြီးဌာနအောက်တွင် ဦးစီးဌာနအဖြစ်ဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီက ၁၉၆၂ ခုနှစ် မတ် ၁၅ ရက်ကို ပထမဆုံး "ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့"အဖြစ် Consumer International မှ ဦးဆောင်၍ ကမ္ဘာပေါ်ရှိ ၄င်း၏ ပင်မအဖွဲ့ဝင်များနှင့် အဖွဲ့ဝင်စားသုံးသူအဖွဲ့အစည်းများမှ စားသုံးသူများ၏ အခွင့်အလမ်းများကို အလေးဂရုပြုမှုဖြင့် မြှင့်တင်သည့်အနေဖြင့် ကျင်းပပြုလုပ်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ASEAN Economic Community-AEC Blue Print အရ အာဆီယံနိုင်ငံများအနေဖြင့် ၂၀၁၅ ခုနှစ်တွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းနိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းနိုင်ခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ဥပဒေနဲ့အညီ ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါကြောင်း စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှလည်း ဥပဒေနှင့်အညီ တိုင်းဒေသကြီး၊ ပြည်နယ် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ယခုဆိုလျှင် တိုင်းဒေသကြီး/ပြည်နယ် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များသည် ဒေသအလိုက် စားသုံးသူအကျိုးမထိခိုက်စေရေးအတွက် လုပ်ငန်းများကို ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ပြီဖြစ်ပါကြောင်း၊ လုံခြုံစိတ်ချရမှုမရှိသော ကုန် စည်များ၏ စစ်ဆေးတွေ့ရှိချက်များအပေါ် စီမံခန့်ခွဲမှု နည်းလမ်းများဖြင့် အရေးယူ ဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ စားသုံးသူများ၏ အခွင့်အရေးများကို ဥပဒေဘောင်အတွင်းမှ အပြည့်အဝအကာအကွယ်ပေးရေးလုပ်ငန်းများကို

➲ စာမျက်နှာ - ၄ သို့

# တရုတ်(တိုင်ပေ)တွင် Myanmar Product Show in Taipei ပြပွဲ ကျင်းပ


စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် တရုတ်(တိုင်ပေ) Ministry of Foreign Affairs, Bureau of International Trade တို့ပူးပေါင်း၍ တရုတ်(တိုင်ပေ)ရှိ Taipei World Trade Center ၌ မတ်လ ၁၉-၂၀ ရက်နေ့၌ Myanmar Product Show ကုန်စည်ပြပွဲကို ကျင်းပခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနား၌ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ တရုတ်(တိုင်ပေ)အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Elliot Y.L.Charng၊ စီးပွားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗျူရို ညွှန်ကြားရေးမှူးချုပ် Ms. Jen Ni Yang ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီမှ တွဲဖက်အတွင်းရေးမှူးချုပ် Mr. Walter Yeh တို့က အမှာစကား အသီးသီးပြောကြားခဲ့ပါသည်။ ထို့နောက် ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြခန်းများ လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

ယခု ပြပွဲသို့ ကုမ္ပဏီလုပ်ငန်း ၂၆ ခုမှ စီးပွားရေးလုပ်ငန်းရှင် ၄၃ ဦး၊ လေ့လာသူ ၁၄ ဦး၊ စုစုပေါင်း ၅၇ ဦး ပါဝင်သွားရောက်ခဲ့ပါသည်။ ပြပွဲတွင် ရေထွက်ကုန်ပစ္စည်း၊ စားသောက်ကုန်၊ ကျောက်မျက်ရတနာများ၊ လက်မှုထည်ပစ္စည်းများ ခင်းကျင်းပြသရောင်းချခဲ့ပါသည်။

ပြပွဲကျင်းပသည့် နှစ်ရက်အတွင်း သွင်းကုန်လုပ်ငန်းရှင် ၅၄ ဦးအပါအဝင် လာရောက်လည်ပတ်သူ ၅၅၀၀ ဦး ခန့် စီးပွားရေးတွေ့ဆုံမှု အကြိမ် ၃၀၀ ခန့် ပြုလုပ်ခဲ့ကြောင်းသိရှိရပါသည်။ ယခုပြပွဲသည် တရုတ်(တိုင်ပေ)မြို့တွင် ကျင်းပသည့် ပထမဆုံးအကြိမ် မြန်မာ့ထုတ်ကုန်ပြပွဲဖြစ်ပါသည်။

# ဦးသိန်းမြင့်ဝေ၏ အဂတိလိုက်စားမှုနှင့် အခြားစီးပွားရေး ဆောင်းပါးများ စာအုပ်ထွက်ပြီ




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေ ရေးသားသည့် အဂတိလိုက်စားမှုနှင့် အခြားစီးပွားရေးဆောင်းပါးများစာအုပ်ကို မတ် ၃၀ ရက်တွင် စတင်ဖြန့်ချိတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာအုပ်တွင် အဂတိလိုက်စားမှုကိုဖြစ်ပေါ်စေသော အကြောင်းရင်းအကျိုးဆက်နှင့်ကုစားနည်းများကို ပြည့်ပြည့်စုံစုံ တင်ပြထားသည်။ ထို့ပြင် အဆိုပါစာအုပ်တွင် အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အဂတိလိုက်စားမှုကို ဖြစ်ပေါ်စေသည့်အခြေအနေများ၊ အဂတိလိုက်စားမှုကို ကုစားမည့်အစီ အမံများစသည့်အကြောင်းအချက်များကို ပြည့်ပြည့်စုံစုံတင်ပြထားသဖြင့် အဂတိလိုက်စားမှုနှင့်ပတ်သက်၍ စိတ်ဝင်စားသူတိုင်း ဖတ်ရှုသင့်သည့်စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ဆရာဦးသိန်းမြင့်ဝေသည် Commerce Journal တွင် အယ်ဒီတာအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ပြီး Commerce Journal တွင် စီးပွားရေးဆိုင်ရာဆောင်းပါးများကို အစဉ်တစိုက် ရေးသားနေသောစာရေးဆရာတစ်ဦးလည်းဖြစ်ပါသည်။

အဆိုပါစာအုပ်ကို မတ် ၃၀ ရက်တွင် ရန်ကုန်မြို့၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း၊ ဖုန်း -၀၉ ၅၀ ၉၆ ၁၃၁ သို့ ဆက်သွယ်ဝယ်ယူအားပေးနိုင်ပြီး တစ်အုပ်လျှင် ကျပ် ၃၀၀၀ ဖြင့်ရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မှူ

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဧခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.13 Monday March 28 2016

# ညှော်မထဆန်ကြမ်း ကောက်သစ်အဝင်များပြီး၊ ဈေးကျပေမယ့်
## သင်္ကြန်အခါနားနီးလို့ လက်လီသမားများအဝယ်လိုက်လာတာကြောင့် ပေါ်ဆန်းဆန်ဈေးဆက်မာ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ မတ် ၂၅ ရက် လက်ကားဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ၃၃၅၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၁၅၀၀ ကျပ်ဖြစ်လို့ ယခင်သီတင်းပတ်ထက် ထိပ်စ၊ လတ်စ တစ်အိတ် ၁၀၀၀ ကျပ်ခန့်စီ ဈေးမြင့်လာပါတယ်။ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ၃၅၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၃၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ထိပ်စ ၊ လတ်စ တစ်အိတ်ကို ၅၀၀ ကျပ်ခန့်စီ မြင့်တက်လာပါတယ်။ နယ်စုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ် ၃၂၅၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၁၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ပါက ထိပ်စ၊ လတ်စ တစ်အိတ်ကို ၁၀၀၀ ကျပ်ခန့်စီ ဈေးမြင့်လာကြောင်း တွေ့ရပါတယ်။

ရွှေဘိုပေါ်ဆန်းဆန်သစ်ဈေးနှုန်းက တစ်အိတ်ကို ၄၀၀၀၀ ကျပ်မှ ၄၂၅၀၀ ကျပ်ဖြစ်လို့ တစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဈေးတက်လာကြောင်း ဝါးတန်းကုန်စည်ဒိုင်ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ပေါ်ဆန်းစပါးဈေးမြင့်တက်လာမှုကြောင့် ဆန်စက်များတွင်ကြိတ်ခွဲမှုသိပ်မရှိလို့ ဆန်တင်ပို့မှုအားနည်းတဲ့အတွက် ကုန်စည်ဒိုင်သို့ ပေါ်ဆန်းဆန်အဝင်ပါးကာ ဈေးမြင့်ရခြင်းဖြစ်ကြောင်း၊ သင်္ကြန်အခါနား နီးလာလို့ လက်လီသမားများ အဝယ်လိုက်နေကြောင်း ဝါးတန်း ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ညှော်မထဆန် ထိပ်စတစ်အိတ် ၂၃၀၀၀ ကျပ်၊ အလတ်စဆန်တစ်အိတ် ၂၁၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းမပြောင်းလဲဘဲ ဈေးငြိမ်နေကြောင်း သိရပါတယ်။ မနောသုခသစ် (ရှယ်) ဈေးနှုန်းက တစ်အိတ် ၂၃၅၀၀ ကျပ်မှ ၂၄၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေပြီး၊ ရေကျနောက်စိုက် ညှော်မထဆန်တစ်အိတ် ၂၁၀၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ပါက ၅၀၀ ကျပ်ခန့် ဈေးကျလာကြောင်း၊ နှံသီးထပ် (ရှယ်) ဆန်တစ်အိတ် ၂၀၀၀၀ ကျပ်မှ ၂၀၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၅၀၀ ကျပ်ခန့် ဈေးကျလာတာကို တွေ့ရပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ညှော်မထဆန်မှာ ဒိုင်သို့အဝင်ပါးပြီး၊ ကောက်သစ်ဖြစ်တဲ့ သီးထပ်ရင်ဆန်များသာ အဝင်များနေပြီး ဈေးကျနေကြောင်း၊ အရောင်းအဝယ်မှာ ပုံမှန်ရှိကြောင်း ဝါးတန်းကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

တရုတ်လိုင်း မူဆယ်ဆန်ဈေးကွက်ရဲ့ မတ် ၂၅ ရက် ဈေးနှုန်းများအရ ညှော်မထ ၅ မှတ်မော်ဘီ တစ်အိတ် ၁၄၆-၁၅၀ ယွမ်၊ စူပါတစ်အိတ် ၁၄၆-၁၄၉ ယွမ်၊ ညှော်မထ ၁၀ မှတ်မော်ဘီတစ်အိတ် ၁၄၃-၁၄၅ ယွမ်၊ စူပါတစ်အိတ် ၁၄၃-၁၄၄ ယွမ်၊ ညှော်မထ ၁၅ မှတ် မနောသုခ တစ်အိတ် ၁၄၁-၁၄၃ ယွမ်၊ ညှော်မထ ၂၅ မှတ် မနောသုခ တစ်အိတ် ၁၃၈-၁၄၀ ယွမ်၊ ရွှေဝါထွန်း တစ်အိတ် ၁၃၈-၁၄၀ ယွမ်၊ ညှော်မထ ၃၅ မှတ် ရွှေဝါထွန်း တစ်အိတ် ၁၃၆-၁၃၇ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၄၁-၁၄၆ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၃၉-၁၄၀ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၃၇-၁၃၈ ယွမ်၊ အသီးသီးဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေကြောင်း၊ မတ် ၂၅ ရက်ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၈၃ ကျပ်ဖြစ်လို့ ယခင်တစ်ပတ် ငွေလဲနှုန်းထက် တစ်ကျပ်ခန့်ဈေးတက်လာကြောင်း၊ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ် ဆန်တန်ချိန် တစ်ရက်ပျမ်းမျှ ၁၁၅၀ တန်ခန့် ဝင်ရောက်လျက်ရှိပြီး ယခုတစ်ပတ်အတွင်း စုစုပေါင်း ဆန်တန်ချိန် ၅၇၄၈ တန်ခန့် ဝင်ရောက်ခဲ့တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ မူဆယ်ဈေးကွက်သို့ တရုတ်ကုန်သည် လေး-ငါးဦးခန့်သာ လာရောက်ပြီး ရွှေလီနဲ့ ကူမင်းသွားတဲ့ ဟိုင်းဝေးလမ်းမကြီးမှာ အဖမ်းအဆီးများ ရှိနေခြင်းကြောင့် တရုတ်ကုန်သည်များ မလာရဲကြဘဲ အရောင်းအဝယ်အခြေအနေမဖြစ်ဘူးလို့ သိရပါတယ်။

မြန်မာ့ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မတ် ၁၈ ရက်အထိတင်ပို့မှုမှာ တန်ချိန် ၁၄၄၂၁၀ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၀၇ သန်းကျော်ဖိုးတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်တင်ပို့မှုအနေနဲ့ တန်ချိန် ၁၀၈၉၃၁၉ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၃၉၈ သန်းကျော်ရှိပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၂၄၀၃၈၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၅ သန်းကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၃၅၂၇၉၁ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၈ သန်းကျော်ရှိနေပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၂၅၇၂၄ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈ သန်းကျော်ဖိုး လျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။

**MIRT -YGN**

# ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၂ မြို့နယ်တွင် နှမ်းစပါးများထွက်ရှိပြီ

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိမြို့နယ် ၁၂ မြို့နယ်တွင် နှမ်းစပါးများ ဈေးကွက်သို့ စတင်ဝင်ရောက်လျက်ရှိကြောင်း၊ စပါးဈေးနှုန်းမှာ ၄၆ ပေါင်တင်း ၁၀၀ ကို ပုသိမ်ဈေး ၅၀၆၀၀၀ ကျပ်၊ ကန်ကြီးထောင့် ၅၅၂၀၀၀ ကျပ်၊ မြောင်းမြ ၅၄၂၀၀၀ ကျပ်၊ အိမ်မဲ ၅၁၄၀၀၀ ကျပ်၊ မအူပင် ၅၁၅၀၀၀ ကျပ်၊ ပန်းတနော် ၅၂၄၀၀၀ ကျပ်၊ ညောင်တုန်း ၅၃၄၀၀၀ ကျပ်၊ ဓနုဖြူ ၅၃၄၀၀၀ ကျပ်၊ ဖျာပုံ ၄၆၀၀၀၀ ကျပ်၊ ဘိုကလေး ၄၇၈၀၀၀ ကျပ်၊ ကျိုက်လတ် ၄၆၀၀၀၀ ကျပ်ဈေးနဲ့ ဒေးဒရဲမြို့နယ်တွင် ၄၆၉၀၀၀ ကျပ်ဈေးဖြင့် ရောင်းဝယ်လျက်ရှိကြောင်း ဈေးကွက်မှ သိရပါတယ်။

နှမ်းစပါးများဈေးကွက်သို့ စတင်ဝင်ရောက်စဉ် အချို့မြို့နယ်များတွင် ဆန်ဈေးအနည်းငယ်ကျဆင်း၍ အချို့မြို့နယ်များတွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း၊ နှမ်းစပါးအထွက်မလှိုင်သေးချိန် စပါးဝယ်ယူလိုတဲ့ စက်ပိုင်၊ ကုန်သည်၊ ပွဲစားတချို့မှာ နှမ်းစပါးများကို လိုက်လံဝယ်ယူသည့်အတွက် ဈေးနှုန်းမှာလည်း တစ်မြို့နယ်နဲ့ တစ်မြို့နယ် ကွာခြားလျက်ရှိကြောင်း၊ ၎င်းအပြင် မြို့နယ်အလိုက် ဈေးနှုန်းကွာခြားရခြင်းမှာ စပါးအရည်အသွေးနဲ့ ဈေးကွက် အရောင်းအဝယ်သွက်တဲ့အပေါ်မှာမူတည်ပြီး မြို့နယ်စုံ နှမ်းစပါးမပေါ်သေးတဲ့အတွက်လည်း ဈေးနှုန်းမတည်ငြိမ်နိုင်သေးကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရပါတယ်။

**မင်းမင်းဦး-ပုသိမ်**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၄-၃-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၉၅ | ၃၉၅ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၆ | ၃၈၆ | □ | ၃၇၅ | ၃၈၀ | △ | ၃၆၅ | ၃၆၅ | □ | ၃၃၅ | ၃၃၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၇၇ | ၃၇၇ | □ | ၃၅၅ | ၃၆၅ | △ | ၃၃၅ | ၃၃၅ | □ | ၃၀၅ | ၃၀၅ | □ |
| ပေါင်းဆန် | ၃၇၅ | ၃၇၀ | ▽ | - | - | - | ၃၅၀ | ၃၅၀ | □ | - | - | - |

***Source: oryza.com***

## အမေရိကန်နိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၄-၃-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၄၀ | ၄၄၀ | □ | ၄၄၅ | ၄၃၅ | ▽ | ၄၃၅ | ၄၂၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၆၀ | ၄၇၀ | △ | - | - | - | - | - | - |

***Source: oryza.com***

## ပြည်တွင်းမြို့ကြီးများ၏ (၂၅-၃-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၆၀၀ | □ | ၂၁၅၀၀ | □ | ၇၇၂၀ | □ | ၃၃၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၃၀၀၀ | □ | ၇၁၈၀ | □ | ၂၉၀၀၀ | □ |
| ပဲခူး | ၅၅၀၀ | □ | ၂၁၀၀၀ | □ | ၆၉၀၀ | □ | ၂၉၀၀၀ | □ |
| ရွှေဘို | ၇၁၅၀ | ▽ | ၂၈၅၀၀ | △ | ၁၁၀၅၀ | △ | ၃၇၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၁၀၀၀ | □ | ၇၂၀၀ | ▽ | ၂၉၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၄၃၀ | ▽ | ၂၁၅၀၀ | □ | - | - | ၃၁၅၀၀ | △ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၅၀၀ | □ | - | - | ၃၂၀၀၀ | □ |
| မကွေး | ၈၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မော်လမြိုင် | ၅၈၀၀ | △ | ၂၁၀၀၀ | □ | ၇၁၀၀ | △ | ၂၆၀၀၀ | □ |
| လှိုင်ကော် | ၆၁၈၀ | □ | ၂၅၀၀၀ | □ | - | - | ၄၀၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| ဘားအံ | ၅၉၀၀ | ▽ | ၂၂၀၀၀ | □ | - | - | ၂၇၅၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၃၆၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

➲ စာမျက်နှာ - ၃ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ... မှ အဆက်

နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်တို့မှာ ထိရောက်ကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနဲ့ အစိုးရဌာနများနဲ့ ပြည်သူတွေ အားလုံးပါဝင်ဆောင်ရွက်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသုံးသူများအနေနဲ့ စားသုံးသူကာကွယ်ပေးရေးဆိုင်ရာ အသိပညာ ဗဟုသုတပြည့်ဝမှသာ စားသုံးသူအခွင့်အရေးများကို ရယူတောင်းဆိုနိုင်မှာဖြစ်ပြီး စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းတွေလည်း ထိရောက်အောင်မြင်မှာဖြစ်လို့ မိမိတို့ဌာနအနေနဲ့ စားသုံးသူကာကွယ်ရေးဆိုင်ရာ အရင်းအမြစ်တည်ဆောက်ရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားပါ တယ်။

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ဆက်စပ်ဌာနများ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးဝန်ကြီးဌာန၊ သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ အဆင့်မြင့်ပညာဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်နဲ့ စီမံကိန်းဦးစီးဌာန၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၊ တိုင်းဒေသကြီး/ပြည်နယ်အငြင်းပွားမှု ဖြေရှင်း ရေးအဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ ဦးစီးတာဝန်ခံများ၊ ကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံ စားသုံးသူကြိုတင်ကာကွယ်ရေးအသင်း၊ မြန်မာစားသုံးသူများသမဂ္ဂ၊ မြို့တော်စည်ပင်သာယာရေး ကော်မတီ ကျန်းမာရေးဌာန၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာန၊ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စက်မှုဇုန်များနဲ့ စီးပွားရေး လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များ၊ ဝန်ထမ်းများ စိတ်ပါဝင်စားသူများ ၃၀၀ ခန့် တက်ရောက်ခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

**MIRT**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၅-၃-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၈/၃ | ၂၅/၃ | ပြောင်းလဲမှု | ၁၈/၃ | ၂၅/၃ | ပြောင်းလဲမှု | ၁၈/၃ | ၂၅/၃ | ပြောင်းလဲမှု | ၁၈/၃ | ၂၅/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၃၄၅ | ၂၃၇၅ | ▲ | ၂၃၅၀ | ၂၃၃၃ | ▼ | ၂၃၂၅ | ၂၃၀၀ | ▼ | ၂၃၇၅ | ၂၃၅၀ | ▼ |
| ၂ | ပဲစင်းငုံ | ၂၂၁၉ | ၂၂၈၁ | ▲ | ၂၁၆၇ | - | - | ၂၁၀၅ | ၂၂၆၅ | ▲ | ၂၁၇၅ | ၂၂၅၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၅၃၀ | ၁၅၀၀ | ▼ | ၁၇၉၆ | - | - | - | ၁၇၈၉ | - | ၁၅၈၀ | ၁၅၈၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၁၀၀ | ၂၁၀၀ | ■ | - | - | - | - | - | - | ၁၅၆၅ | ၁၅၆၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၈၃ | - | - | - | ၈၅၀ | - | ၁၀၀၀ | ၁၀၀၀ | ■ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | ၁၀၆၇ | ၉၇၈ | ▼ | ၆၈၄ | ၆၅၈ | ▼ | ၆၅၀ | ၆၃၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၅-၃-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၁၇/၃ | ၂၄/၃ | ပြောင်းလဲမှု | ၁၇/၃ | ၂၄/၃ | ပြောင်းလဲမှု | ၁၇/၃ | ၂၄/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၂၄၀ | ၁၂၄၅ | ▲ | ၁၆၄၅ | ၁၆၅၃ | ▲ | ၁၄၉၅ | ၁၄၂၂ | ▼ |
| ၂ | ပဲစင်းငုံ | ၁၁၄၀ | ၁၁၇၅ | ▲ | ၁၁၆၆ | ၁၁၈၀ | ▲ | ၁၁၈၁ | ၁၂၁၁ | ▲ |
| ၃ | ပဲတီစိမ်း | ၈၅၀ | ၈၅၀ | ■ | ၉၇၂ | ၉၄၇ | ▼ | ၁၀၄၇ | ၁၀၁၇ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၆၈၈ | ၆၈၀ | ▼ | ၇၀၃ | ၆၇၇ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၆) မှ |
| | (၁၂.၃.၁၆)ထိ | (၁၉.၃.၁၆)ထိ | (၁၉.၃.၁၆) ထိ |
| မတ်ပဲ | ၁၀၁၄၃ | ၈၅၀၄ | ၆၄၁၀၀ |
| ပဲတီစိမ်း | ၆၁၂၅ | ၇၂၄၃ | ၅၈၁၃၅ |
| ပဲစင်းငုံ | ၁၀၆၇၀ | ၁၅၃၉၂ | ၉၁၆၁၀ |
| ကုလားပဲ | ၆၄၈ | ၂၈၄၉ | ၄၁၅၀ |
| ပဲလွန်းဖြူ | ၉၀၂ | ၁၁၄၆ | ၄၇၄၆ |
| မြေထောက်ပဲ | ၂၀၀ | ၄၁၆ | ၁၅၇၄ |

### ၂၁-၃-၂၀၁၆ မှ ၂၅-၃-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 238 | 14,189,668.840 |
| 2 | Form D | 46 | 3,613,408.866 |
| 3 | Form E | 80 | 1,761,527.870 |
| 4 | Korea GSP | 8 | 226,786.100 |
| 5 | Form AK | 56 | 4,323,016.530 |
| 6 | Form AJ | 10 | 647,716.280 |
| 7 | Form AI | 62 | 2,433,308.750 |
| 8 | Form AANZ | 2 | 72,551.200 |
| 9 | Form DFTP | - | - |
| **Grand Total** | | **502** | **27,267,984.436** |

# မတ်လ စတုတ္ထပတ်အတွင်း ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲဈေး အမြင့်ဆုံးရနေသလို ပဲစင်းငုံသီးနှံဈေးကလည်း တရိပ်ရိပ်တက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဆောင်းပဲများ လှိုင်လှိုင်ဝင်ရောက်ရှိရာ၊ မတ်ပဲ၊ ပဲစင်းငုံ၊ ပဲကြီး၊ ကုလားပဲသီးနှံများ ဝင်ရောက်မှုများပြီး ပဲတီစိမ်းသီးနှံမှာ ပဲအဝင်နည်းသွားပြီလို့ သိရပါတယ်။ ပြည်အနီးတစ်ဝိုက်နယ်စုံမှ ဝင်ရောက်ခဲ့ကာ အရောင်းအဝယ်ဖြစ်မှုကတော့ မတ်ပဲနှင့် ပဲစင်းငုံသီးနှံကို ရန်ကုန်ဝယ်လက်မှဝယ်ယူနေသလို ကုလားပဲနှင့် ပဲကြီးသီးနှံများကတော့ ဒေသတွင်း ဝယ်လက်များ အဓိကထား အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ပဲတီစိမ်းသီးနှံမှာ မန္တလေးဝယ်လက်က ဝယ်ယူပြီး လက်ကျန်ပဲအနည်းငယ်သာ ယခုတစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြတဲ့အတွက် အိတ် ၁၀၀ ကျော်သာ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

မတ်ပဲသီးနှံမှာ တစ်ရက်ကို အိတ် ၁၀၀၀ ကျော်၊ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ရွှေတောင်၊ ကျီးသဲမြို့နယ်များမှ ဝင်ရောက်ပြီး ကံမမြို့နယ်မှလည်း ပြည်ဈေးကွက်သို့ ဝင်ရောက်တယ်လို့ သိရပါတယ်။ ပဲဈေးနှုန်းမှာ လလယ်ဈေးထက် ဈေးလျော့နည်းခဲ့လို့ တစ်တင်း ၄၇၀၀၀ ကျပ်သာ ရရှိပြီး၊ ရန်ကုန်ဝယ်လက်များမှ ဝယ်ယူသလို လှောင်သမားများလည်း ယခုဈေးကို ဝယ်ယူသိုလှောင်လျက်ရှိပါတယ်။ ယခင်နှစ်မှစ၍ မတ်ပဲဈေးနှုန်းများ ပြန်လည်ဦးမော့လာလို့ မတ်လမှာ တစ်တင်း ၃ သောင်းကျော်ဝန်းကျင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး သင်္ကြန်ပြီးချိန်မှစ၍ ပဲဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လာခဲ့တာကို တွေ့ရပါတယ်။ ယခုနှစ်တွင်လည်း ပဲဈေးကောင်းခဲ့တဲ့အတွက် သင်္ကြန်ပြီးချိန်မှာ ယခင်နှစ်ကလို ဈေးတက်မယ်ဆိုရင်တော့ ပဲလက်ဝယ်ရှိသူ တောင်သူများနှင့် လှောင်သမားများ အကျိုးအမြတ်ပိုရရှိနိုင်မှာဖြစ်ပါတယ်။ ယခုနှစ်က နေရာဒေသတော်တော်များများတွင် ပဲစိုက်ပျိုးထွက်ရှိမှု၊ အထွက်နှုန်းများကောင်းခဲ့တာကြောင့် တချို့တောင်သူများကလည်း ထွက်ရှိလာသမျှပဲများကို အသုံးလိုသလောက်သာ ရောင်းချကြပြီး ဈေးကောင်းမျှော်ကာ ဆက်လက်သိုလှောင်ထားရှိကြတာကိုလည်း တွေ့ရှိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ပန်းတောင်း၊ ပေါက်ခေါင်းမြို့နယ်များမှ ပြည်ဈေးကွက်သို့ နေ့စဉ်ဝင်ရောက်ခဲ့ရာ တစ်ရက်အိတ် ၃၀၀ ကျော်ခန့်သာ ဝင်ရောက်ပြီး ရန်ကုန်ဝယ်လက်မှ အဝယ်လိုက်နေတာကြောင့် မတ်ပဲဈေး အနည်းငယ်ပြန်လျော့ပေမယ့် ပဲစင်းငုံဈေးမှာ လလယ်မှစ၍ ဈေးပြန်လှုပ်လာကာ တစ်တင်း ၄၄၀၀၀ ကျပ်ဖြင့် လဆန်းရက်က ဈေးထက်လည်း ဈေးပိုလာခဲ့ပါတယ်။ ယခင်နှစ်က ပြည်ပဝယ်လက်ပဲထဲမှာ မတ်ပဲနဲ့ ပဲစင်းငုံဈေးမှာ ယခုချိန်ကာလမှစ၍ ဈေးပြိုင်မြင့်တက်လာခဲ့ပြီး သြဂုတ်တွင် ပဲစင်းငုံဈေးက မတ်ပဲဈေးထက်ဈေးပိုရခဲ့ပြီး စက်တင်ဘာမှာတော့ လက်ကျန်ပြတ်သလောက်ဖြစ်ကာ ပြည်ပဲဈေးကွက်မှာ အရောင်းအဝယ်အေးသွားခဲ့တာကို တွေ့ရပါတယ်။

ကုလားပဲသီးနှံမှာ မင်းတုန်း၊ ကံမ၊ ပန်းတောင်းဖက်မှ အဝင်များလို့ တစ်ရက်အိတ် ၇၀၀ ကျော်အထိ ဝင်ရောက်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ ဈေးအတက်အကျသိပ်မဖြစ်ဘဲ ယခင်တစ်ပတ်က ဈေးအတိုင်း တစ်တင်း ၃၁၅၀၀ ကျပ်ဖြင့် ခွဲစက်သမားနှင့် လှောင်သမားလည်း အနည်းငယ်ဝယ်ယူခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က ပဲအထွက်လှိုင်ချိန် ကုလားပဲဈေးမှာ တစ်တင်း ၁၈၀၀၀ ကျပ်သာရရှိပြီး အခြားအဝယ်သွက်တဲ့ပဲထဲမှာလည်း ဈေးအေးခဲ့တဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ ယခုနှစ်ကတော့ မတ်ပဲ၊ ပဲစင်းငုံတို့ ဈေးကို မမီပေမယ့် ဈေးကောင်းနေတဲ့သီးနှံ အမျိုးအစားထဲမှာ ပါဝင်ခဲ့ပါတယ်။

ပဲကြီးသီးနှံများမှာ မတ်ပဲကဲ့သို့ ထွက်ရှိမှုများတဲ့အတွက် ပဲဝင်ရောက်မှုကလည်း အိတ် ၁၀၀၀ ကျော် ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပြည်-အောင်လံမြို့နယ်တို့မှ ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ပဲကြော်ဖိုလုပ်ငန်းသမားနှင့် လှောင်သမားဝယ်လက်များ ဝယ်ယူခဲ့ကြလို့ ဒီတစ်ပတ်အတွင်း ပဲဈေး အနည်းငယ်ပြန်မြင့်လာကာ (ရွှေကျွန်း) တစ်တင်း ၂၅၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၃၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ အခြားပဲများကို ယခုနှစ်မှာ ယခင်နှစ်ကာလတူဈေးနဲ့ယှဉ်ရင် ဈေးကောင်းရနေသော်လည်း ပဲကြီးသီးနှံဈေးကတော့ ယခုကာလမှာ ယခင်နှစ်ဈေးနဲ့ ကွာခြားမှုမရှိခဲ့တာကိုလည်း တွေ့ရပါတယ်။

ထောပတ်ပဲသီးနှံမှာ ယခုလအတွင်း ပဲအဝင်များလာသော်လည်း အရောင်းအဝယ်ဖြစ်မှုနည်းခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးကလည်း တစ်တင်း ၁၅၀၀၀ ကျပ်ဖြင့် ဈေးကွက်မှာ ဈေးအနိမ့်ဆုံးရခဲ့သလို အရောင်းအဝယ် လည်းအေးနေခဲ့ပါတယ်။ ပြည်ခရိုင်အတွင်းရှိ ထောပတ်ပဲသီးနှံကို ရွှေတောင်မြို့နယ်တွင်သာ အများဆုံး စိုက်ပျိုးမှုရှိခဲ့ကြပြီး၊ ပန်းတောင်းမြို့နယ်မှာလည်း ဧကအနည်းငယ်စိုက်ပျိုးကြကာ အခြားမြို့နယ်များမှာတော့ မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲစင်းငုံသီးနှံများကို အများအပြားစိုက်ပျိုးကြတယ်လို့ သိရပါတယ်။

ပဲပုပ်သီးနှံမှာတော့ ယခုလအတွင်း ပဲအဝင်မရှိသလောက် ဖြစ်ခဲ့ပေမယ့် လက်ကျန်ပဲများရှိတာကြောင့် လက်လီဝယ်ယူသူများဖြင့် အိတ်အနည်းငယ်အရောင်းအဝယ်ဖြစ်ခဲ့ကြသော်လည်း ပဲဈေးမှာ တစ်တင်း ၁၉၀၀၀ ကျပ်မှ ၁၉၅၀၀ ကျပ်ခန့်သာ ရရှိခဲ့တဲ့အတွက် ယခင်နှစ်က ဈေးထက် တစ်တင်း ၃ ထောင်ခန့်သာ ပိုရရှိခဲ့ပါတယ်။ ပဲပုပ်သီးနှံဟာ အခြားပဲများကဲ့သို့ ဈေးအတက်အကျသိပ်မဖြစ်ခဲ့ဘဲ တစ်နှစ်တာလုံး ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့တာကိုလည်း တွေ့ရပါတယ်။

ယခုမတ်လ စတုတ္ထပတ်အတွင်း ပြည်ပဲဈေးကွက်မှာ မတ်ပဲသီးနှံဈေးအမြင့်ဆုံး ဖြစ်ပေမယ့် ပဲစင်းငုံသီးနှံက တော့ ပြည်ပဝယ်လိုအားအပေါ် မူတည်၍ အဝယ်လိုက်နေတာကြောင့် ဈေးလည်း တရိပ်ရိပ်တက်လာနေကာ ပြည်တွင်းဝယ်လက်ပဲထဲမှာ ပဲကြီးသီးနှံက ဈေးကောင်းရလျက်ရှိသလို မတ်ပဲနှင့်အပြိုင် အရောင်းအဝယ် သွက်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**



# ပြည်ဘိုကိတ် ဈေးအေးနေသော်လည်း ယခင်နှစ်ကဈေးထက်ပို

ပြည်ပဲဈေးကွက်မှာ ဆောင်းပဲများအနေဖြင့် ပြည်ပဝယ်လက်ပဲများဖြစ်သော မတ်ပဲနဲ့ ပဲစင်းငုံသီးနှံ အဝင်များခဲ့သလို ပြည်တွင်းဝယ်လက်ပဲမှာလည်း ကုလားပဲနဲ့ ပဲကြီးသီးနှံများ ဝင်ရောက်မှုများခဲ့ပြီး ဘိုကိတ်ပဲ သီးနှံမှာတော့ ပဲသိပ်အဝင်မရှိတော့ဘဲ တစ်ရက်အိတ် ၅၀ ကျော်သာ ဝင်ရောက်လာပါတယ်။

ဘိုကိတ်ပဲကို ရန်ကုန် အဝယ်ရှိသလို ဒေသတွင်းဝယ်လက်များလည်း ဝယ်ယူလျက်ရှိခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ၂၁၀၀၀ ကျပ်ဖြင့် ပဲသစ်ပေါ်စအချိန်က ဈေးထက် ဈေးလျော့နည်းသွားပေမယ့် ယခင်နှစ်က မတ်လအတွင်း ရရှိခဲ့သော ဈေးထက်တော့ ဈေးပိုရခဲ့ပါတယ်။ ယခင်နှစ်က မတ်လအတွင်း ရရှိခဲ့သော ပဲလွန်းဖြူဈေးမှာ တစ်တင်း ၁၅၅၀၀ ကျပ်သာ ရရှိတယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# မတ်လ စတုတ္ထသီတင်းပတ် မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ လယ်ယာထွက်သီးနှံများရဲ့ ဈေးနှုန်းနဲ့ ဈေးကွက်

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ နေ့စဉ် (ဥပုသ်နေ့မှအပ) အနယ်နယ်အရပ်ရပ်မှ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ၊ ကိုယ်စားလှယ်များလာရောက်ပြီး လယ်ယာထွက်ကုန်သီးနှံ အမျိုးအမယ်ပေါင်း ၇၀ ကျော်လာရောက်အရောင်းအဝယ်ပြုလုပ်ရာ မတ်လ စတုတ္ထအပတ် အရောင်းအဝယ်ဖြစ်မှု အခြေအနေဈေးနှုန်းနဲ့ ယခင်လကာလတူ ဈေးနှုန်းများကို နှိုင်းယှဉ်ပါက-

**တစ်ပိဿာဈေး-ကျပ်**

| သီးနှံအမည် | ၂/၂၀၁၆ | | ၃/၂၀၁၆ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်းရွှေဝါ | ၂၁၃၃ | ၂၁၆၉ | ၁၈၁၃ | ၁၈၈၄ |
| ပဲလွန်းဖြူ | ၁၂၅၀ | ၁၃၃၃ | - | ၁၁၈၃ |
| ပဲကြီး | ၁၄၄၈ | ၁၅၀၂ | ၁၂၈၅ | ၁၃၈၅ |
| ပဲနီပြား | ၁၇၇၄ | ၁၈၁၀ | - | ၁၂၆၇ |
| ပဲပုပ် (ဗမာ) | - | ၈၉၂ | - | ၉၉၅ |
| ထောပတ် | ၁၁၅၆ | ၁၂၄၄ | ၉၇၈ | ၁၁၂၀ |
| ပဲဇီးကွက် | - | ၈၅၈ | - | ၇၉၀ |
| နိုင်လွန်ပဲ | - | ၉၂၈ | ၈၆၁ | ၈၉၅ |
| မြေထောက်ပဲ | ၁၁၈၅ | ၁၂၀၄ | ၁၀၀၀ | ၁၀၇၄ |
| မတ်ပဲ | ၂၄၃၃ | ၂၄၅၀ | - | ၂၃၃၃ |
| ပဲစင်းငုံနီ | ၂၀၃၃ | ၂၀၄၂ | ၂၂၀၀ | ၂၂၀၈ |
| ကုလားပဲဖြူကြီး | - | ၁၃၆၂ | - | ၁၅၇၂ |
| ကုလားပဲထိုင်ဝမ် | - | ၁၃၁၅ | - | ၁၅၈၂ |
| ပြောင်းဖူးစေ့ (ရှမ်း) | ၄၅၀ | ၄၅၄ | - | ၄၄၄ |
| ပြောင်းဖူးစေ့ (စီပီ) | ၄၅၇ | ၄၆၃ | - | ၄၅၄ |
| ထွက်တိုးပြောင်း | - | ၄၃၄ | - | ၅၂၈ |
| ဆန်ပြောင်း | - | ၅၄၀ | - | ၅၄၀ |
| ပဲယင်း | - | ၇၈၃ | ၇၁၇ | ၇၃၃ |
| နှမ်းဖြူ | ၁၉၅၆ | ၂၀၆၇ | ၁၉၅၆ | ၂၀၂၂ |
| နှမ်းညို | ၁၆၆၇ | ၁၈၂၂ | ၁၆၂၂ | ၁၇၃၃ |
| နှမ်းနက် | ၂၇၇၈ | ၃၆၆၇ | ၂၃၃၃ | ၂၆၆၇ |
| နှမ်းနက် (စမုံ) | ၄၀၀၀ | ၄၂၂၂ | ၃၆၆၇ | ၄၀၂၂ |
| ပန်းနှမ်း | - | ၂၃၃၃ | ၁၉၅၆ | ၂၀၂၂ |
| မြေပဲဆန် (S1 လုံးဆန်) | ၂၄၅၀ | ၂၆၂၅ | ၂၄၅၀ | ၂၆၇၅ |

ပြည်ပ (တရုတ်) ဝယ်ယူမှုနဲ့ ဒေသတွင်းပဲခွဲစက်၊ ပဲသန့်စင်စက်များရဲ့ ဝယ်ယူမှုကြောင့် ပုံမှန်အရောင်းအဝယ်ဖြစ်ပါတယ်။ ယခုသီတင်းပတ်မှာ ပဲတီစိမ်းရွှေဝါ တစ်ပိဿာ ၁၈၈၄ ကျပ် (တစ်တန် ၁၁၅၃၇၄၂ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူ ဈေးနှုန်းအောက် တစ်ပိဿာ ၂၈၅ ကျပ် (တစ်တန် ၁၇၄၅၃၁ ကျပ်) ဈေးအေးပြီး နေ့စဉ် သုံးတင်းအိတ် ၆၀၀ ကျော်၊ ပဲလွန်းဖြူ တစ်ပိဿာ ၁၁၈၃ ကျပ် (တစ်တန် ၇၂၄၄၅၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးအောက် တစ်ပိဿာ ၁၅၀ ကျပ် (တစ်တန် ၉၁၈၅၉ ကျပ်) ဈေးအေးနဲ့ နေ့စဉ်သုံးတင်းအိတ် ၁၅၀ ခန့်၊ ပဲယင်း တစ်ပိဿာ ၇၃၃ ကျပ် (တစ်တန် ၄၄၈၈၈၂ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူ ဈေးနှုန်းအောက် တစ်ပိဿာ ၅၀ ကျပ် (တစ်တန် ၃၀၆၂၀ ကျပ်) ဈေးအေးပြီး နေ့စဉ် သုံးတင်းအိတ် ၁၀၀ ကျော်၊ ပဲကြီး တစ်ပိဿာ ၁၃၈၅ ကျပ် (တစ်တန် ၈၄၈၁၆၀ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၁၁၇ ကျပ်(တစ်တန် ၇၁၆၅၀ ကျပ်) ဈေးအေးနဲ့ နေ့စဉ် သုံးတင်းအိတ် ၅၀၀ ခန့်၊ ပဲနီပြား တစ်ပိဿာ ၁၂၆၇ ကျပ် (တစ်တန် ၇၇၅၈၉၈ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူ ဈေးနှုန်းအောက် တစ်ပိဿာ ၅၄၃ ကျပ် (တစ်တန် ၃၃၂၅၂၈ ကျပ်) ဈေးအေးပြီး နေ့စဉ် သုံးတင်းအိတ် ၄၀၀ ခန့်၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၉၉၅ ကျပ် (တစ်တန် ၆၀၉၃၂၈ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအထက် တစ်ပိဿာ ၁၀၃ ကျပ် (တစ်တန် ၆၃၀၇၆ ကျပ် )ဈေးမာနဲ့ နေ့စဉ် သုံးတင်းအိတ် ၂၅၀ ကျော်၊ ထောပတ်ပဲ တစ်ပိဿာ ၁၁၂၀ ကျပ် (တစ်တန် ၆၈၅၈၇၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၁၂၄ ကျပ် (တစ်တန် ၇၅၉၃၆ ကျပ်)ဈေးအေးပြီး နေ့စဉ် သုံးတင်းအိတ် ၄၀၀ ခန့်၊ ပဲဇီးကွက် တစ်ပိဿာ ၇၉၀ ကျပ် (တစ်တန် ၄၈၃၇၈၈ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူ ဈေးနှုန်းအောက် တစ်ပိဿာ ၆၈ ကျပ် (တစ်တန် ၄၁၆၄၃ ကျပ်) ဈေးအေးနဲ့ နေ့စဉ် သုံးတင်းအိတ် ၁၅၀ ကျော်၊ နိုင်လွန်ပဲ တစ်ပိဿာ ၈၉၅ ကျပ် (တစ်တန် ၅၄၈၀၈၉ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးအောက် တစ်ပိဿာ ၃၃ ကျပ် (တစ်တန် ၂၀၂၀၉ ကျပ်)ဈေးအေးပြီး နေ့စဉ် သုံးတင်းအိတ် ၁၀၀ ကျော်၊ မြေထောက်ပဲ တစ်ပိဿာ ၁၀၇၄ ကျပ် (တစ်တန် ၆၅၇၇၀၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၁၃၀ ကျပ် (တစ်တန် ၇၀၆၁၁ ကျပ်)ဈေးအေးနဲ့ နေ့စဉ် သုံးတင်းအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ပြည်ပ (အိန္ဒိယ ) ဝယ်လက်နဲ့ ရန်ကုန်ဝယ်လက်၊ လှော်လက်ဆွဲအားအေးတဲ့အတွက် မတ်ပဲ၊ ပဲစင်းငုံနဲ့ ကုလားပဲ အရောင်းအဝယ်အေးပေမယ့် ယခင်လဈေးနှုန်းအထက်မှာရှိနေပြီး ပြည်တွင်း (ဒေသတွင်း) ပဲခွဲစက်နဲ့ လှော်လက်များ ဝယ်ယူမှုရှိကြောင်း သိရပါတယ်။ ယခုသီတင်းပတ်မှာ မတ်ပဲ တစ်ပိဿာ ၂၃၃၃ ကျပ် (တစ်တန် ၁၄၂၈၇၀၆ ကျပ်)နဲ့ နေ့စဉ်သုံးတင်းအိတ် ၅၀၀ ကျော်၊ ပဲစင်းငုံနီ တစ်ပိဿာ ၂၂၀၈ ကျပ် (တစ်တန် ၁၃၅၂၁၅၇ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၄၀၀ ခန့်၊ ကုလားပဲဖြူကြီး တစ်ပိဿာ ၁၅၇၂ ကျပ် (တစ်တန် ၉၆၂၆၇၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအထက် တစ်ပိဿာ ၂၁၀ ကျပ် (တစ်တန် ၁၂၈၆၀၂ ကျပ်)ဈေးမာသလို ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၁၅၈၂ ကျပ် (တစ်တန် ၉၆၈၈၀၁ ကျပ်)နဲ့အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအထက် တစ်ပိဿာ ၂၆၇ ကျပ် (တစ်တန် ၁၆၃၅၀၈ ကျပ်)ဈေးမာနဲ့ ကုလားပဲနှစ်မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၄၄ ကျပ် (တစ်တန် ၂၇၀၉၀၁ ကျပ်)၊ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၄၅၄ ကျပ် (တစ်တန် ၂၇၈၀၂၅ ကျပ်)၊ ထွက်တိုးပြောင်း တစ်ပိဿာ ၅၂၈ ကျပ် (တစ်တန် ၃၂၃၄၂ ကျပ်)၊ ဆန်ပြောင်း တစ်ပိဿာ ၅၄၀ ကျပ် (တစ်တန် ၃၃၀၆၉၁ ကျပ်)နဲ့ အဆိုပါ ပြောင်းဖူးစေ့ ၄ မျိုးပေါင်း နေ့စဉ် သုံးတင်းအိတ် ၁၄၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံတစ်ခုဖြစ်တဲ့ နှမ်းရောင်စုံများရဲ့ ယခုနှစ် မတ်လ စတုတ္ထပတ်မှာ အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းမှာ နှမ်းဖြူ တစ်ပိဿာ ၂၀၂၂ ကျပ်(တစ်တန် ၁၂၃၈၂၅၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၄၅ ကျပ် (တစ်တန် ၂၇၅၅၈ ကျပ်) ဈေးအေးလျက်လည်းကောင်း၊ နှမ်းညို တစ်ပိဿာ ၁၇၃၃ ကျပ် (တစ်တန် ၁၀၆၁၂၇၂ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူ ဈေးနှုန်းအောက် တစ်ပိဿာ ၈၉ ကျပ် (တစ်တန် ၅၄၅၀၃ ကျပ်) ဈေးအေးလျက်လည်းကောင်း၊ နှမ်းနက် တစ်ပိဿာ ၂၆၇၇ ကျပ် (တစ်တန် ၁၆၃၉၃၆၈ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်း အောက် တစ်ပိဿာ ၁၀၀၀ ကျပ် (တစ်တန် ၆၁၂၃၉၀ ကျပ်)ဈေးအေးလို့ ဈေးကွာဟချက်ကြီးမားပြီး၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၄၀၂၂ ကျပ် (တစ်တန် ၂၄၆၃၀၃၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူ ဈေးနှုန်းအောက် တစ်ပိဿာ ၂၀၀ ကျပ် (တစ်တန် ၁၂၂၄၇၈ ကျပ်) ဈေးအေးပြီး ပန်းနှမ်းတစ်ပိဿာ ၂၀၂၀၀ ကျပ် (တစ်တန် ၁၂၃၈၂၅၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်ကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၃၁၁ ကျပ် (တစ်တန် ၁၉၀၄၅၃ ကျပ်) ဈေးအေးလျက် အဆိုပါ နှမ်းရောင်စုံ ငါးမျိုးစုံ နေ့စဉ် သုံးတင်းအိတ် ၁၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ အခြားဆီထွက်သီးနှံတစ်ခုဖြစ်တဲ့ မြေပဲဆန် (S1 လုံးဆန်) တစ်ပိဿာ ၂၆၇၅ ကျပ် (တစ်တန် ၁၆၃၈၁၇၃ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်ကာလတူဈေးနှုန်းအထက် တစ်ပိဿာ ၅၀ ကျပ် (တစ်တန် ၃၀၆၂၀ ကျပ်) ဈေးမာလျက် နေ့စဉ်သုံးတင်းအိတ် ၃၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဒီတစ်ပတ် ကျွန်တော်တို့ ကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲအများစုက အရင်လဈေးအောက်ကို ရောက်ပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊ ပဲများအနက် ပဲပုပ် (ဗမာ)၊ ပဲစင်းငုံနီ၊ ကုလားပဲ၊ အထွက်တိုးပြောင်းနဲ့ မြေပဲဆန်တွေက အရင်လဈေးထက် ဈေးစွာပေမယ့် ကွာဟမှုက မကြီးမားကြောင်း၊ တကယ်ဈေးအေးပြီး ဈေးကွာဟတာက နှမ်းနက်၊ နှမ်းနက် (စမုံ)၊ ပဲကြီးနဲ့ ပဲနီပြားတို့ဖြစ်ကြောင်း၊ ပြောင်းဖူးစေ့များကို တရုတ်မှ ဝယ်ယူမှုရှိပေမယ့် ဒေသတွင်းလှောင်လက်၊ တိရစ္ဆာန်အစာစပ်လုပ်ငန်းများမှ ပုံမှန်ဝယ်ယူမှုရှိလို့ ပြည်ပတင်ပို့မှု နည်းပါးကြောင်း၊ ဆီထွက်သီးနှံများဖြစ်တဲ့ နှမ်းရောင်စုံနဲ့ မြေပဲများကိုလည်း ဒေသတွင်း ဆီစက်များမှ ဝယ်ယူမှုလို့ ပုံမှန်အရောင်းအဝယ်ရှိကြောင်း၊ ရာသီဥတုအလွန်ပူပြင်းတာကြောင့် လှောင်လက်များအနေနဲ့ ရက်ကြာကြာ လှောင်ထားပါက အလေးချိန်ပိုမိုလျော့နည်းမှာဖြစ်ကြောင်း၊ ဒါကြောင့် မြန်မြန်ဝယ်၊ သွက်သွက်ရောင်းနေတာဖြစ်ကြောင်း ကုန်သည်လှောင်လက်ကြီး တစ်ဦးမှ ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

## စစ်ကိုင်းတိုင်းဒေသကြီးမှာ ဆောင်းသီးနှံ အစေ့ထုတ်ပြောင်းနဲ့ မြေထောက်ပဲများ ဈေးကွက်သို့ လှိုင်လှိုင်ဝင်သလို နွေစပါးလျာထားချက်လည်း ပြည့်မီမည်

### အစေ့ထုတ်ပြောင်း အရောင်းအဝယ်ကောင်း

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၅-၂၀၁၆ခုနှစ် ဆောင်းသီးနှံ အစေ့ထုတ်ပြောင်း ဧက၂၆၀၀၀ ကျော်စိုက်ပျိုးပြီး ယခုအချိန်မှာ လှိုင်လှိုင်ထွက်ပေါ်နေပြီဖြစ်လို့ မုံရွာကုန်စည်ဒိုင်သို့ မြောင်မြို့နယ်နဲ့ ချောင်းဦးမြို့နယ်များမှ အစေ့ထုတ်ပြောင်းများ နေ့စဉ်တင်း ၃၀၀၀မှ ၅၀၀၀ ကြား ဝင်ရောက်ပါတယ်။ ဝင်ရောက်သမျှ အစေ့ထုတ်ပြောင်းများကို ဒေသသုံးအပြင် မန္တလေး CP ကုမ္ပဏီနှင့် ရွှေဘို CP ကုမ္ပဏီတို့ကဝယ်ယူသဖြင့် မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ် အကောင်းဆုံးသီးနှံသည် အစေ့ထုတ်ပြောင်း ဖြစ်ကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။ တစ်ဧက တင်း ၇၀ ကျော်ထွက်သော အစေ့ထုတ်ပြောင်း CP888 မျိုးများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကကုန်ကျစရိတ် နှစ်သိန်းဝန်းကျင်ခန့် ကုန်ကျကြောင်း ဝရာကျေးရွာမှ တောင်သူတစ်ဦးက ပြောပြလို့သိရပါတယ်။ ၂၀၁၆ ခုနှစ် မတ်လအတွင်း မုံရွာကုန်စည်ဒိုင်၌ အစေ့ထုတ်ပြောင်း တစ်တင်း ပေါက်ဈေးမှာ ၈၀၀၀ ကျပ်ဝန်းကျင် ဈေးပေါက်ပြီး၊ ယခင်နှစ်ကာလတူပေါက်ဈေးမှာ ၆၆၀၀ ကျပ် ဝန်းကျင် ဈေးပေါက်ခဲ့ပါတယ်။

### မြေထောက်ပဲများ မုံရွာကုန်စည်ဒိုင်သို့ဝင်

ဟုမ္မလင်း၊ ဖောင်းပြင်နှင့် ကလေးဒေသထွက် ဆောင်းစိုက်မြေထောက်ပဲများ မုံရွာကုန်စည်ဒိုင်သို့ တစ်ရက်အိတ် ၂၀၀၀ခန့် ဝင်ရောက်လာကြောင်း SRCCI ရဲ့ တာဝန်ရှိသူတစ်ဦးထံမှ သိရပါတယ်။ မြေထောက်ပဲ တစ်တင်း ၁၇၀၀၀ကျပ်ခန့်ရှိပြီး အရည်အသွေးကောင်းသော်လည်း အလုံးအနည်းငယ် သေးလာတယ်လို့ ကုန်သည်တွေကပြောပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ယခုနှစ် မြေထောက်ပဲစိုက် ဧက ၆၅၀၀၀ ကျော်ရှိခဲ့ကြောင်း သိရပါတယ်။

### နွေစပါး ၁၃ ရာခိုင်နှုန်းစိုက်ပျိုးပြီး

စစ်ကိုင်းတိုင်းဒေသကြီး နွေစပါး ၅၁၀၅၀၀ ဧက လျာထား၍ မတ်လတတိယပတ်အထိ စိုက်ဧက ၆၈၀၀၀ ကျော် ၁၃ ရာခိုင်နှုန်း စိုက်ပျိုးပြီး၊ ကာလတူထက် ဧက ၃၀၀၀ ကျော် ပိုမိုစိုက်ပျိုးနိုင်ကြောင်း သိရပါတယ်။ ယခင်နှစ်က သဖန်းဆိပ်ရေလက်ကျန် နည်းခဲ့သဖြင့် နွေစပါးကို ၁ ဒသမ ၇၅ သိန်းဧကသာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်မှာ သဖန်းဆိပ်ဆည်ရေ မတ်လတတိယပတ်ထိ ဧကပေ ၂၃ သိန်းကျော်ရှိပြီး ကာလတူက ဧကပေ ၁၃သိန်းကျော်သာ ရှိခဲ့ပါတယ်။ သဖန်းဆိပ်ဆည်ရေ လုံလောက်စွာရှိသဖြင့် ယခုနှစ်နွေစပါးတိုင်း လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်မယ်လို့သိရပါတယ်။

**သန်းသန်းတင်-မုံရွာ**

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## ချင်း

### အောင်ပန်းချင်းဈေးကွက် မျိုးချင်းအတွက် အရောင်းအဝယ်သွက်

အောင်ပန်းဈေးကွက်မှာ ချင်း(အသစ်) တွေ ပုံမှန်အဝင်ရှိနေပါတယ်။ ဒီတစ်ပတ်မှာတော့ မျိုးချင်းတွေပိုပြီး အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ အချို့တောင်သူတွေက ပြန်စိုက်ဖို့ အတွက် မျိုးချင်းတွေကို ဝယ်နေလို့ အရောင်းသွက်နေတယ်လို့ သိရပါတယ်။ ဈေးပတ်သမားများကလည်း ပုံမှန်အဆွဲရှိနေပါတယ်။ Export အဆွဲမရှိသေးပေမယ့် အလှူပွဲရာသီဖြစ်လို့ အရောင်းသွက်နေပြီး အဝင်ရှိသလောက် အရောင်းဖြစ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ချင်းပေါက်ဈေးကတော့ ချင်း (ညှံ့စ) က တစ်ပိဿာ ၃၅၀ ကျပ်၊ ပုံမှန်စတွေက တစ်ပိဿာ ၄၀၀ ကျပ်၊ မျိုးချင်းတွေက တစ်ပိဿာကို ၅၀၀ ကျပ်-၅၅၀ ကျပ်ဈေးရှိပါတယ်။ ဈေးပတ်သမားတွေလည်း ပုံမှန်အဆွဲရှိနေတာကြောင့် ဒီတစ်ပတ်ထဲမှာ အရောင်းသွက်နေပါတယ်။ ဈေးကတော့ အရည်အသွေးပေါ် မူတည်ပြီး ကွာသွားပါတယ်။ ဒီတစ်ပတ်အတွင်းမှာ ပိဿာချိန်ပေါင်း ၁ ဒသမ ၅ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။။

ဟိုပုံးဈေးကွက်မှာတော့ ချင်းက အဝယ်မရှိတာကြောင့် ချင်းခြောက်လုပ်ဖို့အတွက် တောင်သူများက ချင်းသစ်များကို ပြန်ပြုတ်နေကြတယ်လို့ သိရပါတယ်။ ချင်းစိုကို ဒီအတိုင်းထားရင် အထားမခံသလို ဝယ်လက်လည်း မရှိတာကြောင့် အထားခံအောင် ချင်းခြောက်ပြုလုပ်ပြီး ဝယ်လက်စောင့်မယ်လို့ သိရပါတယ်။ ချင်းခြောက် တစ်ပိဿာကို ပေါက်ဈေး ၂၀၀၀ ကျပ်ရှိတယ်လို့လည်း သိရှိရပါတယ်။

**စောယုထွေး-တောင်ကြီး**

### ပြည်ချင်းဈေးကွက်တွင် ချင်းအဝင်သွက်နေ

ယခုတစ်ပတ်တွင် ပြည်ချင်းဈေးကွက်အတွင်းရှိ ပွဲရုံများသို့ တောင်ကြီး၊ အောင်ပန်းဘက်မှချင်းများပိဿာ ၃၀ ဝင်အိတ် ၂၀၀ ခန့်အဝင်ရှိပြီး ယခင်တစ်ပတ်ထက် အဝင်များလာပါတယ်။

အဝင်များပေမယ့်လည်း ဈေးနှုန်းမှာ ယခင်တစ်ပတ်အတိုင်း ငြိမ်နေပါတယ်။ နွေရာသီရောက်လာလို့ အလှူပွဲတွေအတွက် နယ်ဝယ်လက် အဝယ်များရှိနေလို့ ပိဿာချိန် ၄၀၀ ခန့်ပုံမှန် အရောင်းအဝယ်ဖြစ်နေပါတယ်။ ဈေးနှုန်းမှာ ချင်းတစ်ပိဿာ (ရှယ်) ၉၀၀ ကျပ်-၈၀၀ ကျပ်၊ (ဂွမ်) ၇၀၀ ကျပ်-၆၀၀ ကျပ်နဲ့ရောင်းဝယ်လျက်ရှိကြောင်း သိရှိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တန် ၂၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်ကုန်သွယ်ရေးဇုန်မှ မတ် ၁၂ ရက်မှ ၁၈ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၄၃ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၂၃ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ မတ် ၁ ရက်မှ ၁၈ ရက်အတွင်းမှာတော့ ကန်ဒေါ်လာ သုည ဒသမ ၃၈၃ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၆၄ တန်ခန့် တင်ပို့ခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းကတော့ ယခုတစ်ပတ်မှာရော မတ် ၁ ရက်မှ ၁၈ ရက်အတွင်းမှာပါ သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်းမရှိဘူးလို့ သိရှိရပါတယ်။

**ခင်မြနွယ်**

## နနွင်း

### နနွင်း တန်ချိန် ၇၀၀ ကျော်တင်ပို့

မတ် ၁၃ ရက်မှ ၁၉ ရက်သီတင်းပတ်အတွင်း နနွင်း ၇၂၆ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၇၆ တန်၊ အိန္ဒိယသို့ ၁၁၃ တန်၊ မလေးရှားသို့ ၃၅၅ တန်နဲ့ စင်ကာပူနိုင်ငံသို့ ၈၂ဒသမ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နနွင်းတန်ချိန် ၂၁၀ ကျော်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန်၅၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၅၃၄၅၈၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### နနွင်းတက် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ မတ် ၁၂ ရက်မှ ၁၈ ရက်တာကာလအတွင်း နနွင်းတက် (ရှမ်းစ) ၂၁၄ တန်ခွဲကို ကန်ဒေါ်လာ ၁၅၇၀၀၃ တန်ဖိုးတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ် ကုန်သွယ်ရေးဇုန်ကနေ နနွင်းတက် ၁၀၄ တန်ခွဲသာ တင်ပို့ခဲ့လို့ ယခုတစ်ပတ် နနွင်းတင်ပို့မှု တန် ၁၁၀ ထိပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက်တစ်တန်ရဲ့ မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) ၈၇၃၅၀၂-၈၉၇၆၈၂ ကျပ်ဝန်းကျင်ခန့်ရှိတယ်လို့ သိရပါတယ်။

စိုက်ပျိုးထားတဲ့ နနွင်းတက်တွေကို ဈေးကွက်ဝင်ရောင်းချရာမှာ မြေအောက်မှ တူးဖော်သန့်စင်ထားပြီးသား နနွင်းတက်များကို ရေနွေးနဲ့ပြုတ်၍ အခြောက်လှန်းပြီး တစ်ပိဿာကို ၃၀၀၀ ကျပ်နဲ့ ကြိတ်ပါက အခြောက်နနွင်းတက်တွေကို အမှုန့်ကြိတ်ဈေးကတော့ တစ်ပိဿာကို ၆၀၀၀ ကျပ်ခန့် ဈေးရရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

### အောင်ပန်းနနွင်းဈေးကွက် အသစ်အဝင်မလှိုင်သေးဘဲ ယခင်နှစ်လက်ကျန်ကို ထုတ်ရောင်းနေ

အောင်ပန်းဈေးကွက်မှာ နနွင်းအဝင်မလှိုင်သေးဘဲနည်းနည်းချင်း ပုံမှန်အဝင်ရှိနေပါတယ်။ နနွင်းက ခုမှစဖော်တာကြောင့် အချို့တောင်သူတွေက ဈေးစောင့်ရင်းပစ္စည်းစုနေကြတယ်လို့ သိရပါတယ်။ အရောင်းအဝယ်ကတော့ အသစ်ဝင်နေပေမယ့် မနှစ်ကလက်ကျန်တွေသာ ထုတ်ရောင်းနေကြတယ်လို့ သိရပါတယ်။ နနွင်းပေါက်ဈေးကတော့ ပုံမှန်စ တစ်ပိဿာ ၁၂၀၀ ကျပ်-၁၃၀၀ ကျပ်ဈေးရှိပါတယ်။ ဆင်တောင်နနွင်းကတော့ တစ်ပိဿာကို ၂၅၀၀ ကျပ်ဈေးရှိပါတယ်။ ဟိုပုံးဈေးကွက်မှာတော့ နနွင်းအသစ်တွေက ပုံမှန်အဝင်ရှိနေပါတယ်။ ဒီတစ်ပတ်မှာတော့ တရုတ်ဝယ်လက်ရှိတာကြောင့် ပိဿာချိန် နှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်သွားတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းပေါက်ဈေးကတော့ တစ်ပိဿာကို ၁၇၀၀ ကျပ်-၁၇၅၀ ကျပ်ဈေးရှိတယ်လို့ ပွဲရုံများမှ သိရှိရပါတယ်။

**စောယုထွေး-တောင်ကြီး**

## ကြက်သွန်

### ကြက်သွန်နီ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မတ် ၁၂ ရက်မှ ၁၈ ရက်တာ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၆၃၁၆၀ တန်ဖိုးရှိကြက်သွန်နီ ၁၀၃၂ တန်၊ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၅၉၃၆၀ တန်ဖိုးရှိ ကြက်သွန်နီ ၁၅၃ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ တန် ၇၀၀၊ မြဝတီမှ ၁၄၂ တန်ခွဲနဲ့ တာချီလိတ်မှ တန် ၁၀၀ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ကြက်သွန်နီ ၂၄၃ တန်ပိုမိုတင်ပို့နိုင်တာ တွေ့ရပါတယ်။

စလင်းမြို့နယ်အတွင်းရှိ ကြက်သွန်နီစိုက်တောင်သူတွေရဲ့ စိုက်ခင်းများတွင် ကြက်သွန်နီ အထွက်နှုန်းကောင်းသော်လည်း ယခုကြက်သွန်များတူးဖော်ရောင်းချချိန်တွင် ဈေးနှုန်းကျဆင်းနေသဖြင့် တောင်သူတွေ အခက်တွေ့နေကြောင်း၊ အဝယ်ဒိုင်များသို့ ပို့ဆောင်ရောင်းချရာတွင်လည်း ဈေးကောင်းမရလို့ ၎င်းတို့ရဲ့ စိုက်ပျိုးစရိတ်နဲ့ ကြက်သွန်မျိုး ကုန်ကျငွေခန့်ကိုသာ ပြန်လည်ရရှိပြီး အမြတ်ငွေနည်းပါးတာကြောင့် အဆင်မပြေကြကြောင်း သိရပါတယ်။

**မော်မော်အောင်**

### ပြည်ဒေသတွင်း ဆောင်းစိုက်ကြက်သွန်နီများ လှိုင်လှိုင်ထွက်ပေါ်

ယခုတစ်ပတ်တွင် ပြည်ကြက်သွန်နီဈေးကွက်အတွင်းသို့ ပြည်မြို့ပတ်ဝန်းကျင်ဒေသစုံမှ ဆောင်းစိုက်ကြက်သွန်နီများ လှိုင်လှိုင်ထွက်ပေါ်ချိန်ဖြစ်၍ အများအပြား ဝင်ရောက်နေတယ်လို့ သိရပါတယ်။ အဝင်စုစုပေါင်းအနေဖြင့် မကွေး၊ မန္တလေးဘက်နှင့် ဒေသတွင်း ကြက်သွန်အပါအဝင် တစ်ပတ်အတွင်း ပိဿာ ၃၀ ဝင်အိတ် ၇၀၀၀ ခန့်ရှိနေပါတယ်။ ဒေသထွက် ကြက်သွန်နီများကို မြို့တွင်းလက်လီဈေးများတွင် နေ့စဉ် ပိဿာချိန် ၄၀၀ ခန့်ကို အကြီးအလတ်(ဂွမ်)၅၀၀ ကျပ်နဲ့တောင်သူကိုယ်တိုင် ရောင်းချနေကြောင်း သိရပါတယ်။ ပွဲရုံအရောင်းအဝယ်မှာတော့ ဒေသထွက်ရော နယ်ဘက်ကြက်သွန်နီရော မင်းတုန်း၊ ကံမ၊ ဆင်တဲသို့ တင်ပို့မှုအပါအဝင် နေ့စဉ် အိတ် ၂၈၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ဈေးနှုန်းအားဖြင့် ပွဲရုံများတွင် လက်ကားတစ်ပိဿာ (ကြီး) ၃၇၅ ကျပ်၊ (လတ်) ၃၅၀ ကျပ်၊ (သေး) ၃၀၀ ကျပ်နဲ့ လက်လီတစ်ပိဿာ (ကြီး) ၆၀၀ ကျပ်၊ (လတ်) ၅၀၀ ကျပ်၊ (သေး) ၄၀၀ ကျပ်တို့နဲ့ ရောင်းဝယ်လျက်ရှိနေပါတယ်။

**ဝင်းလှဲ့ဝါ-ပြည်**

## မန်ကျည်း

### ပခုက္ကူဈေးကွက်မှာ မန်ကျည်းသီးသစ်များ ဈေးကောင်းရပြီး အရောင်းအဝယ်သွက်နေ



ပခုက္ကူ ဈေးကွက်အတွင်းသို့ နယ်စုံမှ မန်ကျည်းသီးအသစ်များ ဝင်ရောက်လျက်ရှိနေပါတယ်။ မန်ကျည်းသီးထွက်ရှိတဲ့ ဒေသများဖြစ်တဲ့ မြိုင်၊ ပေါက်၊ ရေစကြိုမြို့နယ်များမှ မန်ကျည်းသီး အသစ်အတောင့်များ တစ်နေ့လျှင် ပိဿာချိန် ၅၀၀၀ မှ ၁၀၀၀၀ အထိ ဝင်ရောက်လျက်ရှိပြီး တရုတ်ပြည်သို့တင်ပို့ရန် ဝယ်ယူနေတာကြောင့် ဝင်လာသမျှ မန်ကျည်းသီးအတောင့်များအားလုံး အရောင်း အဝယ်သွက်နေပါတယ်။ မန်ကျည်းသီးတောင့် အစေ့ပါ တစ်ပိဿာကို ၉၆၀ ကျပ်မှ မတ် ၂၄ ရက်တွင် ၁၀၅၀ ကျပ်ဈေးအထိ ရရှိနေပါတယ်။ အစေ့မပါ မန်ကျည်းသီး တစ်ပိဿာကို ၁၈၀၀ ကျပ်ဈေးနဲ့ ရောင်းချလျက်ရှိပါတယ်။ ယခင်နှစ်ကာလတူဈေးမှာ မန်ကျည်းသီးတောင့်အစေ့ပါ တစ်ပိဿာ ၆၀၀ ကျပ်မှ ၆၅၀ ကျပ်သာ ရရှိခဲ့သော်လည်း ယခုနှစ်တွင် ဈေးကောင်းပိုမိုရရှိခဲ့ကြောင်း သိရှိရပါတယ်။

**ချယ်ရီမြင့်-ပခုက္ကူ**

### ဒေသတွင်း အထွက်လျော့လို့ ပြည်မြို့မန်ကျည်း ဈေးအနည်းငယ်မာ

ယခုတစ်ပတ် မတ်လစတုတ္ထပတ်ရဲ့ မန်ကျည်းမှည့်ပွဲရုံ(ဈေးကြီး)မှာ ပြည်မြို့အနီးဒေသတွင်းမှ မန်ကျည်းမှည့်များနှင့် ပြည်မြို့အနောက်ဘက်ခြမ်း ဆင်တဲ၊ ပန်းတောင်းနဲ့ ကျီးသဲ၊ ရွှေတောင်မြို့များမှ ဝင်ရောက်လာပါတယ်။ ပိဿာချိန် ၁၅၀၀ ကျော် ပုံမှန်ဝင်ရောက်နေပြီး ရခိုင်ပြည်နယ်သို့ အဓိကတင်ပို့နေတာဖြစ် ပါတယ်။ ယခုသီတင်းပတ်မှာတော့ ရခိုင်ပြည်နယ်သို့တင်ပို့ရာတွင် ပြည်ပွဲရုံပိုင်ရှင်များမှ အရင်းအနှီးများစွာ ရင်းနှီးခဲ့ရပြီး တင်ပို့ပေးရသောကြောင့် ကြားကုန်သည်များရဲ့ ငွေကြွေးကျန်ထားပေးမှုစာရင်းမှာ ဖောင်းပွလာတဲ့အတွက် တင်ပို့မှုကိုလျှော့ချခဲ့တယ်လို့သိရပါတယ်။

ငွေလက်ငင်းတင်ပို့မှသာ အရောင်းအဝယ် ပြုလုပ်နေတယ်လို့လည်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပါတယ်။ ယခုတစ်ပတ် မန်ကျည်းမှည့် တစ်ပိဿာဈေး (ပွဲရုံဈေး) မှာ အစေ့ပါ ၉၀၀ ကျပ်နဲ့ (အစေ့လွတ်) တစ်ပိဿာလျှင် ၁၇၀၀ ကျပ်ဈေးတို့ဖြစ်ပါတယ်။ ဒေသတွင်း လက်လီသမားများကတော့ ယခုနှစ်မှာ ဒေသတွင်းမန်ကျည်းမှည့် ထွက်ရှိမှုလျော့လာတယ်လို့လည်း ပြောပါတယ်။ ဒါကြောင့် ဈေးကွက်ကိုအဝင် ကျဲလာလို့ ဈေးအနည်းငယ်တက်နေခြင်းဖြစ်ကြောင်း သိရပါတယ်။ ဈေးကွက်တွင်း မန်ကျည်းမှည့် (အသား) တစ်ပိဿာဈေးကတော့ ၂၅၀၀ ကျပ်အထိ ရောင်းချနေပါတယ်။ ရန်ကုန်သို့ ပိဿာချိန် ၅၀၀ နီးပါးတင်ပို့နေပါတယ်။ မန်ကျည်းမှည့်ပွဲရုံပိုင်ရှင်များဟာ ရေလောင်းမန်ကျည်းမှည့်နဲ့ ရေမလောင်းဘဲ နှစ်ရှည်ထားတဲ့မန်ကျည်းမှည့်အပေါ် မှာ ဈေးနှုန်းမတူဘဲ ဈေးကွာခြားမှုရှိကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

# AEC ကို ရင်ဆိုင်မည့် ထိုင်းနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် သော့ချက်ကျသည့် နယ်ပယ် ခြောက်မျိုး

သိန်းမြင့်ဝေ

၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်း (Asean Economic Community - AEC) သို့မဟုတ် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြစ်သည့် တစ်ခုတည်းသော ဈေးကွက် (A single market) ကို ထူထောင်မည် ဖြစ်သည်။ AEC ကို အကောင်အထည်ဖော်ခြင်း၊ တစ်နည်းအားဖြင့် တစ်ခုတည်းသော ဈေးကွက်ကို အကောင်အထည်ဖော်ခြင်းက ထိုင်းအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (Small and Medium Enterprises- SMEs) အတွက် စီးပွားရေးအခွင့်အလမ်းများစွာကို ရရှိနိုင်မည်ဖြစ်သည်။ အကြီးမားဆုံး အကျိုးကျေးဇူးအဖြစ် လူဦးရေသန်း ၆၀၀ ရှိသော ဈေးကွက်ကို ရရှိမည်ဖြစ်သည်။


သို့သော်လည်း SME များအတွက် စိန်ခေါ်မှုအမျိုးမျိုးကိုလည်း ရင်ဆိုင်ဖြေရှင်းရပါမည်။ SME များသည် AEC စီးပွားရေးဝန်းကျင်အတွက် ယှဉ်ပြိုင်နိုင်မှု (Competitiveness) ကို တိုးတက်ရန်အလို့ငှာ သော့ချက်ကျသည့် နယ်ပယ် ခြောက်မျိုးတွင် ယင်းတို့၏ စွမ်းဆောင်ရည်ကို အရေးတကြီးမြှင့်တင်သင့်ကြောင်း ထိုင်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ပြောကြားသည်။ ၂၀၁၃ ခုနှစ် ဩဂုတ် ၁၆ ရက်တွင်ကျင်းပသည့် "AEC and SMEs' Challenges: Next Step" ဟူသော ဆွေးနွေးပွဲ အဖွင့်မိန့်ခွန်းတွင် ထိုင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Niwatthamrong Bonsongpaisan က ထိုကဲ့သို့ ပြောကြားခြင်း ဖြစ်သည်။

"မတူကွဲပြားသော ပထဝီဝင်၊ စီးပွားရေး၊ တည်ငြိမ်မှု၊ လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုများကြားတွင် အတူတကွနေထိုင်ခြင်း (Living together and differences in geography, economy, stability, society and culture)" ဟူသော အကြောင်းအရာကိုလည်း ဝန်ကြီးက ဆွေးနွေးပြောကြားသည်။ ဆွေးနွေးပွဲကို SME များမြှင့်တင်ရေးရုံး၊ စက်မှုဝန်ကြီးဌာနနှင့် ထိုင်းကုန်သည်/စက်မှုအသင်းချုပ်တို့ စုစည်းကျင်းပခြင်းဖြစ်သည်။

အစိုးရသည် ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍနှစ် ခုစလုံးအတွက် အရေးတကြီး လိုအပ်ချက်များကို အလေးထားဖြည့်ဆည်းလျက်ရှိကြောင်း၊အထူးသဖြင့်SME များအတွက် ဖြည့်ဆည်းကြောင်း၊ ပိုမို ယှဉ်ပြိုင်ရမည့်စီးပွားရေးလုပ်ငန်းဝန်းကျင် (More competitive business environment) အတွက် ထိထိ ရောက်ရောက် လည်ပတ်နိုင်ရန် ကြိုတင်ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် AEC ကို ရင်ဆိုင်နိုင်ရန်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

တစ်ခုတည်းသောဈေးကွက်အတွက် ထိုင်းနိုင်ငံ၏ အဆင်သင့်ဖြစ်မှုမှာ လတ်တလောတွင် ၇၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ AEC အကောင်အထည်ဖော်သည့် ၂၀၁၅ ခုနှစ်တွင် အဆင်သင့်ဖြစ်မှုရာခိုင်နှုန်း ပိုမိုများပြားလာရန် မျှော်မှန်းထားကြောင်း Niwatthamrong Bonsongpaisan က ပြောကြားပါသည်။

ထိုင်းနိုင်ငံတွင် SME အရေအတွက်မှာ ၂ ဒသမ ၆ သန်းခန့်ရှိပါသည်။ ယင်းအရေအတွက်သည် တိုင်းပြည်ရှိ စီးပွားရေးလုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းရှိပြီး စုစုပေါင်း အလုပ်အကိုင်ရရှိမှု၏ ၈၀ ရာခိုင်နှုန်းရှိပါသည်။ SME များ၏ဝင်ငွေသည် ထိုင်းနိုင်ငံ GDP ၏ ၃၇ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ထိုင်းနိုင်ငံ ပို့ကုန်တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ထို့ကြောင့်ထိုင်းနိုင်ငံအစိုးရသည် SME များ၏ ယှဉ်ပြိုင်နိုင်မှုကို ထိန်းထားနိုင်ရန်အတွက် ပံ့ပိုးဖြည့်ဆည်းခြင်းဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက အာဆီယံဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်မှုကို မြှင့်တင်ပေးလျက်ရှိကြောင်း ဝန်ကြီးက ဆွေးနွေးပြောကြားပါသည်။



AEC စီးပွားရေးဝန်းကျင် (AEC business environment) အရ ထိုင်း SME များရင်ဆိုင်ရမည့် စိန်ခေါ်မှုများကို ဝန်ကြီးက ထုတ်ဖော်ပြောကြားသည်။ ပထမစိန်ခေါ်မှုမှာ ကုန်စည်များကို လွတ်လွတ်လပ်လပ် ကုန်သွယ်ခြင်း (Free trading of goods) ဖြစ်သည်။ ဆိုလိုသည်မှာ ကုန်သည်အမျိုးအစားများစွာ၏ သွင်းကုန်ခွန်များ (Import tariffs) သည် ၂၀၁၅ ခုနှစ်တွင် သုညသို့ လျှော့ကျပြီး အကောက်ခွန်မဲ့ စီးဆင်းခြင်းဖြစ်သည်။ ထို့ပြင် ဝန်ဆောင်မှုကုန်သွယ်ရေး (Trade in services) ကိုလည်း လွတ်လပ်စွာ ကုန်သွယ်ခွင့်ပြုရမည်ဖြစ်ပါသည်။

ဒုတိယစိန်ခေါ်မှုမှာ ထိုင်းစီးပွားရေးလုပ်ငန်းများ၏ ၇၀ ရာခိုင်နှုန်းအထိ နိုင်ငံခြားသားများကို ပိုင်ဆိုင်ခွင့် ပေးရမည်ဖြစ်သည်။ တတိယစိန်ခေါ်မှုမှာ လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍများတွင် လွတ်လပ်စွာ ကုန်သွယ်ခွင့်ပြုရမည် ဖြစ်ပါသည်။ စတုတ္ထစိန်ခေါ်မှုမှာ လုပ်ငန်းအုပ်စုရှစ်မျိုးတွင် ကျွမ်းကျင် လုပ်သားများကို လွတ်လပ်စွာ ရွှေ့ပြောင်း/စီးဆင်းခွင့်ပေးရမည် ဖြစ်ပါသည်။ နောက်ဆုံးစိန်ခေါ်မှုမှာ အာဆီယံနိုင်ငံများကြား အရင်းအနှီး လွတ်လပ်စွာစီးဆင်းခြင်း ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက အစိုးရအနေဖြင့် SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ် ငါးမျိုးတွင် အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပါသည်။ အဆိုပါနယ်ပယ်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) လူသားအရင်းအမြစ်နှင့် လုပ်သား အရည်အသွေးမြှင့်တင်ရေး(Human resources and labour quality)

(ခ) ငွေကြေးရရှိနိုင်သော နေရာ/ဇာစ်မြစ်များ လက်လှမ်းမီရေး (Access to funding sources)

(ဂ) ထုတ်လုပ်မှုနှင့် နည်းပညာတိုးတက်ရေး (Production and technology capabilities)

(ဃ) ဈေးကွက်ဖော်ဆောင်မှု ပိုမိုထိရောက်ရေး (Effective marketing)

(င) ကောင်းမွန်သော စီးပွားရေးဝန်းကျင် ဖန်တီးရေး (Conductive business environment)

ဆက်လက်၍ AEC ကို ရင်ဆိုင်ရန်နှင့်ပြိုင် ဆိုင်နိုင်မှုတိုး တက်ရန်အတွက် SME များ ဆောင်ရွက်ထားရမည့် သော့ချက်ကျသည့် နယ်ပယ် ခြောက်မျိုးကိုလည်း ဝန်ကြီးကပြောကြားခဲ့သည်။ ၎င်းတို့မှာ-

(က) ထိရောက်သော စီးပွားရေးတိုးချဲ့မှု မဟာဗျူဟာများ ချမှတ်ကျင့်သုံးခြင်း၊

(ခ) ထုတ်လုပ်မှုစွမ်းအား မြှင့်တင်ခြင်းနှင့် ထုတ်လုပ်မှုစရိတ်များ လျှော့ချခြင်း၊

(ဂ) ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးကို မြှင့်တင်ခြင်း၊

(ဃ) လက်ရှိဈေးကွက်များကို ထိန်းထားခြင်း၊ ဈေးကွက်သစ်များဖော်ထုတ်ခြင်းနှင့် ဈေးကွက်သုတေသနများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(င) ပြည်တွင်းပြည်ပတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊

(စ) ကုန်ထုတ်လုပ်မှုအဆင့်တိုင်းအတွက် စီးပွားရေးမိတ်ဖက်များ ရှာဖွေခြင်းတို့ ဖြစ်ပါသည်။

**Source: The Nation**

## ပလတ်စတစ်ထုတ်လုပ်တဲ့ စက်ပစ္စည်းများ တင်သွင်းခြင်းအပေါ် အိန္ဒိယအစိုးရက တန်ပြန်စုပုံခွန်ကောက်ခံသွားမည်

ပြည်တွင်းလုပ်ငန်းများကို အကာအကွယ်ပေးရန်အတွက် အိန္ဒိယအစိုးရသည် ပလတ်စတစ်ပစ္စည်း ထုတ်လုပ်သော စက်ပစ္စည်းများ တရုတ် (တိုင်ပေ)၊ မလေးရှား၊ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်စတဲ့ ပြည်ပနိုင်ငံများမှ တင်သွင်းမှုအပေါ် တန်ပြန်စုပုံခွန်ကို ၄၄ ဒသမ ၇ ရာခိုင်နှုန်းအထိ ပြန်လည်ရုပ်သိမ်းခြင်း၊ ထပ်မံအချိန်တိုးခြင်း၊ ပြင်ဆင်ခြင်းတို့ မရှိပါက ငါးနှစ်ကောက်ခံသွားရန် ပြဋ္ဌာန်းတော့မယ်လို့ မတ် ၁၆ ရက်က moneycontrol.com မှာ ဖော်ပြထားပါတယ်။

ပလတ်စတစ်ပစ္စည်းထုတ်လုပ်တဲ့ မည်သည့် စက်မျိုးကိုမဆို သို့မဟုတ် ပုံစံလောင်းတဲ့ စက်ပစ္စည်းများ (ဖိအားသုံး ပုံလောင်းစက်) အပေါ် ပါ စည်းကြပ်သွားမှာဖြစ်ပါတယ်။ စတင်ပြဋ္ဌာန်းခြင်းကို နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းဖော်ပြသွားမှာဖြစ်ပြီး စတင်ကြေညာသည့် အချိန်မှငါးနှစ်ဆက်တိုက်စည်းကြပ်သွားမှာဖြစ်ပြီး အိန္ဒိယရူပီးနဲ့ ပေးဆောင်ရမှာဖြစ်ကြောင်း ယစ်မျိုးနဲ့ အကောက်ခွန်ဘုတ်အဖွဲ့ (CBEC) ပြောပါတယ်။ ဒီပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်သောစက်၊ ပုံသွန်းစက်များ ပြည်ပမှ တင်သွင်းခြင်းကြောင့် ပြည်တွင်း လုပ်ငန်းရှင်များရဲ့ လုပ်ဆောင်ချက်များကို ထိခိုက်စေနိုင်တာကြောင့် ယခုကဲ့သို့ တန်ပြန်စုပုံခွန်ကို ပြဋ္ဌာန်းရခြင်းဖြစ်တယ်လို့ CBEC ကပြောပါတယ်။

ပြည်တွန်းအခွန်များဦးစီးဌာနက ထုတ်ပြန်ရာမှာ တရုတ်(တိုင်ပေ)မှ တင်သွင်းတဲ့ ပလတ်စတစ်ပစ္စည်း ထုတ်လုပ်စက်များအပေါ် တန်ပြန်စုပုံခွန် ၂၇ ဒသမ ၉၈ ရာခိုင်နှုန်း၊ မလေးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံတို့မှ တင်သွင်းတဲ့ အလားတူ စက်ပစ္စည်းများအပေါ် Safeguard ဂျူတီကို ၄၄ ဒသမ ၇၄ ရာခိုင်နှုန်းနဲ့ ၃၀ ဒသမ ၈၅ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံမှတင်သွင်းမှုအပေါ် ၂၃ ဒသမ ၁၅ ရာခိုင်နှုန်း အသီးသီး စည်းကြပ်သွားမှာဖြစ်ပါတယ်။ တန်ပြန် စုပုံခွန်စည်းကြပ်ရခြင်းမှာ မျှတသော ကုန်သွယ်မှုဖြစ်စေရန်နဲ့ ပြည်တွင်းလုပ်ငန်းရှင်များနဲ့ တန်းတူညီမျှဖြစ်စေရန်အတွက် ရည်ရွယ်ပြဋ္ဌာန်းရခြင်း ဖြစ်ပါတယ်။ ပြည်ပမှ တင်သွင်းမှုများကို ကန့်ကွက်ရန် သို့မဟုတ် ထုတ်လုပ်မှု ကုန်ကျစရိတ် မြင့်တက်ခြင်းကို မထိန်းချုပ်နိုင်တဲ့အတွက် လုပ်ဆောင်ခြင်း မဟုတ်ဘူးလို့ သတင်းမှာ ဖော်ပြထားပါတယ်။

**CMK**

## ဓာတ်ဆီ/ဒီဇယ်

# ဓာတ်ဆီ၊ ဒီဇယ် တန် ၆၀၀ ကျော်ဝင်

မတ် ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း လမ်းမှ ကန် ဒေါ်လာ ၂၃၂၉၆၈၄၉ တန်ဖိုးရှိ ဒီဇယ်၄၃၁ ဒသမ ၃၀၅ တန်နဲ့ ကန်ဒေါ်လာ ၁၀၆၉၀၃၇၃ တန်ဖိုးရှိ ဓာတ်ဆီ ၁၈၅ ဒသမ ၈၅၈ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဓာတ်ဆီ၊ ဒီဇယ်အဝင်နားခဲ့ပြီး ဒီတစ်ပတ်မှသာ ပြန်လည်တင်သွင်းလာခဲ့ခြင်းဖြစ်ပါတယ်။ ဒီတစ်ပတ်မှာ 92၊ 95၊ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ် ဈေးများက တောင်ကြီးနဲ့ မော်လမြိုင်၊ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေးတွေ ငြိမ်နေခဲ့တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း(92)၊ အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေ တဲ့ ဈေးမှာဒီဇယ် ၄၈၀ ကျပ်၊ အောက်တိန်း (92) ၅၂၀ ကျပ်၊ အောက်တိန်း(95) ၆၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၃၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါ တယ်။ ဒီတစ်ပတ်မှာ ပြင်ပပီပါ ဈေးများမှာ ဒီဇယ်ရော ဓာတ်ဆီပါဈေး အနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။ မတ် ၂၁ ရက် ဒီဇယ်ဝယ်ဈေး ၉၂၀၀၀ ကျပ်၊ ရောင်းဈေး ၉၆၀၀၀ ကျပ်ဈေးရှိခဲ့ပြီး မတ်၂၄ ရက်တွင် ဝယ်ဈေး၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီပီပါဈေးမှာ မတ် ၂၁ ရက်တွင် ဝယ်ဈေး ၁၃၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၅၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ်၂၄ ရက်တွင် ဝယ်ဈေး ၁၂၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၄၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရော ဓာတ်ဆီပါတစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာဓာတ်ဆီ တစ်လီတာ ၆၄၅ ကျပ်၊ အောက်တိန်း (92) ၄၉၀ ကျပ်၊ ဒီဇယ် ၄၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၄၉၀ ကျပ်၊ အောက်တိန်း (95) ၆၉၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ် ဖြစ်နေတဲ့ ပီပါဈေးများမှာ မတ် ၂၁ရက် ဒီဇယ်ဝယ်ဈေး ၁၀၆၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မတ်၂၄ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ မတ် ၂၁ ရက်ဓာတ်ဆီဈေးမှာ ဝယ်ဈေး ၁၂၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ် ၂၄ ရက်တွင် ဝယ်ဈေးမပြောင်းသော်လည်း ရောင်းဈေး ၁၀၀၀ ကျပ်ဈေးကျခဲ့ တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၁၀၀ကျပ်၊ ဓာတ်ဆီ ၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၂၉၅ ကျပ်၊ အောက်တိန်း ၂၅၂၀ ကျပ် နဲ့ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၄၀၀ ကျပ်၊ အောက်တိန်း ၂၇၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်နေ တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်စက်သုံးဆီဈေးများမှာ ဓာတ်ဆီအနည်းငယ် ဈေးမြင့်ခဲ့ပြီး ဒီဇယ်အနည်းငယ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ်ပုဂ္ဂလိက ဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၂၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလန် ၂၆၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**MIRT-DOT**

# ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်ငြိမ်သက်လျက်ရှိနေ


ပြီးခဲ့သည့် ရက်သတ္တပတ်များစွာက အတက်အကျကြမ်းတမ်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် အနည်းငယ်ငြိမ်သက်လျက်ရှိကြောင်း ပြည်တွင်းငွေလဲဈေးကွက်အတွင်းမှ စုံ စမ်းသိရှိရသည်။

ရန်ကုန်မြို့တွင် စတော့ဈေးကွက်စတင်ဖွင့်လှစ်လိုက်ခြင်း၊ စတော့ဈေး ကွက်တွင် အက်ဖ်အမ်အိုင်ကုမ္ပဏီက ဈေးကွက်ဖွင့်လှစ်ရောင်းချနေခြင်း စသည့် အကြောင်းတရားများကြောင့် ပြည်တွင်းငွေလဲနှုန်းများ ငြိမ်သက်နေရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဘဏ္ဍာနှစ်တစ်နှစ်တာကာလ၏ နောက်ဆုံးရက်များဖြစ်သည့်အတွက်လည်း ပြည်တွင်းငွေလဲဈေးကွက်တွင် အရောင်းအဝယ်များ ငြိမ်သက်နေသည့်အတွက် ငွေလဲနှုန်းများ ငြိမ်သက်နေရခြင်းဖြစ်ကြောင်း ငွေလဲဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

“ဒီတစ်ပတ်ကတော့ တော်တော်လေးကို ထူးခြားတယ်လို့ဆိုရမယ်။ ဈေးကများသောအားဖြင့် ငြိမ်တယ်လို့ ပြောရမယ်။ အတက်အကျကတစ်ကျပ် လောက်ပဲရှိတာကိုး။ ဈေးကွက်ထဲမှာ အရောင်းအဝယ်ကလည်း ဘတ်ဂျက်ပိတ်ချိန်ဖြစ်နေတော့ အရောင်းအဝယ်က တော်တော်လေးကို အေးတယ်။ အရောင်းအဝယ်အေးတဲ့အတွက် ဈေးကျတာထုံးစံလိုပါပဲ။ နောက်ပြီး မတ် ၂၄ရက်က ရန်ကုန်စတော့ဒိုင်စပြီးဖွင့်လှစ်လိုက်သလို အဲဒီမှာ အက်ဖ်အမ်အိုင်က စတော့တွေ စပြီးရောင်းနေတာဖြစ်တဲ့အတွက် ဒီဘက်မှာအရောင်းအဝယ်တော်တော်လေးအေးသွားတယ်”ဟု ပြည်တွင်းငွေလဲဈေးကွက်တွင် ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းငွေလဲစင်တာများတွင် မတ် ၂၁ရက်က ရောင်းဈေး ၁၂၁၀ ကျပ်၊ ဝယ်ဈေး ၁၂၀၅ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိပြီး မတ် ၂၄ရက်တွင် ရောင်းဈေး ၁၂၁၃ ကျပ် ဝယ်ဈေး ၁၂၀၈ကျပ်ရှိခဲ့သည်။ မတ် ၂၅ရက်တွင် ရောင်းဈေး ၁၂၁၀ ကျပ်၊ ဝယ်ဈေး ၁၂၀၆ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည်။ **မယ်သီတာ**

# တစ်ပတ်အတွင်း ပြည်တွင်းရွှေဈေး ကျပ်တစ်သောင်းနီးပါး ကျဆင်း



ပြီးခဲ့သည့်ရက် သတ္တပတ်အတွင်းက ကမ္ဘာ့ရွှေဈေး မြင့်တက်မှုကြောင့် လိုက်ပါမြင့်တက်ခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် ပြန်လည်ကျဆင်းလာခဲ့ပြီး တစ်ပတ်အတွင်း ကျပ်တစ်သောင်းနီးပါး ကျဆင်းလာခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေး ကျဆင်းမှုကြောင့် ပြည်တွင်းရွှေဈေးများ ကျဆင်းလာသည်ဟုဆိုသော်လည်း ရန်ကုန်မြို့တွင် မတ် ၂၄ ရက်က စတော့ရှယ်ယာဈေးကွက် စတင်ဖွင့်လှစ်လိုက်သဖြင့် ရွှေကုန်သည်တချို့မှာ စတော့ဈေးကွက်ဘက်သို့ ခြေဦးလှည့်သွားကြကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

“ကမ္ဘာ့ရွှေဈေးကလည်း လိုက်ပြီးကျနေတယ်။ ဒီတစ်ပတ်ထဲမှာ ကမ္ဘာ့ရွှေဈေးက ၃၅ ဒေါ်လာလောက် ကျသွားသလို ပြည်တွင်းရွှေဈေးကလည်း ကျပ်တစ်သောင်းလောက် ကျသွားတယ်။ အရင်ရက်တွေတုန်းက ရွှေဈေးတက်နေတဲ့အတွက် အရောင်းအဝယ်က မဆိုစလောက်ပဲဖြစ်တယ်။ အခုရက်ပိုင်းမှာတော့ ရွှေဈေးကအကျဘက်ကို ဦးတည်နေတဲ့အတွက် အရောင်းအဝယ်က နည်းနည်းပြန်လှုပ်လာတဲ့သဘောမှာရှိတယ်။ ရန်ကုန်မှာလည်း စတော့ဈေးကွက် စတင်နေပြီဖြစ်တဲ့အတွက် တချို့ရွှေသမားတွေ အဲဒီဘက်ကို လှည့်သွားကြတယ်။ အဲဒါကြောင့်လည်း ရွှေဈေးက ပြန်ကျသွားတာပါ”ဟု ရွှေကုန်သည် ဦးစံမြင့်ကဆိုသည်။

ပြည်တွင်းရွှေဈေးသည် မတ် ၂၁ ရက်က ကျပ် ၇၉၆၅၀၀ ရှိခဲ့ပြီး မတ် ၂၃ ရက်တွင် ကျပ် ၇၉၈၀၀၀ သို့ ပြန်လည်မြင့်တက်ခဲ့သည်။ မတ် ၂၄ ရက်တွင် ကျပ် ၇၉၀၀၀၀ သို့ ကျဆင်းခဲ့ပြီး မတ် ၂၅ ရက်တွင် ကျပ် ၇၈၆၅၀၀ သို့ ဆက်လက်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် မတ် ၂၁ ရက်က ၁၂၅၂ ဒေါ်လာရှိခဲ့ပြီး မတ် ၂၃ ရက်တွင် ၁၂၃၅ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ မတ် ၂၄ရက်တွင် ၁၂၁၈ ဒေါ်လာသို့ ကျဆင်းခဲ့ပြီး မတ် ၂၅ရက်တွင် ၁၂၁၇ ဒေါ်လာသို့ ဆက်လက်ကျဆင်းခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

March 25, 2016

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.336 |
| BDT Bangladesh Taka | 78.20 |
| CAD Canada Dollars | 1.32 |
| CNY China Yuan Renminbi | 6.51 |
| EUR Euro | 0.90 |
| H KDHong Kong Dollars | 7.76 |
| I NR India Rupees | 66.92 |
| I DR Indonesia Rupiahs | 13232.88 |
| JPY Japan Yen | 112.99 |
| MYR Malaysia | 4.03 |
| PKR Pakistan Rupees | 104.72 |
| PHP Philippines Pesos | 46.39 |
| RUB Russia Rubles | 67.89 |
| SGD Singapore Dollars | 1.37 |
| KRWSouth Korea Won | 1169.50 |
| LKR Sri Lanka Rupe | 146.77 |
| THB Thailand Baht | 35.33 |
| GBP United Kingdom Pounds | 0.71 |
| VND VietnamDon | 22326.41 |

*Source : xe.com*

## World Gold Price

March, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 21 | 1240 | 1240 | 1240 |
| 22 | 1244 | 1244 | 1244 |
| 23 | 1216 | 1214 | 1216 |
| 24 | 1216 | 1213 | 1213 |
| 25 | 1216 | 1214 | 1215 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 21-3- 2016 | 797.00 | 796.50 |
| 22-3- 2016 | 797.00 | 796.00 |
| 23-3- 2016 | - | - |
| 24-3- 2016 | 789.50 | 789.40 |
| 25-3- 2016 | 787.00 | 786.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ် ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 21 | 6 .47 | 34.92 | 78.33 | 66.49 |
| 22 | 6. 49 | 34.88 | 78.51 | 66.51 |
| 23 | 6 51 | 35.26 | 78.34 | 66.89 |
| 24 | 6 .51 | 35.35 | 77.34 | 66.89 |
| 25 | 6.46 | 35.33 | 78.30 | 66.92 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 21 - March | 15.76 | 1871.97 | 1524.99 | 5133.41 | 963.00 |
| 22 - March | 15.89 | 1891.23 | 1514.69 | 5147.52 | 979.00 |
| 23- March | 15.26 | 1860.32 | 1481.09 | 5072.70 | 955.00 |
| 24 - March | 15.21 | 1846.66 | 1484.67 | 5073.38 | 955.00 |
| 25 - March | 15.20 | 1823.81 | 1477.51 | 5062.85 | 946.00 |

Source:kitco.com

## Energy NYMEX 25-3-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 39.16 | -0.33 | -0.83 |
| Brent Crude Futr (USD/bbl) | 40.44 | -0.03 | -0.07 |
| Gasoline Rbob Fut (Cent/gal) | 146.59 | 1.18 | 0.81 |
| Natural Gas Futr (USD/MMBtu) | 1.81 | 0.01 | 0.67 |
| Heating Oil Futr (Cent/gal) | 119.79 | -0.61 | -0.51 |

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန် ငါးသောင်းငါးထောင်ကျော် အဝင်ပို

မတ် ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၇၅၇၂၂၇၈ တန်ဖိုးရှိ ဘိလပ်မြေ ၉၂၄၆၆ ဒသမ ၇၁ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၉၂၁၇ ဒသမ ၂၁ တန်၊ အိန္ဒိယမှ ၈၁၃၂ တန်၊ စင်ကာပူမှ တန်ချိန် ၁၆၀၀ နဲ့ ထိုင်းနိုင်ငံမှ ၇၃၅၁၇ ဒသမ ၅ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဆင်၊ စိန်၊ အင်စီး၊ မောင်းတိန်း စတဲ့ ဘိလပ်မြေများဝင်လာခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် သုံးသောင်း ခြောက်ထောင့်ခုနစ်ရာကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင်တန်ချိန် ငါးသောင်းငါးထောင်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။



### ဘိလပ်မြေဈေးကွက် ပုံမှန် အရောင်းအဝယ်ဖြစ်

မတ် ၁၃ ရက်မှ ၁၉ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၉၂၄၆၆ တန်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၃၆၇၁၅ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ၅၅၇၅၀ ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်၂၄၃၈၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၂၉၆၆ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ၁၄၁၅ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီဖြစ်တာကြောင့် အရောင်းအဝယ်ကောင်းပေမယ့် ဈေး ငြိမ်နေဆဲပဲလို့ သိရပါတယ်။ ဈေးငြိမ်နေတာ သုံးပတ်လေးပတ်လောက်ဖြစ်နေပြီလို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၃၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၅၀ ကျပ်၊ စိန် (ထိုင်း)၅၁၇၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာဆင်ဘိလပ်မြေနဲ့ အေသုံးလုံးက ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ စိန်ဘိလပ်မြေ၊ ကမ္ဘောဇနဲ့ နဂါးက ဈေးနည်းနည်းတက်လာပြီး အပါချီက ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ၇၆၀၀ကျပ်၊အပါချီ ၄၉၀၀ ကျပ်၊ ကမ္ဘောဇ ၄၇၀၀ ကျပ်၊ နဂါး ၅၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်းအဝယ် ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်(ထိုင်း)က ဈေးနည်းနည်းတက်ပြီး မြင်းခေါင်းက ဈေးနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၆၈၅၀ကျပ်၊ အပါချီ ၅၃၀၀ ကျပ်၊ မြင်းခေါင်း ၅၃၀၀ ကျပ်၊ ဆင်(မြန်မာ) ၅၅၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေဩဇာ

### ဒီတစ်ပတ်မြေဩဇာ အဝင်ပို

မတ် ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၅၄၀၉၁၄ တန်ဖိုးရှိ မြေဩဇာ ၆၀၄၂ဒသမ ၇၅ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၁၈၉၄ တန်၊ ကိုရီးယားမှ ၄၉၁ ဒသမ ၉၀ တန်၊ ရုရှားမှ တန်ချိန် ၂၈၀ နဲ့ ထိုင်းနိုင်ငံမှ ၃၃၇၆ ဒသမ ၈၅ တန် တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့မြေဆီအမျိုးအစားများမှာ ရွှေနဂါး၊ ကွန်ပေါင်း၊ နိုက်တြိုဂျင်၊ BulK Blend၊ NPK စတဲ့မြေဆီများဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဆီအဝင်မှာ တန်ချိန် ၅၅၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် အဝင်နဲ့ယှဉ်ရင် တန်ချိန် ၅၂၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းအေးနေ

မတ် ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၆၀၄၂ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၅၅၂၁ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၅၂၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာအဝင်မှာ ၂၃၂၃၅ တန်ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ ၂၀၂၁၀ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၀၂၅ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါ တယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှ မြေဩဇာအဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက အရင်တစ်ပတ်က အရောင်းပုံမှန်ရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာ တော့တော်တော်လေး အရောင်းအဝယ် အေးသလို ဈေးလည်း မပြောင်းဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ်လည် (ထိုင်း) ၃၀၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၉၀၀၀ကျပ်၊တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မြေဩဇာများက အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီအချိန်မှာ နွေစပါးနဲ့ နှမ်းစတာတွေလည်း စိုက်နေတာကြောင့် အရောင်းအဝယ် ကောင်းပေမယ့် ဒီတစ်ပတ်မှာ ဈေးငြိမ်နေတယ်လို့ စိုက်ပျိုးရေး အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၈၄၀၀ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်) ၁၈၇၀၀ ကျပ်၊ တီစူပါ (၄၆%-တရုတ်) ၁၇၄၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ ၁၂၈၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ရာသီစိုက်ပျိုးချိန်လည်း မရောက်သေးတာကြောင့် အရောင်းပါးတယ်။ အရောင်းအေးသလို ဈေးလည်းနည်းနည်းကျလာတယ်လို့ သိရပါတယ်။ ဈေးကျတာ ဆင် ၁၀း၁၀း၅၊ အာမို ၁၀း၁၀း၅၊ တီစူပါ၊ ယူရီးယားနဲ့ တောင်သူမတို့ဖြစ်ပါတယ်။ ကျန်မြေဩဇာက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ် နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၃၉၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၃၉၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၄၅၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၉၇၀၀ ကျပ်၊ ယူရီးယား -ပုလဲ (ရွှေတောင်-တရုတ်) ၁၈၇၀၀ ကျပ်၊ ယူရီးယား ၁၈၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၆၈၀၀ ကျပ်၊ တီစူပါ ၁၈၃၀၀ ကျပ်၊ တောင်သူမ ၁၃၅၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာ အရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီနို့မှုန့် အဝင်လျော့

မတ် ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၁၈၀၀၀ တန်ဖိုးရှိနို့ဆီ ၁၂ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီတစ်မျိုးသာ ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ နို့ဆီတန်ချိန် ၂၉၀ ကျော်အထိ တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်မှာ နို့ဆီတော်တော်လေး အဝင်လျော့ခဲ့ပါတယ်။

ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၂၅၉၄၆၄ တန်ဖိုးရှိ နို့မှုန့် ၁၀၁ ဒသမ ၆၀ တန်ကို နယူးဇီလန်နဲ့ ကန်ဒေါ်လာ ၉၄၇၇၄ တန်ဖိုးရှိ နို့မှုန့် ၁၂ ဒသမ၄၂၀ တန်ကို စင်ကာပူမှတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၃၀၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၁၈၀ ကျော်အဝင်လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက ပုံမှန် အရောင်းအဝယ်ရှိပေမယ့် ဒီတစ်ပတ်မှာ မြေဩဇာဈေး ကျလာတယ်လို့ သိရပါတယ်။ ယူရီးယားက ၁၀၀၀ ကျပ်၊ ဓာတ်ဆား တီစူပါ၁၂%နဲ့ တီစူပါ ၁၆%က၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ ၇၀၀ ကျပ်၊ ပိုတက်က ၁၃၀၀ ကျပ်၊ ယူရီးယား(ယူအေအီး)၃၀၀ ကျပ်၊ မြားကမ္ဘာ ၈၀၀ ကျပ် ဈေးကျလာပြီး ယူရီးယား(ပန်းဖူး) ၈၀၀ ကျပ် ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၁၉၀၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်) ၂၁၀၀၀ ကျပ်၊ တီစူပါ၁၂% (တရုတ်)၁၂၀၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၂၅၀၀ ကျပ်၊ တီစူပါ၁၅း၁၅း၁၅(တရုတ်) ၃၈၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅(တရုတ်) ၁၄၃၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်)၁၅၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၅၀၀၀ ကျပ်၊ ယူရီးယား (ယူအေအီး )၁၈၅၀၀ကျပ်၊ မြားကမ္ဘာ ၁၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၃ မှ ၁၈/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၃ မှ ၁၁/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၇၉၄.၂၅ | ၁၇၂၉.၇၅ | (+) | ၆၄.၅၀ |
| ၂။ | လွယ်ဂျယ် | ၉၂၅.၀၀ | ၉၉၅.၀၀ | (-) | ၇၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၃၃၉၂.၀၀ | ၄၉၃၄.၀၀ | (-) | ၁၅၄၂.၀၀ |
| ၅။ | တာချီလိတ် | ၅၇၅၀.၀၀ | ၃၅၂၅.၀၀ | (+) | ၂၂၂၅.၀၀ |
| ၆။ | မြဝတီ | ၁၅၀၂.၅၄ | ၁၅၀၇.၉၀ | (-) | ၅.၃၆ |
| ၇။ | ကော့သောင်း | ၁၀၉၃၈.၀၀ | ၉၉၅၅.၀၀ | (+) | ၉၈၃.၀၀ |
| ၈။ | မြိတ် | ၈၀.၀၀ | ၃၂၀.၀၀ | (-) | ၂၄၀.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၂၄၃၈၁.၇၉ | ၂၂၉၆၆.၆၅ | (+) | ၁၄၁၅.၁၄ |

မြင့်မြင့်မာ MIRT

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၃ မှ ၁၈/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၅/၃ မှ ၁၁/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၁၃၆၇.၀၀၀ | ၁၈၈၁၆.၀၀၀ | (+) | ၂၅၄၁.၀၀၀ |
| ၂။ | လွယ်ဂျယ် | ၆၂.၅၀၀ | ၁၀၀.၀၀ | (-) | ၃၇.၅၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | တာချီလိတ် | ၂၈.၅၀၀ | ၁၂၁.၅၀၀ | (-) | ၉၃.၀၀၀ |
| ၅။ | မြဝတီ | ၃၈၇.၇၅၀ | ၅၈၈.၅၀၀ | (-) | ၂၀၀.၇၅၀ |
| ၆။ | ကော့သောင်း | ၄၉၀.၀၀၀ | ၁၇၄.၅၀၀ | (+) | ၃၁၅.၅၀၀ |
| ၇။ | မြိတ် | - | ၁၀၀.၀၀၀ | (-) | ၁၀၀.၀၀၀ |
| ၈။ | ရိဒ် | ၉၀၀.၀၀၀ | ၃၀၀.၀၀၀ | (+) | ၆၀၀.၀၀၀ |
| | စုစုပေါင်း | ၂၃၂၃၅.၇၅၀ | ၂၀၂၁၀.၅၀၀ | (+) | ၃၀၂၅.၂၅၀ |

တင်တင်ထွန်း MIRT

## နှမ်း/မြေပဲ

# ပြည်မြေပဲဆန် အဝင်လိုင်၊ အရောင်းအဝယ်သွက်ပေမယ့် နှမ်းသီးနှံမှာ လှောင်လက် လက်ဝယ်တွင်သာရှိနေ

ပြည်နှမ်း/မြေပဲဆန်ရောင်းဝယ်ရေးပွဲရုံများရဲ့ ဆီထွက်သီးနှံဈေးကွက်သို့ မြေပဲ (သီးနှံ) များသာအဝင်များလာပြီး နှမ်းသီးနှံမှာ လှောင်လက်တွေရဲ့ လက်ဝယ်အတွင်းသာ ရှိနေပါတယ်။ ဈေးကွက်ဝင်ရောက်မှု လုံးဝမရှိတော့ဘဲ နှမ်းတစ်တင်းပေါက်ဈေးကတော့ (နှမ်းနီ) ၂၆၀၀၀ ကျပ်၊ (နှမ်းနက်) ၄၀၀၀၀ ကျပ်နဲ့ (စမုံနက်) ၅၃၃၃၀ ကျပ်ဈေးဖြစ်ပါတယ်။ နှမ်းဈေးအတက်အကျ အနည်းငယ်မျှသာရှိနေပါတယ်။

မြေပဲဆန်တွေကတော့ ပွဲရုံများမှာ လိုင်လိုင်ဝင်ရောက်နေပြီး ကံမ၊ မင်းတုန်း၊ ပေါက်ခေါင်း စတဲ့မြို့နယ်တွေက ဝင်ရောက်နေခြင်းဖြစ်ပါတယ်။ မြေပဲဆန်အိတ်နေ့စဉ် ၁၈၀၀ ခန့် အဝင်ရှိနေပြီး ဆီဆန်များကို လှောင်လက်သမားများနဲ့ ဆီစက်လုပ်ငန်းရှင်တွေက အဝယ်ရှိနေတာကြောင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ လုံးဆန်များကိုတော့ ရန်ကုန်နဲ့ မန္တလေးသို့ အိတ် ၈၀၀၊ ၉၀၀ တင်ပို့ရကြောင်းလည်း သိရပါတယ်။ ဝင်လာသမျှ မြေပဲဆန်အိတ်တွေအားလုံး အရောင်းအဝယ်ဖြစ်လျက်ရှိနေပါတယ်။ ဈေးနှုန်းများမှာ မြေပဲဆန်တစ်ပိဿာ (လုံးဆန်) အဖြူ ၂၆၀၀ ကျပ်နဲ့ အနီ ၂၂၀၀ ကျပ်တို့ဖြစ်ပြီး ဆီဆန်ကတော့ အဖြူ ၂၀၅၀ ကျပ်နဲ့ အနီ ၁၉၉၀ ကျပ်ဈေးတို့ဖြစ်ကြောင်း သိရပါတယ်။

ပြည်မြို့ရဲ့ ဆီထွက်သီးနှံများကတော့ အရောင်းအဝယ်အားလုံးဖြစ်တဲ့အတွက် ကုန်သည်ပွဲစားနဲ့စိုက်ပျိုးသူ တောင်သူများပါ အကျိုးအမြတ် အသီးသီးရရှိနေကြောင်း သိရပါတယ်။

ဝေဝေမင်း-ပြည်

### တရုတ်နယ်စပ်ရော၊ ထိုင်းနယ်စပ်မှပါ နှမ်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ မတ် ၁၂ ရက်မှ ၁၈ ရက်တာ သီတင်းပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၄၄၈ သန်းဖိုးရှိ နှမ်းနက် ၃၇၃ တန်၊ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄၅၀၄၅ တန်ဖိုးရှိ နှမ်းနက် ၃၂ တန်ကျော်တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က ချင်းရွှေဟော်မှ နှမ်းနက် ၂၂၆ တန်နဲ့ နှမ်းဖြူ ၂၂၃ တန်တင်ပို့ခဲ့လို့ ယခုတစ်ပတ် နှမ်းတင်ပို့မှုလျော့နည်းသွားခဲ့ပါတယ်။ တင်ပို့မှု မရှိသော်လည်း မူဆယ်ကုန်စည်ဒိုင်ရဲ့ နှမ်းဖြူတစ်တန် မိမိဘက်ဈေးမှာ ၁၂၈၅၂၂ ကျပ်နဲ့ နှမ်းနက် တစ်တန်ကို ၁၈၁၅၉၆၇ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ မန္တလေးနှမ်းဈေးကွက်အတွင်း တရုတ်ဝယ်လိုအားကြောင့် နှမ်းရောင်စုံဈေးများမြင့်တက်လာခဲ့ပြီး ၄၅ ပိဿာဝင် နှမ်းတစ်အိတ်ကို ၂၀၀၀ ကျပ်မှ ၇၀၀၀ ကျပ်အထိ မြင့်တက်လာတာတွေ့ရပါတယ်။

မော်မော်အောင်

## စားအုန်းဆီ

# ရင်းဂစ်တန်ဖိုးမြင့်တက်မှုနဲ့ အခြားဟင်းရွက်ဆီဈေးနှုန်းများ ကျဆင်းမှုကြောင့် စားအုန်းဆီဈေးပါကျဆင်း

ရင်းဂစ်တန်ဖိုးမြင့်တက်မှုနဲ့ ပင်လယ်ရပ်ခြားဈေးကွက်တွေမှာ အခြားဟင်းရွက်ဆီ ကြိုရောင်းဈေးနှုန်းများ ကျဆင်းခြင်းနဲ့အတူ ဈေးကွက်အခြေအနေ အပြောင်းအလဲကြောင့် စားအုန်းဆီကြိုရောင်းဈေးနှုန်းများက မတ် ၂၃ ရက်က ကျဆင်းခဲ့ပါတယ်။

ယခုတစ်ကြိမ် ကျဆင်းမှုက ငါးရက်အတွင်း ပထမအကြိမ်အဖြစ်ကျဆင်းတာဖြစ်သလို မတ် ၂၂ ရက်က ရှိခဲ့တဲ့ နှစ်နှစ်အတွင်း အမြင့်ဆုံးဈေးကနေ ကျဆင်းခဲ့တာဖြစ်ကြောင်း ဘီရီကော်ဒါအွန်လိုင်းသတင်းမှာဖော်ပြပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှာ ဇွန်အတွက် စားအုန်းဆီစာချုပ်ဈေးက ဈေးပိတ်ချိန်မှာ သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကိုရင်းဂစ် ၂၇၀၀(အမေရိကန်ဒေါ်လာ ၆၇၆ ဒေါ်လာ) နှုန်းရှိခဲ့ပါတယ်။

စားအုန်းဆီရောင်းချမှုပမာဏက မတ် ၂၃ ရက်မှာ ၂၅ တန်ရှိ အတွဲ ၄၅၀၆၄ တွဲရှိခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်းက တစ်ရက် ပျမ်းမျှရောင်းချနှုန်းဖြစ်တဲ့ ၄၄၆၀၀ တွဲထက်မြင့်တက်ခဲ့ပါတယ်။

"ဈေးကွက်မှာ ဝယ်လိုအားမြင့်တက်ခဲ့ပေမယ့် ရင်းဂစ်တန်ဖိုး ဆက်လက်မြင့်တက်မှုနဲ့ ပင်လယ်ရပ်ခြား ဈေးကွက်မှာ ဟင်းရွက်ဆီဈေးကျဆင်းမှုတွေကြောင့် စားအုန်းဆီဈေးတွေကျဆင်းခဲ့ရပါတယ်" လို့ ကွာလာလမ်ပူအခြေစိုက် ကုန်သည်တစ်ဦးက ပြောပါတယ်။

စားအုန်းဆီကို ရောင်းဝယ်ရာမှာ အသုံးပြုတဲ့ရင်းဂစ်ငွေကြေးတန်ဖိုးက မတ် ၂၃ ရက်ညနေပိုင်းမှာ အမေရိကန်တစ်ဒေါ်လာကို ၃ ဒသမ ၉၉၃၀ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ ငွေလဲနှုန်းအနေတော်အဖြစ် သတ်မှတ်ထားတဲ့ အမေရိကန်တစ်ဒေါ်လာကို ၄ ရင်းဂစ်နှုန်းအောက်သို့ဒေါ်လာတန်ဖိုးကျကာ ရင်းဂစ်တန်ဖိုး ခိုင်မာလာခဲ့ပါတယ်။ ရင်းဂစ်တန်ဖိုးခိုင်မာလာတဲ့အတွက် စားအုန်းဆီကို ဝယ်ယူတဲ့အခါ နိုင်ငံခြားငွေကြေးနဲ့ ပေးချေရသူတို့အတွက် စားအုန်းဆီဈေးက ပိုမိုမြင့်တက်လာစေခဲ့ပါတယ်။ ဒါကြောင့် စားအုန်းဆီဝယ်လိုအား ကိုကျဆင်းစေပါတယ်။

စားအုန်းဆီဈေးနှုန်းက လေးရက်အတွင်း မြင့်တက်ခဲ့ပါတယ်။ ရက်သတ္တပတ်အစကရှိခဲ့တဲ့ဈေးနှုန်းနဲ့ ပြန်လည်နှိုင်းယှဉ်မယ်ဆိုရင် နှစ်ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့ပါတယ်။ စားအုန်းဆီဈေးက မတ် ၂၂ ရက်မှာ တစ်တန်ကို ၂၇၂၆ ရင်းဂစ်နှုန်းအထိရောက်ရှိခဲ့တဲ့အတွက် ၂၀၁၄ ခုနှစ် မတ်လနောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ခဲ့ပါတယ်။ အယ်လ်နီညိုရာသီဥတုကြောင့် အထွက်နှုန်းကျဆင်းပြီး ရောင်းလိုအားတွေကျဆင်းလိမ့်မယ်ဆိုတဲ့ စိုးရိမ်မှုကြောင့် ဈေးနှုန်းတွေပြန်လည်မြင့်တက်ခဲ့တာဖြစ်ပါတယ်။

စားအုန်းဆီရဲ့ အနိမ့်ဆုံးဖြစ်မယ်လို့ ခန့်မှန်းထားတဲ့ဈေးနှုန်း (Support Price) က တစ်တန်ကို ၂၆၉၅ ရင်းဂစ်နှုန်းဖြစ်ပါတယ်။ ယခုအခါ အဆိုပါဈေးနှုန်းကို ကျော်လွန်ကာ အနိမ့်ဆုံးဈေးက တစ်တန်ကို ၂၆၄၅ ရင်းဂစ်အထိ ကျဆင်းခဲ့ကြောင်း ရိုက်တာသတင်းဌာနမှ ကုန်စည်နဲ့စွမ်းအင်လေ့လာဆန်းစစ်ရေးမှူး ဝမ်တာအိုက ပြောပါတယ်။

အခြားဟင်းရွက်ဆီဈေးကွက်တွေဖြစ်တဲ့ တရုတ်နိုင်ငံ ဒါလီယံ ကုန်စည်ဒိုင် (Dalian Commodity Exchange) မှာ စက်တင်ဘာအတွက် ပဲပုပ်ဆီစာချုပ်ဈေးက သုည ဒသမ ၉ ရာခိုင်နှုန်းကျဆင်းပြီး ချီကာဂို ကုန်သွယ်ရေးဘုတ်အဖွဲ့ (Chicago Bord of Trade) မှာ မေလအတွက် ပဲပုပ်ဆီဈေးက သုညဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။

ဉာဏ်တင်

### ပြည်တွင်းဆီဈေးနှုန်းများ (၂၅-၃-၂၀၁၆) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၄၅၀၀ | ၄၅၀၀ | □ | ၃၉၀၀ | ၄၆၀၀ | △ | ၁၅၆၅ | ၁၆၃၅ | △ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၆၉၀ | ၁၇၈၀ | △ |
| ပဲခူး | ၃၈၀၀ | ၃၈၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၆၂၀ | ၁၆၇၀ | △ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၈၀၀ | ၃၇၀၀ | ▽ | ၁၆၀၀ | ၁၇၀၀ | △ |
| မုံရွာ | ၄၀၀၀ | ၄၀၀၀ | □ | ၃၆၀၀ | ၃၆၀၀ | □ | ၁၇၀၀ | ၁၇၈၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

**Source: mirt**




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၅-၃-၂၀၁၆ US$/Ton

| အမျိုးအစား | မတ်လတတိယပတ် | မတ်လစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၁၉.၀၀ | ၄၆၄.၅၀ | △ |
| RBD P.Olein | ၆၃၁.၅၀ | ၆၅၁.၀၀ | △ |
| RBD P.Strarin | ၅၈၆.၅၀ | ၆၀၉.၀၀ | △ |

**Source: econ.mpob**

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၅- ၃ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၃၀.၅၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၅၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၁၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၁၃ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၈၂.၈၅ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၄၁.၁၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၉၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၅၈၅.၂၄ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၅-၃-၂၀၁၆)နေ့ (CIF ဈေး Cloud Point 8˚C Max ၇၂၀ ဒေါ်လာ၊ FOB ၆၉၅ ဒေါ်လာနှင့် USD ဈေး ၁၂၁၆ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၂၅-၃-၂၀၁၆နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၁၆ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်းဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# သစ်သီးဝလံ ပန်းမန်များ ပြည်ပတိုးမြှင့် တင်ပို့နိုင်ဖို့

| မျိုးသူ (ကုန်သွယ်မြှင့်) |



သစ်သီးဝလံများ၊ ပန်းမန်များနှင့် ဟင်းသီးဟင်းရွက်များကို ပြည်ပတင်ပို့မှုသည် အထိုက်အလျောက် တိုးတက်လာသည်ကို တွေ့နေရပါသည်။ ကျွန်တော်တို့ ၂၀၀၅ ခုနှစ်လောက်က မူဆယ်ကို ရောက်ရှိစဉ်က မူဆယ်တွင် (၁၀၅) မိုင် ကုန်သွယ်ရေးစခန်းကြီးကို စတင်အကောင်အထည်ဖော်ခါစ ဖြစ်ပါသည်။ ထိုစဉ်က ပြည်ပသို့ သစ်သီး ဝလံများ တင်ပို့မှုသည် ယခုလို မတွေ့နိုင်သေးပါ။ ထိုအချိန်က သစ်သီးဝလံ၊ တင်ပို့မှုများကို နယ်စပ်ကုန်သွယ်မှုတွင် အလွတ်သဘော ရောင်းဝယ်နေရာမှ ထိုအချိန်က ဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဒုတိယ ဝန်ကြီး ဦးအောင်ထွန်းတို့၏ ကြိုးပမ်းမှုကြောင့်များစွာ ပြောင်းလဲ လာခဲ့ပါသည်။ များစွာတိုးတက်လာခဲ့ပါသည်။ ထိုအချိန်က လက်ရှိပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်မှာ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင် ဥက္ကဋ္ဌ အဖြစ်တက်ကြွစွာ တာဝန် ယူနေသည့်ကာလ ဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းကြီး ပေါ်ပေါက်လာပြီး၊ ဥက္ကဋ္ဌမှာ လက်ရှိ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၏ ဥက္ကဋ္ဌဖြစ်သော ဦးဝင်းအောင် ဖြစ်ပါ သည်။ ထိုစဉ်က ဝန်ကြီးနှင့် ဒုတိယဝန်ကြီး တို့သည် သစ်သီးဝလံ ပြည်ပတင်ပို့မှုကို များစွာအားပေးခဲ့ပြီး အစွမ်းကုန် တွန်းတင်ပေး ခဲ့ပါသည်။ မူဆယ်မှ သစ်သီးဝလံ ကုန်သည်များ၊ မန္တလေး၊ စစ်ကိုင်း၊ ရှမ်းတောင် စသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ခြံပိုင်ရှင်များ၊ ကို များစွာ အားပေးပြီး၊ ပြည်ပတင်ပို့ရန် အားပေးခဲ့ပါသည်။ လိုအပ်သော အခက်အခဲများကိုလည်း ပြေလည်အောင် ညှိနှိုင်းဆောင်ရွက် ပေးခဲ့ပါသည်။ ယခုအခါတွင် ယင်းအသင်းကြီး၏ သက်တမ်းပင် ၁၀ နှစ်သို့ တိုင်လာပြီး၊ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအားလုံး တိုးတက်ဖွံ့ဖြိုးရန် များစွာအကျိုးပြုနိုင်ခဲ့ပါသည်။ စိုက်ပျိုးထုတ်လုပ်သူများသာမက၊ တင်ပို့ရောင်းချသူများ၊ ပြည်ပတင်ပို့သူများပါ ပါဝင်စေချင်သဖြင့် ယင်းနာမည်ကို ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ တစ်နည်းပြောရလျှင် Fruits and Vegetables Industry or Supply Chain တစ်ခုလုံးမှ Stakeholder အားလုံးပါဝင်လာစေရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါ သည်။

သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် အသင်းကြီး အနေဖြင့် ဆယ်နှစ်တာခရီးအတွင်းများစွာ ဖွံ့ဖြိုးတိုးတက်လာသော်လည်း၊ လိုအပ်ချက်များလည်းများစွာရှိနေသေးကြောင်း တွေ့နေရပါသည်။ ယင်းအသင်းကြီးနှင့် ဆက်စပ်ပြီး၊ သစ်သီးဝလံ ပြည်ပ တင်ပို့မှုများကို လေ့လာကြည့်ရာတွင်-

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင်သစ်သီးဝလံမျိုးစုံတန်ချိန် ၃၇၇၃၀၈ တန်၊ တန်ဖိုး၊ ဒေါ်လာ သန်းပေါင်း ၆၉ ဒသမ ၇၂၉၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင်သစ်သီးဝလံမျိုးစုံတန်ချိန် ၄၂၁၇၀၇ တန်၊ တန်ဖိုး၊ ဒေါ်လာ သန်းပေါင်း ၇၅ ဒသမ ၂၆၇၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သစ်သီးဝလံမျိုးစုံတန်ချိန် ၆၁၂၂၄၂ တန်၊ တန်ဖိုး၊ ဒေါ်လာ သန်းပေါင်း ၉၆ ဒသမ ၀၅၃၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သစ်သီးဝလံမျိုးစုံတန်ချိန် ၆၉၈၇၅၂ တန်၊ တန်ဖိုး၊ ဒေါ်လာ သန်းပေါင်း ၁၀၇ ဒသမ ၁၄၁၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မတ်လ ၄ ရက် အထိ တန်ချိန် ၅၄၆၄၀၁ တန်၊ တန်ဖိုး၊ ဒေါ်လာ သန်းပေါင်း ၇၀ ဒသမ ၁၇၅ ဖြစ်ကြောင်း တွေ့ရပါ သည်။

သို့ဖြစ်၍ တစ်နှစ်ပြီး တစ်နှစ် တိုးတက်လာကြောင်းတွေ့နိုင်သော်လည်း ၊ ပြည်ပ တင်ပို့သည် ဆိုသော်လည်း အဓိက တင်ပို့နေသည့် နည်းလမ်းမှာ တရုတ်နိုင်ငံသို့ မူဆယ်မှ တစ်ဆင့် နယ်စပ်ကုန်သွယ်မှု နည်းလမ်း ဖြင့်သာ အများဆုံး ဆောင်ရွက်ကြောင်း တွေ့နိုင်ပါသည်။ တစ်နည်းပြောရလျှင် ရေကြောင်းနှင့် လေကြောင်းမှ တင်ပို့နိုင်မှုမှာမရှိသလောက်နည်းပါးနေသည့် သဘောဖြစ်ပါသည်။ ထို့အပြင် အပူအအေး ထိန်းညှိနိုင်သည့် အအေးခန်းကွန်တိန်နာများ၊ အအေးခန်းသိုလှောင်ရုံများ၊ အအေးခန်းကားများဖြင့် နည်းပညာ သုံးပြီးတင်ပို့ခြင်း၊ သိုလှောင်ခြင်းများ ဆောင်ရွက်နိုင်မှု အားနည်းသေးခြင်းကြောင့် အခြားပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် လိုအပ်ချက်များရှိနေသေးကြောင်း တွေ့ရပါသည်။ တင်ပို့မှုမှာ သစ်သီးစိမ်းအတိုင်း တင်ပို့နေပြီး၊ အာမခံချက် စာရွက်စာတမ်းများလည်း ထုတ်ပေးနိုင်ရန်၊ တောင်သူ၊ ခြံပိုင်ရှင်၊ ဌာနဆိုင်ရာများမှ ပူးပေါင်းဆောင်ရွက်မှသာ ပိုမိုတိုးတက်လာမည် ဖြစ်ပါသည်။ ထို့အပြင်နိုင်ငံအတွင်း အခြေခံအဆောက်အဦ အားနည်းခြင်းကြောင့်လည်း နည်းပညာပိုင်းတွင် တိုးတက်မှုအားနည်းခဲ့ပါသည်။ တစ်နည်းအားဖြင့် စက်မှုလုပ်ငန်းများလုပ်ဆောင်ရန်အတွက် လျှပ်စစ်မီးမှန်မှန်ရရန်၊ အားအပြည့်ရရှိရန် အာမခံချက်ရှိရန်လည်း လိုနေသေးခြင်းကြောင့် အအေးခန်းသိုလှောင်မှုစနစ်၊ အအေးခန်း သယ်ပို့မှု စနစ်များ အားနည်းနေသေးကြောင်း တွေ့ရပါသည်။ နည်းပညာပိုင်း နှင့် Certification အပိုင်းတွင် နည်းစနစ်တကျ ဆောင်ရွက်နိုင်မှသာ မိမိတို့အတွက် ဈေးကွက်ကျယ်ပြန့်အောင်၊ နိုင်ငံတကာ ဈေးကွက်သို့ တက်လှမ်းနိုင်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

စိုက်ပျိုးရေး နည်းစနစ်ပိုင်းတွင်လည်း ခေတ်မီနည်းများကို ပိုမိုသုံးစွဲရန်လိုအပ်နေပြီး ယခု မြန်မာနိုင်ငံမှ အများဆုံးတင်ပို့နေတဲ့ ဖရဲသီးမှာ တရုတ်နည်းစနစ်ကိုသုံးစွဲ စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရပြီး၊ အခြားဖရဲ စိုက်ပျိုးသည့် နိုင်ငံများထံမှ နည်းစနစ်များကို လည်း လေ့လာသုံးစွဲရန် လိုအပ်မည် ဖြစ်ပါသည်။ ယခုကဲ့သို့ တိုးတက်လာသော သစ်သီးဝလံ ပြည်ပတင်ပို့မှုကို ကြည့်ပြီး အားရ ကျေနပ်စရာရှိသည်ဟု ယူဆမိသော်လည်း သစ်သီးဝလံကိုပြည်ပမှ တင်သွင်းနေမှုလည်း ရှိကြောင်းတွေ့နေရပါသည်။ ပြည်ပမှ တင်သွင်းမှုကို ငါးနှစ်စာ လေ့လာကြည့်ရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် သစ်သီးစုံ တန်ချိန်၊ ၅၂၀၇၉တန်၊ တန်ဖိုး၊ ဒေါ်လာ သန်းပေါင်း ၂၅ ဒသမ ၀၀၀။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် သစ်သီးစုံတန်ချိန်၊ ၈၄၃၁၁တန်၊ တန်ဖိုး၊ ဒေါ်လာ သန်းပေါင်း ၆၄ ဒသမ ၈၆၁ ဘဏ္ဍာနှစ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် သစ်သီးစုံတန်ချိန်၊ ၇၉၄၀၇တန်၊ တန်ဖိုး၊ ဒေါ်လာ သန်းပေါင်း ၃၂ ဒသမ ၉၉၀။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သစ်သီးစုံတန်ချိန်၊ ၇၈၆၀၈တန်၊ တန်ဖိုး၊ ဒေါ်လာ သန်းပေါင်း ၃၀ ဒသမ ၂၃၂။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မတ်လ ၄ ရက်အထိ သစ်သီးစုံတန်ချိန်၊ ၁၀၉၅၄၆တန်၊ တန်ဖိုး၊ ဒေါ်လာ သန်းပေါင်း၃၉ ဒသမ၇၄၈ ရှိကြောင်း တွေ့ရှိရပါသည်။

ယင်းကိန်းဂဏန်းများကို ကြည့်ခြင်းဖြင့် ပြည်ပတင်ပို့မှု၏ တန်ဖိုးတစ်ဝက်မျှကို ပြည်ပမှ သစ်သီးများ ပြန်လည်တင်သွင်းပြီး ပြည်သူများစားသုံးနေသည်ကို တွေ့နိုင်ပါသည်။ ယင်းအချက်ကိုလည်း သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအနေဖြင့် သတိမူရန်လိုအပ်ပါသည်။ ပြည်ပမှ ဝင်ရောက်လာသော သစ်သီးများမှာ အရည်အသွေးအားဖြင့် မျက်မြင်တွင် အလွန်တင့်တယ်ကြောင်းတွေ့နေရပါသည်။ မိမိတို့ တင်ပို့တဲ့ သစ်သီးများ၏ အရည်အသွေးများကိုမူ မည်သူမျှ တိတိကျကျ မပြောနိုင်သည့် အခြေအနေ ဖြစ်ပါသည်။

ကျွန်တော်တို့သည် ယင်းအကြောင်းများကို အခြေခံပြီး၊ ပြည်ပသို့ သစ်သီးဝလံ၊ ပန်းမန်များတိုးတက် တင်ပို့နိုင်ရေးအတွက် Supply Chain တစ်ခုလုံး တိုးတက်မှ အောင်မြင် ဖြစ်ထွန်းနိုင်မည် ဖြစ်ပါသဖြင့် စဉ်ဆက်မပြတ် တိုးတက်နေရန် ရည်ရွယ်ပြီး၊ “သစ်သီးဝလံနှင့် ပန်းမန် ပြည်ပပို့ကုန်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ” ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးရုံးခန်းမ၌ မတ် ၁၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်း အလုပ်ရုံဆွေးနွေးပွဲ တွင် မူလက အစိုးရ ဌာနဆိုင်ရာများမှ တာဝန်ရှိသူ ၂၅ဦး၊ အသင်းမှ ၅၀ ဦး၊ ပေါင်း ၇၅ ဦးဖြင့် ဆွေးနွေးသွားရန် စီစဉ် ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် အစိုးရဌာနများမှ ၃၅ ဦးနှင့် အသင်းမှ စီအီးစီများ ဦးဆောင်ပြီး၊ မန္တလေး၊ စစ်ကိုင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အသင်းဝင်များ၊ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သကဲ့သို့ တင်ပို့ရောင်းချမှုပါ ပြုလုပ်နေသူများပါ တက်ကြွစွာ တက်ရောက်ခဲ့သဖြင့် စုစုပေါင်း တက်ရောက်ဆွေးနွေးသူ အင်အား ၁၂၀ အထိ ရှိခဲ့ပါသည်။ ယင်း အလုပ်ရုံဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဒုတိယ ဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန ၏ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း ၏ ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင် တို့တက်ရောက် အမှာစကားများ ပြောကြားခဲ့ကြပါသည်။ ထို့နောက်တွင် Supply Chain ၏ စိုက်ပျိုး ထုတ်လုပ်မှုအပိုင်း၊ သိုလှောင်မှုအပိုင်း၊ အခွန်အခများအပိုင်းနှင့် မူဆယ်နယ်စပ်တွင် သစ်သီးဝလံတင်ပို့ ရောင်းချရာတွင် တွေ့ကြုံရသော အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို စာတမ်းများ အသီးသီး ဖတ်ကြားဆွေးနွေးခဲ့ကြပါသည်။ နေ့လယ်ပိုင်းတွင် အဆိုပါ Chain တစ်ခုလုံး၏ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းများနှင့် စိန်ခေါ်ချက်များကို စားပွဲဝိုင်း လေးဝိုင်းခွဲခြားကာ စိတ်ပါဝင်စားစွာ ဖြင့် အားတက်သရော ဆွေးနွေးခဲ့ကြပါသည်။ စားပွဲဝိုင်းသုံးတွင် ပါဝင်ဆွေးနွေးသူ ဦးသစ္စာ (ဘုတလင်)၏ ဆွေးနွေးချက်များသည် လက်တွေ့နယ်ပယ်မှအကြောင်းအရာများဖြစ်သဖြင့် အလွန်ပင်ကောင်းမွန်သည်ကို တွေ့ရပါသည်။ အားတက်စရာ၊ စိတ်ပျက်စရာ၊ မခံချင်စရာ အချက်အလက် မျိုးစုံဖြင့် ရောပြွမ်းနေသဖြင့် အရသာ အမျိုးမျိုးကို ပေးစွမ်းသည့် သရက်သီးကို စားနေရသကဲ့သို့ပင် ခံစားရပါသည်။ ထို့အပြင် သစ်သီးဝလံစိုက်ပျိုးပြီး မူဆယ်နယ်စပ်သို့ ကိုယ်တိုင်သွားရောက် ရောင်းချသည့် စွန့်ဦးတီထွင် လုပ်ငန်းရှင်တစ်ဦး၏ ဘဝကိုလည်း စာနာနားလည်မိပါသည်။ မူဆယ် ပွဲရုံမှ ဂျုတီခဟု ဖော်ပြကာ ကား တစ်စီး လျှင် ၇၀၀၀၀ ကျပ်မှ ၁၀၀၀၀၀ ကျပ်ခန့်အထိဖြတ်တောက်ခံရမှု၊ မူဆယ် ပွဲရုံနှင့် ကုန်စည်ဒိုင်တွင် ဈေးတန်းတစ်ခုပြတ်ပြီးမှ ဝယ်သူ တစ်ဖက်နိုင်ငံကုန်သည်က ဈေးလျှော့ပြီး ပေးချေမှု၊ ပွဲစားကလည်း လေလံပြတ်ဈေးကို ပွင့်လင်းမြင်သာစွာ မပြောဘဲ လက်သိပ်ထိုး ဆောင်ရွက်မှု၊ မူဆယ် (၁၀၅) မိုင်ရှိပွဲရုံနေရာတွင် ဈေးပြတ်ပါလျက် နယ်စပ် တစ်ဖက်ရှိကြယ်ခေါင်သိုလှောင်ရုံ အထိခေါက်တိုသယ်ခကို လာရောက်ရောင်းချသူက ပေးချေရမှုစသည့် အချက်များကို ကြားသိရပါသည်။ မူဆယ်ပွဲရုံများမှလည်း ခြံပိုင်ရှင်များအား လာရောက်ရောင်းချချိန်တွင် တည်းခိုစရာနှင့် ကျွေးမွေးညှော်ခံရမှု၊ သစ်သီးဝလံစိုက်ပျိုးရာတွင် တောင်သူနှင့် ခြံပိုင်ရှင်များအား ကြိုတင် ငွေထုတ်ပေးရမှု၊ တစ်ဖက်နိုင်ငံမှ ကုန်သည်မှ လိမ်လည်ခံရမှု၊ သစ်သီးဈေးကျဆင်းသည့်အခါ အခက်အခဲတွေ့ရမှု စသည့် အချက်များကိုလည်း ကြားသိခဲ့ရပါသည်။ ယင်းတို့နှစ်ဖက်ကြားတွင် အဓိက ပြဿနာတစ်ခုမှာ ကြိုတင်ခွန် ၂ ရာခိုင်နှုန်းကို လာရောက် ရောင်းချ သူများထံမှ ပွဲစားများက ဖြတ်တောက်ရယူနေကြောင်းလည်းတွေ့မြင်နေရပါသည်။ အခြားသော ဆွေးနွေးမှုများတွင် သရက်စိုက်ပျိုးထုတ်လုပ်ပုံကို မန္တလေးတိုင်းဒေသကြီး၊ မြစ်သား မြို့နယ် မြနဒီ သရက်ခြံမှ ခြံမန်နေဂျာ ဦးစော ဇော်ဇော်ဂျိမ်းစ်၏ ဖတ်ကြားဆွေးနွေးမှုတွင် သရက်ပင်တွင် ပန်းပွင့်များ များပြားစွာ ပွင့်သော်လည်း အသီးအနည်းငယ်သာ တင်သည်ဟု ပြောသည့်ကိစ္စနှင့်ပတ်သက်ပြီး၊ သရက်ပင်၏ သဘာဝမှာ ပင်ခြား ဝတ်မှုန်ကူးနိုင်သကဲ့သို့ပင်တည်းဝတ်မှုန်ကူးနိုင်သော လိင်စုံအပင်ဖြစ်ကြောင်း၊ တစ်ပင်တည်းတွင် ပထမအကြိမ် အပွင့်ပွင့်ရာတွင် အမဝတ်ဆံပန်းမှာရာခိုင်နှုန်းများပြီး၊ အဖိုဝတ်ဆံအပွင့်မှ ၂၀ ရာခိုင်နှုန်းခန့်သာ ပါဝင် တတ်ကြောင်း၊ နောက်ထပ် အပွင့်ပွင့်ရာ၌ အဆိုပါ ရာခိုင်နှုန်းထက် အဖိုဝတ်ဆံပါဝင်မှုမှာ ပိုနည်းပါးတတ်ကြောင်းတို့ကို ဆွေးနွေးပြီး ယင်းအချက်ကို သဘာဝပတိမှလည်း ပြန်လည်ဆွေးနွေးရာတွင်

➲စာမျက်နှာ ၁၆ သို့

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အိန္ဒိယနိုင်ငံသည် Lenovo အတွက် ကြီးမားသည့်အပြောင်းအလဲစတင်သည့်နေရာဖြစ်လာ

ကမ္ဘာ့အကြီးဆုံး တစ်ကိုယ်ရေသုံး ကွန်ပျူတာ (PC)ထုတ်လုပ်သူ Lenovo သည် ၎င်း၏ပင်ရင်းဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံတွင် ဝယ်လိုအားကျဆင်းနေခြင်းနှင့်ရင်ဆိုင် နေရသော်လည်း အိန္ဒိယနိုင်ငံတွင် လာမည့်နှစ်၌ တိုး တက်မှုများရရှိနိုင်ရန်မျှော်လင့်ကြောင်း Economic Times နှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် Lenovo ၏ အာရှပစိဖိတ်ဒေသ တာဝန်ခံခေါင်းဆောင်ရိုဒါဇစ်လက်ပင်ကပြောကြားခဲ့ကြောင်း သိရသည်။

၎င်းတို့ကုမ္ပဏီအနေဖြင့် ယှဉ်ပြိုင်မှုတွင် ပြိုင်ဘက်များထက် တစ်ပန်းသာစေရန် ထုတ်ကုန်သစ်များကို အမျိုးမျိုးထုတ်လုပ်ရလိမ့်မည်ဖြစ်ကြောင်း၊ စမတ်ဖုန်းလောကတွင် ဈေးကွက်ဝေစုအတွက် Apple၊ Samsung တို့နှင့် အကြိတ်အနယ်ယှဉ်ပြိုင်ရာတွင် Lenovo အနေဖြင့် တင်းကျပ်စွာထိန်းချုပ်ခြင်းခံထားရကြောင်း၊ PC အနေဖြင့်လည်း ဈေးကွက်တွင် သိသိသာသာကျဆင်းလျက်ရှိကြောင်း၊ ယခု အချိန်တွင် Windows tablets များကို တိုးတက်အသုံးပြုလာသည့် အတွက် ပုံမှန်အသုံးပြုနေသည့် PCs ဈေးကွက်ကျဆင်းနေမှုကို ကာမိစေရန် Lenovo အနေဖြင့် ၎င်း၏အဆိုပါ ထုတ်ကုန်အမျိုးအစားသစ်များအပေါ်တွင် အားကိုးထားကြောင်း၊ PCs အစားထိုးအဖြစ်သန်း ၃၀ တန်ဖိုးရှိ Windows tablets အမျိုးအစားသစ်လေးမျိုးကို စတင်ထုတ်လုပ်ထားပြီး ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

Lenovo company ၏ အိန္ဒိယ တာဝန်ခံ Rahul Agarwal က ၂၀၁၆ ခုနှစ်အကုန်တွင် အိန္ဒိယနိုင်ငံမှ ဝင်ငွေ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ ရရှိရန် မျှော်လင့်ကြောင်းပြောကြားခဲ့သည်။ ဖေဖော်ဝါရီ အစောပိုင်းတွင် Lenovo အနေဖြင့် ၎င်း၏တစ်ကမ္ဘာလုံးအတိုင်းအတာအရ ကုန်ကျစရိတ်သက်သာမှုသည် ကုမ္ပဏီ၏အသားတင်အမြတ်ကို ကောင်းမွန်စေရန် အထောက်အကူပြုသည့် အနေအထားဖြစ်ခဲ့သော်လည်း ၎င်းတို့ဝင်ငွေမှာ ပြီးခဲ့သည့် ဒီဇင်ဘာအထိ သုံးလပတ် တွင် ရှစ်ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ပိုမိုစိုးရိမ်ရသည်မှာ တရုတ်နိုင်ငံ၏ စီးပွားရေးနှေးကွေးကျဆင်းမှုသည် PC နှင့် စမတ်ဖုန်းအဓိက ထုတ်လုပ်ရောင်းချသူအားလုံးအတွက် ရောင်းချမှု ပမာဏတွင် သက်ရောက်မှုများရှိခဲ့ ကြောင်း၊ တရုတ်နိုင်ငံတွင် စီးပွားရေး အခြေအနေနှေးကွေးနေသည့် အချိန်၌ပင် ၎င်းတို့ Lenovo အနေဖြင့် တိုးတက်နေသည့် စီးပွားရေးအနေအထား တွင်ရှိနေသေးကြောင်း ပြီးခဲ့သည့် သုံးလပတ်တွင် တရုတ်နိုင်ငံတွင် ၎င်းတို့၏ ဈေးကွက်ဝေစု ၄၀ ရာခိုင်နှုန်းရရှိခဲ့ပြီး၊ ၁ ဒသမ ၇ ရာခိုင်နှုန်းဖြင့် တိုးတက်ခဲ့ကြောင်း၊ ယင်းအနေအထားသည် ၎င်းတို့၏ ဈေးကွက်ဝေစုအများဆုံးအနေအထားနှင့်အမြတ်အစွန်းအများဆုံးရရှိနိုင်သည့် အနေအထားတို့ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် လွယ်ကူသည့် အခြေအနေတွင် ရှိနေသေးကြောင်း ပြောကြားခဲ့သည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အိန္ဒိယနိုင်ငံမှ စွမ်းအင် ၅၀ ရာခိုင်နှုန်း တင်သွင်းရန်အတွက် နီပေါနိုင်ငံတွင် စွမ်းအင်အရေးပေါ် ကြေညာချက် ထုတ်ပြန်

စွမ်းအင်အဆမတန်လိုအပ်နေသည့် နီပေါနိုင်ငံသည် လျှပ်စစ်ဓာတ်အား အလွန်အမင်းရှားပါးပြတ်လပ်မှုကို ကျော်လွှားနိုင်ရန် စွမ်းအင်အရေးပေါ် (energy emergency) အဖြစ် ကြေငြာခဲ့ပြီး စွမ်းအင်အကျပ်အတည်းကို ဖြေရှင်းနိုင်ရန် ၎င်းတို့လိုအပ်သည့် ပမာဏ၏ ၅၀ ရာခိုင်နှုန်းကို အိန္ဒိယနိုင်ငံမှ တင်သွင်းမည့် အစီအစဉ်အား ထုတ်ဖော်ကြေညာခဲ့သည်။

နီပေါနိုင်ငံသည် လက်ရှိအခြေအနေတွင် နေ့စဉ် ၁၃ နာရီကြာ လျှပ်စစ်မီးပြတ်တောက်မှုနှင့် ရင်ဆိုင်နေရကြောင်း ပြီးခဲ့သည့် ရှစ်နှစ်တာကာလအတွင်း စွမ်းအင်အရေးပေါ်အဖြစ် ကြေညာသည်မှာ ယခုအကြိမ်သည်သုံးကြိမ်မြောက်ဖြစ်ကြောင်း၊ နီပေါနိုင်ငံအနေ ဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကို အဆုံးသတ်ရန် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ခြင်းအပြင် နေရောင်ခြည်စွမ်းအင်နှင့်လေစွမ်းအင်များကိုပါ ရယူအသုံးပြုသွားရန် ဖေဖော်ဝါရီ ၁၈ ရက်က စီမံကိန်းတစ်ခု ချမှတ်ထားကြောင်း၊ အဆိုပါ အစီအစဉ်အရ ပထမတစ်နှစ်အတွင်း နေရောင်ခြည်နှင့် လေအား လျှပ်စစ်များကို အသုံးပြုကာ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကို အဆုံးသတ်စေမည်ဖြစ်ပြီး လာမည့်နှစ်နှစ်အတွင်း ရေအားလျှပ်စစ်စက်ရုံများမှ ထုတ်လွှတ်သည့် ဓာတ်အားများကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

နီပေါနိုင်ငံ၏ လက်ရှိလျှပ်စစ်ဓာတ်အား လိုအပ်မှုမှာ ၁၄၀၀ မဂ္ဂါဝပ်ဖြစ်ပြီး၊ လျှပ်စစ်ဓာတ်အား အမြင့်ဆုံးထုတ်လုပ်နိုင်မှုမှာ ၈၅၀ မဂ္ဂါဝပ်သာရှိကြောင်း၊ နီပေါနိုင်ငံသည် ရေအားလျှပ်စစ်အနေဖြင့် ၈၃၀၀၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်သည့်အလားအလာရှိသော်လည်း လက်ရှိကာလလျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှုမှာ မဂ္ဂါဝပ်သုံးရာထက် အနည်းငယ်ကျော်သာရှိကြောင်းသိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အမေရိကန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား လေကြောင်းဆက်သွယ်မှုတိုးမြှင့်မည်

အမေရိကန်နှင့် ဂျပန်လေယာဉ်များအား ဟာနဲဒါလေဆိပ်တွင် နေ့အချိန်ဆင်းသက်နိုင်မည့် အမေရိကန်နိုင်ငံနှင့်ဂျပန်နိုင်ငံတို့အကြား လေကြောင်းဆက်သွယ်မှု တိုးမြှင့်ခြင်း သဘောတူစာချုပ်တစ် ရပ်ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရပါသည်။

တိုကျိုမြို့တော်မှ ကီလိုမီတာ ၈၀ ခန့်အကွာတွင် တည်ရှိသည့် အဓိက အပြည်ပြည်ဆိုင်ရာလေဆိပ်ဖြစ်သည့် နာရီတာသည် ၁၇ မြို့သို့သာသွားလာနိုင်သော်လည်း ဟာနဲဒါလေဆိပ်သည် တိုကျိုမြို့လယ်မှ ကီလိုမီတာ ၂၀ ခန့်အကွာတွင် တည်ရှိပြီး၊ နိုင်ငံတွင်းရှိ မြို့ပေါင်း ၄၉မြို့သို့ ဆက်သွယ်သွားလာနိုင်သည့် ကွန်ရက်ရှိသည့် လေဆိပ်မြို့ဖြစ်ပါသည်။ ဂျပန်နိုင်ငံသည် ၁၉၇၈ ခုနှစ်မှ စတင်၍ မြို့တွင်း ယာဉ်အသွားအလာ ကျပ်သိပ်မှုကို လျှော့ချရန် ပြည်ပလေယာဉ်များအား နာရီတာလေဆိပ်သို့ ပြောင်းရွှေ့ခဲ့ပါသည်။

၂၀၁၀ခုနှစ်တွင် ဟာနဲဒါလေဆိပ်၌ လေယာဉ် ပြေးလမ်းတိုးချဲ့ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ လေယာဉ်များ ဆင်းသက်ရန်ဂိတ် ဖွင့်လှစ်ပေးခဲ့ကာ စီးပွားရေးကိစ္စဖြင့် တိုကျိုသို့လာရောက်သူများ အတွက် အထောက်အကူ ဖြစ်စေခဲ့ပါသည်။ သို့ရာတွင် ဟာနဲဒါလေဆိပ်မှ ဆိုက်ရောက် - ထွက်ခွာ ပြုလုပ်မည့် ခရီးဝေးလေယာဉ်များအတွက်မူ ညသန်းခေါင်ယံနှင့် နံနက်အစောပိုင်းအချိန်(၂၂:၀၀ နာရီမှ ၀၇:၀၀ နာရီ) တို့တွင် ဆင်းသက်နိုင်ခြင်း မရှိပါ။

ယခု လက်မှတ်ရေးထိုးလိုက်သည့် သဘောတူညီချက် ‘The new daytime operations’တွင် နေ့အချိန်ဆင်းသက်ပျံသန်းမှု အတွက် အမေရိကန်နှင့် ဂျပန်လေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ five pairs of slots နှင့် ညသန်းခေါင်ယံနှင့် နံနက်အစောပိုင်းအချိန် ဆင်းသက်ပျံသန်းမှုအတွက် one pair of slots ဆောင်ရွက်ရန် ပါရှိပါသည်။ ၂၀၁၆ နှစ် အောက်တိုဘာတွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဥမ္မာအေး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# တရုတ်နိုင်ငံ၌အစားအစာဘေးကင်း လုံခြုံမှုအတွက် စစ်ဆေးရာတွင် လုံလောက်မှုမရှိဟုအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး အဖွဲ့ပြောကြား

တရုတ်တွင် စိုက်ပျိုးရေးလုပ်ငန်းသုံးဓာတုပိုးသတ်ဆေးနှင့်တိရစ္ဆာန်များ၌ ကာကွယ်ဆေးများ အလွန်အကျွံသုံးစွဲသည့်အတွက် အစားအစာများနှင့် သောက်သုံးရေ၌ အဆိုပါဓာတုအကြွင်းအကျန်များကို တွေ့ရှိရပြီး ဓာတုဆေးဝါးအန္တရာယ်မှာ တရုတ်နိုင်ငံ၌ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာကြောင်း၊ သို့ဖြစ်ရာ အစားအစာဘေးကင်းရေး ကြီးကြပ်ရာ၌ ထိရောက်သည့် စီမံခန့်ခွဲမှုပြုလုပ်နိုင်ရန် လက်ရှိဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန် လိုအပ်လာကြောင်း State Council Information Office ၌ ကျင်းပသည့် ကွန်ဖရင့်၌ အစားအစာနှင့်ဆေးဝါးကွပ်ကဲရေးအဖွဲ့၏ အကြီးအကဲဖြစ်သူ Mr.Bi Jingquan က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

အစားအစာဘေးကင်းမှုစစ်ဆေးသည့် ဝန်ထမ်းအများစုမှာ အချိန်မီထိရောက်စွာ စစ်ဆေးဆုံးဖြတ်နိုင်ရန် ဗဟုသုတနှင့်နည်းပညာပစ္စည်းများစွာ အားနည်းနေသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်ရာ အသိပညာပေးလုပ်ငန်းကို ထိထိရောက်ရောက်ဆောင်ရွက်ဖို့ လိုအပ်နေပြီဖြစ်ကြောင်း၊ ယခုစစ်ဆေးတွေ့ရှိရသည်မှာ စားသောက်ကုန်အမျိုးအစားပေါင်း ၄၀,၀၀၀ ကျော်မှာ သီးနှံပိုးသတ်ဆေးနှင့် တိရစ္ဆာန်ကာကွယ်ဆေးအမျိုးအပြားသုံးစွဲထားသည့်အတွက် စားသောက်ရန်မသင့်သည့် အနေအထားကို တွေ့ရပြီး ကုန်ပစ္စည်း ၂၅၅ မျိုးမှာလည်း သတ်မှတ်ထားသည့် အစားအစာဘေးကင်းရေး စံချိန်စံညွှန်းများကို ချိုးဖောက်ထားသည်ကိုတွေ့ရကြောင်း၊ အဆိုပါဓာတုအကြွင်းအကျန်များမှာ သာမန်မျက်စိဖြင့် မမြင်တွေ့နိုင်သည့်အပြင် အပူချိန်များများဖြင့် ချက်ပြုတ်သော်လည်း ဆက်လက် အသက်ရှင်ကျန်ရှိနေနိုင်ကြောင်း ဖော်ပြထားပါသည်။

ဆက်လက်ပြီး တရုတ်၌ အသားစားသုံးမှုမြင့်တက်လာသည့်အတွက် အစားအစာဘေးကင်းမှု အတွက်သေချာစွာ ကိုင်တွယ်ဖြေရှင်းရန်လိုအပ်လာကြောင်း၊ အထူးသဖြင့် ပိုးမွှားကာကွယ်ဆေး အများအပြားသုံးစွဲထားသည့် အစားအစာကိုစားသုံးသည့် လူများ၏ ခန္ဓာကိုယ်၌ ပုံမှန်မဟုတ်သည့် ပဋိဇီဝခုခံတွန်းလှန်မှု မြင့်တက်လာသည့် အတွက် အစားအစာကြောင့် ဖြစ်သောရောဂါများ ဖြစ်ပွားနိုင်ကြောင်း ပြောကြားထားပါသည်။

အဆိုပါပြဿနာကိုဖြေရှင်းရန် ကနဦးဇာစ်မြစ်အကြောင်းအရင်းကို ရှာဖွေသည့် tracing system မှာ အထိရောက်ဆုံးဖြစ်မည်ဟု ယူဆကြောင်း၊ ယခုအခြေအနေ၌ ထုတ်လုပ်သူများမှ အစားအသောက်တွင် သုံးစွဲမည့် ကာကွယ်ဆေး အမျိုးအစားကိုခွင့်ပြုချက်ရရှိရန် လျှောက်ထားသည့်ဆေးဝါးမှတ်ပုံတင်နှင့်အတည်ပြုလုပ်ငန်းစဉ်မှာ အချိန်အလွန်ကြာမြင့်ကြောင်း၊ တရုတ်၌လက်ရှိ အစားအစာကြီးကြပ်ကွပ်ကဲရေးဝန်ထမ်း အရေအတွက်မှာ ၁၃၀ ခန့်သာရှိပြီး အမေရိကန် ပြည်ထောင်စုတွင် ဝန်ထမ်းအင်အား ၅၀၀၀ ကျော်ရှိသည့်အတွက် တရုတ်နိုင်ငံဆေးဝါးအကဲဖြတ် သုံးသပ်ကွပ်ကဲရေးဗဟိုဌာန၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ရန် လိုအပ်နေကြောင်း သုံးသပ်ဖော်ပြထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၈–၃–၂၀၁၆)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ ဈေးမြင့်လာ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါ ပြန်လိုက်လာတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်တန်ကို ၁၄၅၆၀၀၀ ကျပ် ဈေးဖြင့်အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ အိန္ဒိယ ဘက်က ဝယ်လိုအားပြန်လိုက်လာတာကြောင့် ယခင်တစ်ပတ် နဲ့နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး အရောင်းအဝယ်ဖြစ်မှုများခဲ့ ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် အရင်နှစ်စပေါ်ကာလ မှာ တစ်တန်ကို သုံးသိန်းနီးပါးရှိခဲ့ပြီး ဒီနှစ်ဇန်နဝါရီလဆန်း မှာ တော့ အိန္ဒိယရဲ့ ဝယ်လိုအားများမှုကြောင့် တစ်တန်ကို ၁၆ သိန်း ခန့် ဈေးကောင်းရရှိခဲ့ကြောင်း၊ ဖေဖော်ဝါရီလမှာ ပဲအဝင်လျှိုင် တာရယ် ရောင်းလိုသူများ အရောင်းများတာရယ်ကြောင့် တစ် တန်ကို ၁၂၇၀၀၀၀ ကျပ်သို့ဈေးကျဆင်းခဲ့ပြီး မတ်လဒုတိယ ပတ်မှာတော့ အိန္ဒိယရဲ့ ဝယ်လိုအားပြန်လိုက်လာလို့ တစ်တန်ကို ၁၃၈၀၀၀၀ ကျပ် ဈေးအထိဈေးပြန်လည်မြင့်တက်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းကြီးအရောင်းအဝယ်ပါး၊ ပဲတီစိမ်းသေးကို မန္တလေးဝယ်လက် ပုံမှန်ရှိ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီး အရောင်း အဝယ်ပါးနေပြီး ပဲတီစိမ်းသေးကိုတော့ မန္တလေးဝယ်လက်က တစ်ပိဿာကို ၁၅၅၃ ကျပ် (တစ်တန်ကို ၉၅၁၀၄၁ ကျပ်) ဈေး ဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့်ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကိုတော့ မြို့ခံပဲခွဲစက်တွေက ဝယ်လိုအား သွက်လာတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့် လာပြီး တစ်ပိဿာကို ၁၅၅၈ ကျပ် (တစ်တန်ကို ၉၅၄၁၀၃ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးအနည်းငယ် မြင့်ပြီး ပြောင်းအရောင်းများ

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်) တွေ ဈေးကွက်ထဲအဝင်ပုံမှန်ရှိသလို အိန္ဒိယအတွက် အဓိကဝယ်ယူ နေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားအနည်းငယ်ပြန် လိုက်လာတာကြောင့် ဈေးအနည်းငယ်မြင့်လာပြီး တစ်ပိဿာကို ၂၃၇၀ ကျပ် (တစ်တန်ကို ၁၄၅၁၃၆၄ ကျပ်) ဈေးဖြင့် နေ့စဉ် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းအနေဖြင့် ဈေးကွက်မှာ ဝယ်လိုအားထက် ရောင်းလိုအားကများနေတာ ကြောင့် ဈေးအေးပြီး တစ်ပိဿာကို ၄၃၅ ကျပ်ဈေးဖြင့် တစ်ရက် ကို အိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

×××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ အရောင်း အဝယ်ပုံမှန်ရှိ၊ ကုလားပဲ ဈေးစွာ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်) ကိုပြည်ပအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၃၆၀ ကျပ် (တစ်တန်ကို ၁၄၄၅၂၄၀ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၈၀၀ ခန့်ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ အိန္ဒိယအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ် ပိဿာကို ၂၁၈၅ ကျပ် (တစ်တန်ကို ၁၃၃၈၀၇၂ ကျပ်) ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိပေမယ့် ရောင်းသူကုန်သည်များက တက်ဈေး မျှော်ပြီး အရောင်းနည်းခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်များက ဝယ်လိုအားသွက်လာတာကြောင့် ဈေးမြင့် လာပြီး တစ်ပိဿာကို ၁၅၇၅ ကျပ် (တစ်တန်ကို ၉၆၄၅၁၄ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၆၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှာ ကုလားပဲဈေးမာ၊ ပဲစင်းငုံနီ ပုံမှန်အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်များက ဝယ်လိုအား သွက်လာတာကြောင့် ယခင် တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၅၆၅ ကျပ် (တစ်တန်ကို ၉၅၈၃၉၀ ကျပ်) ဈေးနဲ့ အရောင်းအဝယ် ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ပြည်ပအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၁၇၅ ကျပ် (တစ်တန်ကို ၁၃၃၁၉၄၈ ကျပ်) ဖြင့် နေ့စဉ်ပုံမှန်အဝယ်ရှိခဲ့ ကြောင်း သိရပါတယ်။

×××××××××××××××××

## မန္တလေးဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးဈေးမြင့် ပဲစင်းငုံနီနှင့် မတ်ပဲပုံမှန်အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးကို မြို့ခံပဲခွဲစက်တွေ အဝယ်ပြန်လိုက်လာတာကြောင့် ဈေးမြင့်လာ ပြီး တစ်ပိဿာကို ၁၅၇၂ ကျပ် (တစ်တန်ကို ၉၆၂၆၇၇ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ အိန္ဒိယအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ် လက်က တစ်ပိဿာကို ၂၂၀၀ ကျပ် (တစ်တန်ကို ၁၃၄၇၂၅၈ ကျပ်) ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ ကြောင်း သိရ ပါတယ်။ ပဲတီစိမ်းကြီးအနေဖြင့် ဒီတစ်ပတ်မှာ တရုတ်လိုင်း အဝယ်အေးတာကြောင့် ဈေးကွက်မှာ အရောင်းအဝယ်အေးနေ ကြောင်း သိရပါတယ်။ မတ်ပဲ (သစ်) ကတော့ ပုံမှန်ဝင်ရောက်နေ သလို ရန်ကုန်ဝယ်လက်နှင့် မြို့ခံပဲခွဲစက်များကလည်း ပဲရဲ့ အရည်အသွေးပေါ် မူတည်ပြီး ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၃၃၀ ကျပ် (တစ် တန်ကို ၁၄၂၆၈၆၈ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးတန့်

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို ရန်ကုန်-မန္တလေးဝယ်လက်အပြင် အစာစပ်လုပ်ငန်းရှင်များကပါ ဝယ်လိုအားရှိပေမယ့် ဈေးငြိမ်နေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၅၅ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းသီးနှံကို တရုတ်ပုံမှန် အဝယ်ရှိနေ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို တရုတ် ဘက်က ဝယ်လိုအား ပုံမှန်ရှိသလို လှောင်လက်များကလည်း ထုတ်ရောင်းမှုတွေများလာကြောင်း သိရပါတယ်။ အရောင်း အဝယ်အနေဖြင့် တစ်ပိဿာကို ၄၄၀ ကျပ် ဈေးဖြင့် တစ်ပတ် အတွင်း ပိဿာချိန် ရှစ်သိန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်နည်း

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းတန်ချိန် ၁၁၉၀၀ ခန့် ဝင်ခဲ့သော်လည်း အဝင်ပမာဏ လျော့သွားကြောင်း သိရပါ တယ်။ တရုတ်ဘက်မှာ ပြောင်းအဖမ်း အဆီးတချို့ရှိတာရယ်၊ ကုန်တင်ကားခ ဈေးတက်တာရယ်၊ တရုတ်ယွမ်ငွေဈေးမငြိမ် တာရယ်ကြောင့် ပြောင်းအရောင်းအဝယ်ဖြစ်မှုပမာဏ လျော့ ကျသွားခဲ့ကြောင်း သိရပါတယ်။ အရောင်း အဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို ၈၅ ယွမ်မှ ၈၈ ယွမ်အကြား အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ၊ ကုလားပဲ အရောင်းအဝယ်ပုံမှန်ဖြစ် ပဲတီစိမ်းကြီးနှင့် ပဲတီစိမ်းအသေး အရောင်းအဝယ်ပါး

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (သစ်) တွေဈေးကွက် သို့ ပုံမှန်ဝင်ရောက်နေသလို ရန်ကုန်ဝယ်လက်နှင့် မြို့ခံပဲခွဲစက် တွေကလည်း ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၃၄၀ ကျပ် (တစ်တန် ကို ၁၄၃၂၉၉၂ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ပြည်ပအတွက်အဓိကဝယ်ယူ နေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၂၀၅ ကျပ် (တစ် တန်ကို ၁၃၅၀၃၁၉ ကျပ်) ဈေးဖြင့်ပုံမှန်အဝယ်ရှိပေမယ့် ရောင်းသူကုန်သည်များ အရောင်းနည်းနေကြောင်း သိရပါ တယ်။ ပဲတီစိမ်းကြီးနှင့် ပဲတီစိမ်းသေးကတော့ တရုတ်ဘက်မှ အဝယ်အေးနေတာကြောင့် ဈေးကွက်မှာ ဈေးအေးပြီး အရောင်း အဝယ်နည်းပါးနေကြောင်း သိရပါတယ်။

×××××××××××××××××


## အောင်လံဈေးကွက်မှာ ပဲတီစိမ်းအရောင်းအဝယ်အေး ပဲစင်းငုံနီနှင့် သိပ္ပံနှမ်း ပုံမှန်အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို တရုတ် လိုင်းအဝယ်အေးတာကြောင့် ဈေးကွက်မှာ အရောင်းအဝယ်အေး နေကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၁၈၅ ကျပ် (တစ်တန်ကို ၁၃၃၈၀၇၂ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူ ကုန်သည်များက အရောင်းနည်းနေကြောင်း သိရပါတယ်။ ဒေသ ထွက် သိပ္ပံနှမ်းကို ရန်ကုန်-မန္တလေးဝယ်လက်ကတစ်ပိဿာ ကို ၃၆၆၇ ကျပ် ဈေးဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရ ပါတယ်။

×××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲ ဈေးကောင်းရ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်များက ဝယ်လိုအားသွက်တာကြောင့် ယခင်တစ်ပတ် ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၅၆၅ ကျပ် (တစ်တန်ကို ၉၅၈၃၉၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု များခဲ့သလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာ အရောင်းများခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။



# စစ်ကိုင်းတိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) တိုင်းဦးစီးမှူးရုံးဖွင့်လှစ်



ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ တိုင်းဦးစီးမှူးရုံးကို မုံရွာမြို့ ရုံးကြီးရပ်ကွက်တွင် ၂၀၁၆ ခုနှစ်၊ မတ် ၁၄ ရက်က စတင်ဖွင့်လှစ်ကာ ကုမ္ပဏီ များဖွဲ့စည်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင် ရာလုပ်ငန်းများကို ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရှိရပါတယ်။

ဖွင့်ပွဲအခမ်းအနားသို့အမျိုးသား စီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ် ဦးသာအေးနဲ့ တာဝန်ရှိသူများ၊ ဌာန ဆိုင်ရာများ၊ လုပ်ငန်းရှင်များ တက် ရောက်ခဲ့ကြပါတယ်။

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေ အနေများနှင့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနား ကို Win Unity Resort Hotel မှာကျင်းပ ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးသာအေးတို့က အမှာစကား ပြောကြားခဲ့ပါတယ်။

ပြည်ထောင်စုဝန်ကြီးက စီးပွား ရေးလုပ်ငန်းရှင်များအနေနဲ့ ရင်းနှီး မြှုပ်နှံမှုနဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို လွယ် ကူစွာ သိရှိနားလည်စေရေး၊ အခွင့် အလမ်းများကို ပိုမိုသိရှိပြီး မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းများ လွယ်ကူချော မွေ့စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြား မှုဦးစီးဌာန၏ ရုံးခွဲများကို မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်မြို့များ တွင် ဖွင့်လှစ်ခဲ့ပြီးနောက် ပဥ္စမမြောက် ရုံး ခွဲ အဖြစ် မုံရွာမြို့မှာ လာရောက်ဖွင့် လှစ်ရခြင်းဖြစ်ကြောင်း၊ ၂၀၁၅ အလွန် မှာ ဖြစ်ပေါ်လာတဲ့ အာဆီယံ စီးပွား ရေးအသိုက်အဝန်း (AEC) မှာ အခြား အဖွဲ့ဝင်နိုင်ငံတွေနဲ့အတူ ပါဝင်ဆောင် ရွက်ရမှာဖြစ်တဲ့အတွက် မိမိတို့ရဲ့ ပုဂ္ဂလိက ကဏ္ဍဟာ လက်ရှိအခြေအနေ ထက် တိုးတက်နေဖို့နဲ့ယှဉ်ပြိုင်နိုင်မှု စွမ်းအားမြင့်မားနေစေဖို့ လိုအပ်ရာ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကုမ္ပဏီများ၊ အစုစပ်လုပ် ငန်းများ အများပိုင်ကုမ္ပဏီများ တည်ထောင် လုပ်ကိုင်ခွင့်ကို အားပေး မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးအချက်အချာကျတဲ့ ဒေသ တွေမှာ ရုံးခွဲများဖွင့်လှစ်ခြင်းဖြင့် ဒေသခံများအတွက် အချိန်၊ ငွေနှင့် လူအင်အားကုန်ကျမှုကို များစွာလျှော့ချ ပေးနိုင်ပြီး လုပ်ငန်းများ လျင်လျင်မြန် မြန်ဆောင်ရွက်စေနိုင်မည့် အပြင် ဒေသတွင်းရင်းနှီးမြှုပ်နှံမှု တိုးတက် စေရေးအတွက်လည်း လိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်မှာဖြစ်ကြောင်းပြော ကြားပါတယ်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေး မှူးချုပ် ဦးအောင်နိုင်ဦးက စစ်ကိုင်း တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု အခြေအနေများနဲ့ အလားအလာများ ကို ရှင်းလင်းပြောကြားရာ ကုမ္ပဏီ မှတ် ပုံတင်ခြင်း ဘာကြောင့်လိုအပ်လဲမေးရင် လူတိုင်း အသက် ၁၈ နှစ်ပြည့်ရင် မှတ်ပုံတင်လုပ်ရသကဲ့သို့ လုပ်ငန်း တစ်ခုသည်လည်း မှတ်ပုံတင်မှ လုံခြုံ စိတ်ချရခြင်း၊ အာမခံချက်ရှိခြင်း၊ အခွင့် အလမ်းများရခြင်း အကျိုးကျေးဇူးများ ရရှိနိုင်မှာဖြစ်လို့ မိမိတို့ဌာနက ကုမ္ပဏီ လဝကရုံးလို့ပြောနိုင်ကြောင်း၊ ရင်းနှီး မြှုပ်နှံမှုဥပဒေ၊ ကုမ္ပဏီအက်ဥပဒေ၊ အထူးစီးပွားရေး ဇုန်ဥပဒေအရ စီးပွား ရေးလုပ်ကိုင်နိုင်တဲ့ နည်းလမ်းများ၊ အ ခွန်ဆိုင်ရာ ကင်းလွတ်ခွင့်သက်သာ ခွင့်များ၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ဆောင်ရွက်လျက်ရှိသော နိုင်ငံ ခြားရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ဦးစားပေး ပြည်တွင်းစီးပွားရေးစကြီများ အခြေ အနေ၊ ပထဝီအနေအထားအရအလား အလာ အခွင့်အလမ်းများရှိခြင်း ကြောင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဆောင် ရွက်နိုင်ရန် အလားအလာရှိတဲ့ ကဏ္ဍ များနဲ့ DICA မှ ဆောင်ရွက်ပေးမယ့် လုပ်ငန်းများကို ရှင်းလင်းပြောကြား ပါတယ်။ ဆက်လက်၍ ဒုတိယညွှန် ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော် က ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီတည် ထောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း များကို အသေးစိတ် ရှင်းလင်းပြောကြား ရာ တက်ရောက်လာသည့် လုပ်ငန်းရှင် များက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးရာ တာဝန်ရှိသူများက ပြန် လည်ဖြေကြား ရှင်းလင်းခဲ့ကြောင်း သတင်းရရှိပါတယ်။

**ရီလင်းထွန်း-မုံရွာ**

## တပ်မတော်ခန်းမတွင်ပြုလုပ်မည့် ဟိုချီမင်း ကုန်စည်ပြပွဲတွင် Vietjet ပါဝင်ပြသမည်

လာမည့် ဧပြီ ၁ ရက်မှ ၃ ရက် အထိ တပ်မတော်ခန်းမတွင် ကျင်းပမည့် ဟိုချီမင်းမြို့တော် ကုန်စည်ပြပွဲတွင် စရိတ်သက်သာသော လေကြောင်း လိုင်း တစ်လိုင်းဖြစ်သည့် Vietjet လေကြောင်းလိုင်းမှ ပါဝင်ပြသမည် ဖြစ်ကြောင်း Vietjet လေကြောင်းလိုင်း၏ သတင်းထုတ်ပြန်ချက်များအရ သိရ သည်။

အဆိုပါပြပွဲတွင် Vietjet ၏ အနီရောင်ယူနီဖောင်းကို ဝတ်ဆင် ထားသည့် အကအဖွဲ့သည် ပြပွဲသုံးရက်စလုံးတွင် စိတ်လှုပ်ရှားဖွယ်ရာအစီ အစဉ်များ၊ ဖျော်ဖြေ ရေးအစီအစဉ်များဖြင့် ဧပြီ ၁ ရက်မှ ၃ရက်အထိ ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့လာရောက်လည်ပတ်သူ များအားလည်း Vietjet ၏ကံစမ်းမဲ အစီအစဉ်များမှတစ်ဆင့် ဗီယက်နမ်သို့ သွားရောက်မည့် လေယာဉ်လက်မှတ် ကို ၅၀ ရာခိုင်နှုန်း သက်သာခွင့်ရရှိမည်ဖြစ်ပြီး လေယာဉ်လက်မှတ်များကို မြန်မာကျပ်ငွေ ၇၇၇ ကျပ်ဖြင့် ဝယ်ယူရရှိနိုင်မည့် အခွင့်အရေးကို ရရှိမည် ဖြစ်ကြောင်း သိရသည်။

"Vietjet က ရှေ့ဆက်ပြီး အာရှ ဒေသမှာ ပျံသန်းရေးကွန်ရက်တွေ ချဲ့ထွင် သွားမည့်အပြင်များစွာသောအထူး အရောင်းမြှင့်တင်ရေးတွေကို ပြုလုပ်သွားမှာဖြစ်ပြီး လူတိုင်း Vietjet နဲ့အတူ ပျံသန်းနိုင်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ကျင်းပတဲ့ ဟိုချီမင်းမြို့တော် ကုန်စည်ပြပွဲမှာ Vietjet ရဲ့ခရီးသွားတွေ ဖြစ်လာနိုင်တဲ့ ခရီးသွားတွေကို Vietjet အရောင်းကောင်တာမှာလာရောက်တွေ့ဆုံဖို့ ဖိတ် ခေါ်ချင်ပါ တယ်။ အနာဂတ်မှာ အတူတူ ပျော်ပျော်ရွှင်ရွှင် ပျံသန်းကြမယ်လို့လည်း မျှော်လင့်ပါတယ်" Vietjet ၏ ဒုတိယဥက္ကဋ္ဌ ဖြစ်သူ Nguyen Thi Thuy Binh ကပြောသည်။

ဟိုချီမင်းမြို့တော် ကုန်စည်ပြပွဲသည် ဟိုချီမင်းမြို့တော် ရင်းနှီး မြှုပ်နှံ မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးစင်တာတို့မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး မည်သူ မဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဟိုချီမင်းမြို့တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးစင်တာ သည် Vietjet ကဲ့သို့သော ကုမ္ပဏီများကို တိုးတက်လျက်ရှိသော မြန်မာ ဈေးကွက်အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အရေးများကို ရှာဖွေရရှိနိုင်မည့် ကောင်းမွန်သော အခွင့်အရေးများရရှိစေရန် လုပ်ဆောင်ပေးလျက်ရှိသည်။

# ကမ္ဘာကျော် ဆွစ်ဇာလန် နာရီအမှတ်တံဆိပ် FRANK MULLER BACKES & STRAUSS၏ ပထမဦးဆုံး နာရီအရောင်းပြခန်းကို ဆီဒိုးနားဟိုတယ်(ရန်ကုန်)တွင် ဖွင့်လှစ်

ကမ္ဘာကျော် ဆွစ်ဇာလန်နာရီ အမှတ်တံဆိပ် FRANK MULLER BACKES & STRAUSS ၏ ပထမ ဦးဆုံးနာရီအရောင်းပြခန်းကို ရန်ကုန် မြို့ ဆီဒိုးနားဟိုတယ်တွင် မတ်လ ၁၉ရက်မှ စတင်ကာ ဖွင့်လှစ်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါနာရီအရောင်းဆိုင်တွင် ဆွစ်ဇာလန်နိုင်ငံတွင် ပြုလုပ်သည့် နာရီ များကို ရောင်းချပေးသွားမည်ဖြစ်ပြီး နာရီတစ်လုံးလျှင် အနည်းဆုံး အမေရိ ကန်ဒေါ်လာ လေးထောင်မှ အများဆုံး အမေရိကန်ဒေါ်လာ နှစ်သိန်းကျော် အထိ ရှိကြောင်း သိရသည်။ FRANK MULLER ကို ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စက်နာရီသမိုင်း တစ်လျှောက် မထုတ်လုပ်နိုင်ခဲ့သော နာရီအမျိုးအစားများစွာကို တီထွင်ဖန် တီးနိုင်ခဲ့သည်ဟု ဆိုသည်။ FRANK MULLER နာရီများ၏ နောက်ဖုံးတွင် Master of Complication ဆိုသည့် စာသားကို ဂုဏ်ယူဝင့်ကြွားစွာ ထည့် သွင်းထားသည်။




"ကျွန်တော်တို့ FRANCK MULLER ရဲ့ နာရီဖန်တီးမှုနည်းပညာ ဟာဟိုးရှေးရှေးကတည်းက ဆက်ခံလာ ခဲ့တဲ့ ရိုးရာလုပ်ထုံး လုပ်နည်းတွေကို အလေးထားပြီး လက်ပတ်နာရီတွေကို ပိုမိုထူးခြားဆန်းသစ်အောင် အမြဲတမ်း ကြိုးပမ်းအားထုတ်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဖန်တီးမှုတွေဟာ ၂၁ ရာစုမှာ လူတွေ အတော်များများ မေ့ ပျောက်လုဆဲဖြစ်နေတဲ့ 'အချိန်' ရဲ့ အဓိပ္ပါယ်ဖွင့်ဆိုမှုကို 'လက်ပတ်နာရီ' ဆိုတဲ့ပန်းချီကားပေါ်မှာအနာဂတ်ဆန် စွာပုံဖော်ရေးဆွဲနေတာပဲဖြစ်ပါတယ်" ဟု FRANCK MULLER ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ မစ္စတာ Nicholas Rudaz က ပြောကြားသည်။

Franck Muller Bccked & Strauss Yangon မှ နာရီများသည် အချိန်ကိုကြည့်ရန် တစ်ခုတည်း အတွက်သာမဟုတ်ဘဲ ပိုင်ဆိုင်သူ၏ ကိုယ်ရည်ကိုယ်သွေးနှင့် အမှတ် အသားကို ဖော်ဆောင်ပေးရုံသာမက ဘဝ၏ ပျော်ရွှင်၊ ဝမ်းနည်းချိန်များတွင် လည်း အဖော်မွန်တစ်ဦးအဖြစ် အမြဲ တည်ရှိနေမည်ဖြစ် သည်။ FRANCK MULLER BACKES & STRAUSS YANGON သည် ဆွစ်ဇာလန်နိုင်ငံ၏ ရိုးရာ လက်မှုပညာတစ်ခုဖြစ်သည့် စက်နာရီမှတစ်ဆင့် နောင်တွင် မြန်မာ့ ယဉ်ကျေးမှုနှင့် ပေါင်းစပ်ဖလှယ်သွား နိုင်ရန် အစွမ်းကုန် ကြိုးစားသွားမည် ဖြစ်သည်။

FRANCK MULLER BACKES & STRAUSS YANGON သည် နာရီထုတ်လုပ်မှုလုပ် ငန်းဆိုင်ရာ နည်းပညာများကို ပို့ချသင်ကြားပေး ခြင်းမှစ၍ ပရဟိတဆောင်ရွက်မှုအနေ ဖြင့် မိဘမဲ့ကလေးဂေဟာအတွက် ထောက်ပံ့မှုများကိုလည်း လုပ်ဆောင် သွားမည်ဖြစ်ကြောင်းသိရသည်။

**မယ်သီတာ**

➲စာမျက်နှာ ၁၂ - သစ်သီးဝလံ ပန်းမန်များ… မှ အဆက်

အလေးအနက် သိသင့်သောအချက်အဖြစ် ထည့်သွင်းဆွေးနွေးသွားသည်ကို မှတ်သားရပါသည်။

ဒုတိယစာတမ်းရှင် ဦးဇော်ဝင်း၏ Cold Chain အကြောင်းနှင့် ပတ်သက်ပြီး၊ အတွေးဝင်မိသည်မှာ လက်ရှိတွင် ယင်း အအေးခန်းသိုလှောင်ရုံမျိုး မြန်မာနိုင်ငံတွင် မရှိသေးသော်လည်း မကြာမီတွင် ဖြစ်ထွန်းလာနိုင်သဖြင့် သစ်သီးဝလံ တင်ပို့ရောင်းချသူများ အနေနှင့် သိသင့်တဲ့ အကြောင်းအရာတစ်ခုဖြစ်ကြောင်း သတိထားမိပါသည်။ ထို့အပြင် လက်ရှိတွင် ရန်ကုန်နှင့် မန္တလေးမြို့တို့၌ အကောင်အထည်ဖော်နေတဲ့ သစ်သီးဝလံ လက်ကားဈေးကြီးတွင် ယင်းအအေးခန်းသိုလှောင်ရုံများကိုပါ ထည့်သွင်းဆောက်လုပ်ရန်ရှိသဖြင့် ဆက်စပ်ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးရှိပြီးပြောင်းလဲမှု မြန်ဆန်လာမည်ဖြစ်ပါသည်။ အသင်းက မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ လိုအပ်ချက်များကို ပြည့်ပြည့်စုံစုံ ရှင်းလင်းသွားနိုင်ခဲ့ပါသည်။ ဆက်လက်ပြီး ယင်းအခက်အခဲများကို ပူးပေါင်းအဖြေရှာ သွားရမည်ဖြစ်ပါသည်။ ယခုကဲ့သို့ အလုပ်ရုံ ဆွေးနွေးပွဲများကို မကြာခဏ ဆောင်ရွက်နိုင်ပါက တိုးတက်မှု မြန်ဆန်မည်မှာ သေချာလှပါသည်။ နေ့တစ်ပိုင်းလုံး စိုက်ပျိုးရေးအပိုင်း၊ သိုလှောင်တင်ပို့ရေး အပိုင်း၊ အခွန်အခအပိုင်း၊ အခက်အခဲများ၊ ဖြည့်ဆည်းပေးရမည့် အချက်များကို တက်တက်ကြွကြွ ဆွေးနွေးခဲ့ကြသည်ကို များစွာ အားရမိပါသည်။ ယင်းဆွေးနွေးပွဲမှ အချက် ၂၁ ချက်ကို ဖော်ထုတ်နိုင်ခဲ့ပြီး ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ကြပါ သည်-

(၁) သစ်သီးဝလံအသင်း၊ အစုအဖွဲ့များနှင့် ဇုန်များ စဉ်ဆက်မပြတ် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်သွားရန်၊

(၂) သစ်သီးဝလံ၊ ပန်းမန်ဈေးကွက် တိုးချဲ့ရာတွင် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှသာမက ပင်လယ်ရေကြောင်းလမ်းမှ အခြားပြည်ပနိုင်ငံများသို့တိုးချဲ့တင်ပို့ရေးအတွက်လည်း ဆောင် ရွက်သွားရန်၊

(၃) ပြည်ပသို့ သရက်သီးတင်ပို့ရာတွင် စိန်တလုံးတစ်မျိုးတည်းကိုသာ အားထား၍တင်ပို့နေခြင်းအစား ဒေသအလိုက် အမည်ရပြီးအမျိုးအစားများဖြစ်သည့်(မြကျောက်၊ ဟသ်ာ၊ မချစ်စု) များကို လည်း ပြည်ပသို့ တင်ပို့နိုင်သည့် အရေအတွက်များများ ရရှိစေရန်အတွက် တိုးချဲ့ စိုက်ပျိုးထုတ်လုပ်တင်ပို့သွားနိုင်ရေး စီမံဆောင်ရွက်သွားရန်၊

(၄) သရက်ကို စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေးနှင့် အရည်အသွေးကောင်းသည့် သရက်မျိုးများကို တိုးချဲ့ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ကွင်းဆင်းပညာပေးမှုများ ဆောင်ရွက်သွားရန်၊

(၅) မြန်မာ့ဖရဲ၊ သခွားမွေးစိုက်ပျိုးသည့် ဒေသများတွင် တိုင်းရင်းသားအမည်ခံပြီး၊ ပြည်ပနိုင်ငံသားများက တရားမဝင်ရင်းနှီးမြှုပ်နှံ စိုက်ပျိုးထုတ်လုပ်မှုများ မရှိစေရေးအတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်နှင့် ဌာနများမှ တားဆီးပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(၆) သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်ရန်အတွက် အရည်အသွေးမှန်၊ မျိုးစေ့များနှင့် စနစ်တကျ မှတ်ပုံတင်ထားသောမျိုးစေ့များကို ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် အသင်းအဖွဲ့များ ချိတ်ဆက်ဆောင်ရွက်ရန်၊



(၇) သွင်းအားစုများဖြစ်သည့် မြေသြဇာ၊ ပိုးသတ်ဆေးနှင့် ပတ်သက်ပြီး သုံးစွဲသူတောင်သူများ အရည်အသွေးမီပြီး အာမခံချက်ရှိသော ပစ္စည်းများ ဝယ်ယူသုံးစွဲခွင့်ရှိရေးကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများက ထိထိရောက်ရောက် ကြီးကြပ်ကွပ်ကဲနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊

(၈) သရက်တွင် ပန်းပွင့်ပြီး အသီးမတင်သည့်ကိစ္စကို စိုက်ပျိုးသူ တောင်သူများသိရှိစေရန်အတွက် သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သည့် နည်းပညာများကို သစ်သီးဝလံအသင်းနှင့် စိုက်ပျိုးရေးဌာနတို့ပူးပေါင်း၍ ခေတ်မီနည်းစနစ်များ ဖြန့်ဝေသွားရန်၊

(၉) မန္တလေးတိုင်းဒေသကြီးအတွင်း၌ သရက်သီးများတွင် စေ့ထိုးပိုး တွေ့ရှိလာကြောင်း စာတမ်းရှင်၏ တင်ပြချက်ကို အလေးအနက်ထားပြီး သစ်သီးဝလံအသင်းမှ ပူးပေါင်းဆောင်ရွက် သွားရန်၊

(၁၀) လက်ရှိအချိန်တွင် သစ်သီးဝလံပန်းမန်များ ပြည်ပတိုးမြှင့်တင်ပို့နိုင်ဖို့ ITC Individual Trading Card တစ်ခုလျှင် ကုန်သွယ်ခွင့်တန်ဖိုးကို တစ်ပတ်လျှင် သိန်းတစ်ရာကန့်သတ်ထားခြင်း၊ ကတ်ပြုလုပ်ခွင့်ကို ဒေသကန့်သတ်ထားခြင်းများနှင့် ပတ်သက်၍ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချနေသည့်တောင်သူများအကျိုးအတွက် အဆိုပါ ကန့်သတ်ချက်များအပေါ် ခြွင်းချက်ဖြင့် ဖြေလျှော့ပေးနိုင်ရေး တင်ပြဆောင်ရွက်သွားရန်၊

(၁၁) လယ်ယာသုံးပစ္စည်းများအား ပြည်ပမှ တင်သွင်းရာတွင် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ပြုထားသကဲ့သို့ သစ်သီးဝလံများ စိုက်ပျိုးထုတ်လုပ် ပြည်ပတင်ပို့ရာတွင် အသုံးပြုသော သစ်သီးစွပ်အိတ်များ၊ ဂျပ်ဖာများနှင့် ထုပ်ပိုးပစ္စည်းများ တင်သွင်းရာတွင်လည်း ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုပေးနိုင်ရေး တင်ပြသွားရန်၊

(၁၂) သစ်သီးဝလံများ တင်ပို့ရောင်းချရာတွင် မူဆယ်မြို့ရှိ ကုမ္ပဏီများက ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကောက်ခံနေခြင်းကို သက်ဆိုင်ရာဌာနများအနေဖြင့် ပြန်လည်သုံးသပ်နိုင်ရေးအတွက် တင်ပြဆောင်ရွက်သွားရန်၊

(၁၃) သစ်သီးဝလံ အရောင်းအဝယ်ပြုလုပ်နေသည့် ကုမ္ပဏီများ၊ ပွဲရုံများအနေဖြင့် သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများနားလည်သည့် အသုံးအနှုန်းကို ပွင့်လင်းမြင်သာစွာ ကုန်စည်ဒိုင်တွင် ဖော်ပြပေးရန်၊

(၁၄) သစ်သီးဝလံအသင်းအနေဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်နေသောလက်ကား ဈေးကြီးများရှိ အအေးခန်းသိုလှောင်ရုံလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်၊

(၁၅) အအေးခန်းကွန်တိန်နာများဖြင့် သိုလှောင်သယ်ယူသည့်စနစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဌာနဆိုင်ရာများနှင့် သစ်သီးဝလံအသင်းတို့မှ နည်းပညာပေးရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊

(၁၆) တိုင်းဒေသကြီး/ပြည်နယ်များရှိ လမ်းတံတားကြေးကောက်ခံရေးဂိတ်များတွင် အသုံးပြုနေသည့် ကတ္တားများဖြင့် အလေးချိန်တွယ်ရာတွင် တစ်ခုနှင့်တစ်ခု ကွာခြားမှုမရှိစေရေး၊ မြန်ဆန်မှုရှိစေရေးနှင့် တစ်ပြေးညီဖြစ်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊

(၁၇) အရည်အသွေးစစ်ဆေးနိုင်သည့် ခေတ်မီဓာတ်ခွဲခန်းများပေါ်ပေါက်ရေးအတွက် အသင်းမှ ကြိုးပမ်းဆောင်ရွက်သွားရန်၊

(၁၈) သစ်သီးဝလံနှင့် ပတ်သက်သော စံချိန်စံညွှန်းပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် သစ်သီးဝလံအသင်းတို့ ပူးပေါင်းဆောင်ရွက်သွားရန်၊

(၁၉) သစ်သီးဝလံများကို ပြည်ပသို့ တင်ပို့ရောင်းချရာတွင် Brand Name ခေါ် ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ရောင်းချနိုင်ရေး ပညာပေးစည်းရုံးသွားရန်၊

(၂၀) ရောင်းချသူတောင်သူများနှင့် ဝယ်ယူသူ ပွဲရုံများအကြား သတင်းအချက်အလက်ရရှိမှု နှင့် ပွင့်လင်းမြင်သာမှုရှိရေးအတွက် မူဆယ်ကုန်စည်ဒိုင်နှင့် သစ်သီးဝလံအသင်းတို့မှ ပူးပေါင်းဆောင်ရွက်သွားရန် နှင့်

(၂၁) မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်တွင် သစ်သီးဝလံများကို လေလံတင် ထုခွဲရောင်းချရာ၌ ကုန်ပစ္စည်းတစ်ခုချင်းအလိုက် ဈေးနှုန်းများကို တောင်သူများ ပွင့်လင်းမြင်သာစွာသိရှိစေရေးနှင့် စနစ် တကျ ခေတ်မီနည်းစနစ်များဖြင့် လေလံတင် ထုခွဲရောင်းချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်တို့ဖြစ်ပါသည်။

အဆိုပါဖော်ထုတ်ချက်များကို မိမိတို့ သစ်သီးဝလံအသင်းအနေဖြင့် ရှေ့လုပ်ငန်းစဉ်များအဖြစ် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက မြန်မာနိုင်ငံ၏သစ်သီးဝလံ ပြည်ပတင်ပို့မှုများသည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်ခင်ဗျား။

## International Tourismus Borse-ITB Diamond Award 2016 ဆုကို ကယားပြည်နယ်လေ့လာရေး ခရီးသွားမှတ်တမ်း ဗီဒီယိုက ဆွတ်ခူးရရှိ

မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန် မဟာဗျူဟာရှိ ဝန်ဆောင်မှုကဏ္ဍတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်း ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကို နယ်သာလန်နိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်မြှင့်တင်ရေးဗဟိုဌာန (Center for promotion of imports from developing countries-CBI) မှ Netherlands Trust Fund(III) အစီအစဉ်ဖြင့် နိုင်ငံတကာကုန်သွယ်မှု ဗဟိုဌာန (ITC) ၏နည်းပညာအကူအညီဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီး ဌာန/အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကယားပြည်နယ် အခြေပြု အလုံးစုံပါဝင်သော ခရီးသွားလုပ်ငန်းစီမံကိန်း (Inclusive Tourism Focusing on Kayah State) ကို ၂၀၁၄ ခုနှစ်မှစတင်၍ ကယားပြည်နယ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ITC ၏ အစီအစဉ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုတို့ဖြင့် မြန်မာ့ခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်ရန် ဂျာမနီနိုင်ငံသား ဒါရိုက်တာ Max Kerkhoff ခေါင်းဆောင်သော အဖွဲ့ဝင်လေးဦးတို့သည် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်မှ မတ် ၃ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ကာ ကယားပြည်နယ်နှင့် အင်းလေးဒေသတို့တွင် အခြေခံ၍ ကယားပြည်နယ်လေ့လာရေး ခရီးသွားမှတ်တမ်းဗွီဒီယိုရိုက်ကူးခဲ့ကြသည်။

ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၌ မတ် ၉ ရက်မှ ၁၃ ရက်အထိ ဘာလင်အပြည်ပြည်ဆိုင်ရာ ခရီးသွားလုပ်ငန်းပြပွဲ ၂၀၁၆ ခုနှစ် (International Tourismus Borse-2016) ကို ကျင်းပခဲ့ရာ မတ် ၁၀ရက်တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ ခရီးသွားရုပ်ရှင်ပြပွဲပြိုင်ပွဲ၌ နိုင်ငံတကာမှ ခရီးသွားဗီဒီယို ၁၃၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် To be discovered : Kayah State Myanmar ခေါင်းစဉ်ဖြင့် ကယားပြည်နယ်လေ့လာရေး ခရီးသွားမှတ်တမ်း ဗီဒီယိုက ITB Diamond Award 2016 ဆုကို ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါမှတ်တမ်းဗွီဒီယိုကို https://www.youtube.com/watch?v=Dtkdyi4toe0&feature=em-share_video_user (An Introduction to Kayah State in Myanmar) တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရပါသည်။

**မြတ်မြတ်စိုးမိုး**
**(NES Unit, DOTP)**

# စည်းကမ်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည့် မော်တော်ယာဉ် အရောင်းစင်တာ ၄၇ ခုအား ထုတ်ပြန်ကြေညာ

မော်တော်ယာဉ်အရောင်းပြခန်း/ အရောင်းစင်တာဖွင့်လှစ်ထားသည့် ကုမ္ပဏီ များအား အရောင်း စင်တာ/ အရောင်းပြခန်းစည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိ/မရှိမြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ပြီး စည်းကမ်းသတ်မှတ်ချက်များအား လိုက်နာမှုပျက်ကွက်သည့် ကုမ္ပဏီ ၄၇ ခုကို စစ်ဆေးတွေ့ရှိရပါသည်။

အဆိုပါကုမ္ပဏီများသည် ဤကြေညာချက်ထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း တင်သွင်းသည့် မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်းကိစ္စ၊ အကောက်ခွန်ကိစ္စ၊ ပြည်တွင်းအခွန်ကိစ္စရပ်များအား မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီသို့ အမြန်ဆုံးလာရောက် စာရင်းရှင်းလင်းတင်ပြရန်ဖြစ်သည်။ မော်တော်ယာဉ်တင်သွင်းခြင်းဆိုင်ရာ စည်းကမ်းချက်များကို ထုတ်ပြန်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်သော အောက်ဖော်ပြပါ ကုမ္ပဏီများအား စည်းကမ်းဖောက်ဖျက်မှုအတွက် တည်ဆဲဖြစ်သော ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မော်တော်ယာဉ်အရောင်းစင်တာ/ အရောင်းပြခန်းစည်းကမ်းလိုက်နာမှု ပျက်ကွက်သည့် ကုမ္ပဏီ များစာရင်း**

| စဉ် | အရောင်းစင်တာအမည် | အရောင်းစင်တာလိပ်စာ |
|---|---|---|
| ၁ | Five Great Service Co.,Ltd. | အမှတ် (၁က/၂)၊(၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၂ | Five Oceans Services Ltd. | အမှတ်(၇၄/၈၀)၊မြေကွက်အမှတ်၊(၂/၂ B1)၊ မြေတိုင်းရပ်ကွက်အမှတ်၊(၂၀-ဗ)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး |
| ၃ | JPN Auto Services Co.,Ltd. | အမှတ်(၃၀၃/၃၀၅)၊အောက်ကြည့်မြင်တိုင်လမ်း၊ ၌ာနရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄ | Paung Paung Services Co.,Ltd. | အမှတ်(၂၈၅)၊အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ အလုံမြို့နယ်၊ ၌ာနာရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၅ | Win Htin Kyaw Services Co.,Ltd. | အမှတ်(စီ -၁၂)၊ရိုးကြီးချောင်းပတ်လမ်း၊ အမှတ် (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၆ | Kaung Saytaman Services Co.,Ltd. | အမှတ်(၉-E/၂)၊ကမ္ဘာအေးဘုရားလမ်း၊ (၇) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၇ | Fujiyama Services Co.,Ltd. | အမှတ်၁၅၈၊ အင်းစိန် လမ်းမကြီး၊ (၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၈ | Golden Fortune Services Co.,Ltd. | အမှတ် ၃၂၇၊ ဦးဝိစာရလမ်း၊ မြေနီကုန်းမြောက် ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉ | Grand Member Centre Service Co.,Ltd. | အမှတ်(၅)၊မင်းဓမ္မလမ်း၊ကြို့ကုန်းအရှေ့ရပ်ကွက်၊ ပြည်လမ်းနှင့်မင်းဓမ္မလမ်းထောင့်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၁၀ | Green Matrix Ltd. | အမှတ်(၃-အေ)၊ မေခလမ်း၊ (၇) မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၁၁ | Lotus Blossom Services Co.,Ltd. | အမှတ်(၅၉/အေ)ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၁၂ | Lucky Center Services Co.,Ltd | အမှတ်(၂၂၀)၊ရန်ကုန်- အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၁၃ | Myanma Car Aung Naing Yae Services Co.,Ltd. | အမှတ်(၄၄/ဃ)၊ ပြည်လမ်း၊(၇)မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၁၄ | Myanmar Acme Services Co.,Ltd. | အမှတ် ၂၀၅၊ နှင်းဆီလမ်း၊ သီရိမွန်အိမ်ယာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၁၅ | Royal 63 Services Co.,Ltd. | အမှတ်(၆၃)၊ တော်ဝင်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၆ | Shwe Yamone Services Co.,Ltd. | အမှတ်(၂၉)၊ ပြည်လမ်း၊ (၇) မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၁၇ | Soe Taw Wun Services Co.,Ltd. | မြေကွက်အမှတ်(၃၂/ဒီ/၁)၊မြေတိုင်းရပ်ကွက် အမှတ် (၃၆ စီ)၊ အမှတ်(၁၀၂)၊ (၉)ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၈ | Speedy Auto Services Co., Ltd. | အမှတ်(၃၂)၊ ကုန်းမြင့်ရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၁၉ | The Grand Nay Nan Taw Co.,Ltd. | အမှတ် ၃၀ အေဘီ၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၂၀ | Win &Sann Pwint Aung Myin Services Co.,Ltd. | အမှတ်(၈၇)၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၂၁ | Win Hlaing Hlaing Oo Auto Services Co.,Ltd. | အမှတ် (၄၉)၊မြေကွက် အမှတ် (၁/ခ)၊ အုတ်ပုံဆိပ်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၂၂ | Sandrar Services Co.,Ltd. | အမှတ်(၇၉)၊အုတ်ပုံဆိပ်လမ်း၊(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ |
| ၂၃ | Thit Sar Arman Services Co.,Ltd. | အမှတ် ၄၃(က)၊ ပြည်လမ်း၊ (၇)မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၂၄ | Asia Economic Community Colour Co., Ltd (ဧရာဝတီ) | ကွင်းအမှတ်(၁၆၃/ဘီ)ထန်းကုန်း၊ ရန်ကုန်-ပုသိမ် လမ်းမကြီးဘေး၊(၁၅) ရပ်ကွက်၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၂၅ | Dynamic Co.,Ltd. | အမှတ် ၄၊ ရတနာလမ်း၊ ကျိုက္ကဆံအနောက်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ |
| ၂၆ | Mingalar Thukha Services Co.,Ltd. | အမှတ်(၁၁)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၂၇ | Royal Thiri Auto Services Co.,Ltd. | အမှတ်(၆၇)၊ဘီ-၁၊ဖိုးစိန်လမ်းနှင့်ဗညားဒလလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၂၈ | Super Auto Group Co.,Ltd. | အမှတ်(၅၂-အေ)၊ဆရာစံလမ်း၊ဗဟန်းအနောက် မြောက်ရပ်ကွက်၊ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂၉ | U Ba Maung Business Group Services Co.,Ltd | အမှတ် ၉၅/ B ၊ ဗညားဒလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၃၀ | Best Auto Co.,Ltd. | အခန်း ၇၊၈၊ ၉၊ တိုက် အေဘီစီ၊ ရွှေမြယာအိမ်ယာ၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင် ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၃၁ | Best Golden Village Auto Services Co.,Ltd. | အမှတ် (၇၅၃-က၊ ခ)၊ (၇၅၂-ခ)၊ ကျန်စစ်သားလမ်း၊ (၇၂) ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၂ | Camel International Auto Mobile & Services Co.,Ltd. | အမှတ်(၉၇၂/၉၇၃/၉၇၄)၊ ကနောင်မင်းသားကြီးလမ်း၊ (၉၁) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၃ | Charm Services Co.,Ltd | အမှတ် ၁၀၊ ဘုရင့်နောင် လမ်း၊ အိုဝမ်းဖွဲ့နုဆီစက်ဝင်း၊ (၄)ရပ်ကွက်၊လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၃၄ | Crown Myanmar Co.,Ltd. | အမှတ်(၈၀၉)၊ ဝေဇယန္တာလမ်းနှင့် ကျော်သူလမ်းထောင့်၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၅ | Great International Services Co.,Ltd. | အမှတ် (၂၅က/ခ)၊ ကျောက်စိမ်းပတ်လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၆ | Myan Pyi Kyaw Kyar Services Co.,Ltd. | အမှတ်(၄)၊ ပြည်ထောင်စုလမ်း၊ ပင်လုံအိမ်ယာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/၉)၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်တိုင်း ဒေသကြီး |
| ၃၇ | Myanmar Capital Land Co., Ltd | အမှတ် (ပ/၆၂)၊ ပြည်ထောင်စုလမ်း၊ (၃၈) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၈ | Pyae Sone Aung Naing Services Co., Ltd. | အမှတ် (၇)၊ ရှုခင်းသာလမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃၉ | Soe San Automobile Services Co.,Ltd. | Shell Car Servicing ဝင်း၊ အရှေ့မြင်းပြိုင် ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၀ | Summit Life Services Co.,Ltd. | အမှတ်(၁၀)၊ပြည်သူ့လမ်း၊ (၁)ရပ် ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ |
| ၄၁ | Trust Land Services Co.,Ltd. | အမှတ် (၄၆၂)၊ သစ္စာလမ်းမ၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၂ | Tuhnine Ma Hmi Family Services Co.,Ltd. | အမှတ် (၁)၊ မြိုင်မာလာလမ်း၊ ဘောက်ထော် (၁၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၃ | Unity Land Logistics Co.,Ltd. | အမှတ် (၇/ခ)၊ ဦးထွန်းမြတ်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး |
| ၄၄ | World Tower Services Co.,Ltd. | အမှတ်(၅၁)၊ ( G -၁၁)၊ ပင်ရွှေညောင်လမ်း၊ တော်ဝင်ပုလဲအိမ်ယာ၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၅ | Zaw Myo Htain Services Co.,Ltd. | အမှတ်(၉၃၈)၊ ရှုခင်းသာလမ်းမကြီး၊(၄/မြောက်) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၆ | Asia Master Service Co.,Ltd. | အမှတ်(၅၆/၅၈)၊ မအူကုန်းလမ်းကျယ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄၇ | Htet Oo Co.,Ltd. | အမှတ်(၃၄)၊အောင်ဇေယျာလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ |

## မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းမှရေထွက်ကုန် တန်လေးထောင်ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ၂၀၁၆ ခုနှစ် မတ်လ ၁၂ ရက်မှ ၁၈ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၄ ဒသမ၇၄၂ သန်းတန်ဖိုးရှိရေထွက်ကုန် ၄၂၁၆ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၇၅၂ တန်ကျော် လျော့နည်း တင်ပို့ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၂၈ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၆၂ တန်ကျော်၊ ကဏန်း ၂၄ တန်ကျော်နဲ့ ပုစွန်သုံးတန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ငါးတန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၂၂၉ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၁၄၀၂ တန်ကျော်၊ ပုစွန်ကိုးတန်ကျော်၊ ကင်းမွန် ၃၁ တန်၊ အခြားရေထွက် ၅၁ တန်ကျော်၊ ပင်လယ်ငါးရှဉ့် သုံးတန်ကျော်၊ ကဏန်း တစ်တန်ကျော်နဲ့ ရေဘဝဲတစ်တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၇၁၈ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၃ ဒသမ ၃၈၅ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၁၅၈၈ တန်ကျော်၊ ငါးမှုန့် ၈၈၈ တန်ကျော်၊ ရေငန်ပုစွန် ၇၅ တန်ကျော်၊ ကင်းမွန် (အခွံချွတ်)၁၆ တန်ကျော်၊ ဂဏန်းနီ ၂၅ တန်ကျော်၊ ငါးအသားလွှာ ၂၄ တန်၊ ကင်းမွန်(ခေါင်း)ခုနစ် တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၈ တန်ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။ **ခင်မြနွယ်**

## မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးဆန် တန် ၇၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ မတ် ၁၂ ရက်မှ ၁၈ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၃၂၃ သန်းတန်ဖိုးရှိ ဆီးဆန် ၇၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၀၄ သန်းတန်ဖိုးရှိ ဆီးဆန် ၂၅ တန်ကျော် တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာတော့ ဆီးဆန် ၅၃ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းကတော့ ယခုသီတင်းပတ်မှာ ဆီးဆန်တင်ပို့မှု မရှိဘူးလို့သိရပါတယ်။ **တင်တင်ထွန်း**

## ITC ကတ်နဲ့ ကုန်သွယ်ရေးစခန်းများမှ ကျပ်သန်းပေါင်းခြောက်ထောင် ကျော်ကုန်သွယ်နိုင်

ယခုဘဏ္ဍာနှစ်စ ဧပြီ ၁ ရက်မှ မတ် ပထမပတ်ထိ ကုန်သွယ်ရေးစခန်းများမှ ITC ကတ်နဲ့ ကုန်သွယ်မှုကျပ်သန်းပေါင်း ၆၃၀၀ ကျော်ကုန်သွယ်ပြီးဖြစ်ပါတယ်။ မူဆယ်နဲ့ မြဝတီကုန်သွယ်ရေးဇုန်များမှာတော့ ITC ကတ်နဲ့ သွင်းကုန်ပစ္စည်းများသာ အဓိကတင်သွင်းပြီး မြိတ်နဲ့ လွှယ်ဂျယ်ကုန်သွယ်ရေးစခန်းမှာတော့ ပို့ကုန်ပစ္စည်းများကို အဓိကတင်ပို့တာ တွေ့ရပါတယ်။ ကျန်စခန်းများဖြစ်တဲ့ တမူး၊ တာချီလိတ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ ရိဒ်၊ မောတောင်နဲ့ ကျိုင်းတုံကုန်သွယ်ရေးစခန်းများမှာတော့ ပို့ကုန်ရောသွင်းကုန်ပါ ကုန်သွယ်နိုင်တာ တွေ့ရပါတယ်။ မောတောင်၊ မယ်စဲ့၊ ကျိုင်းလတ်နဲ့ မန္တလေးကုန်သွယ်ရေးစခန်းများမှာတော့ ယခုဘဏ္ဍာနှစ် အတွင်းမှာ ITC ကတ်နဲ့ လုပ်ငန်းလုပ်ဆောင်မှုမရှိတာတွေ့ရပါတယ်။ ယခုဘဏ္ဍာနှစ်အတွင်း ITCကတ်နဲ့ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အများဆုံးကုန်သွယ်မှုပြုနိုင်ပြီး မြိတ်ကုန်သွယ်ရေးစခန်းမှ အနည်းဆုံး ကုန်သွယ်တာ တွေ့ရပါတယ်။ **ခင်မိုးသူ**


nzmp™
authorised
ingredient
distributor
မလိုင်ပြည့် နို့မှုန့် WMP, မလိုင်နည်း နို့မှုန့် SMP, BMP,
WHEY powder, AMF ထောပတ်ဆီ လုပ်ငန်းသုံး နို့ကုန်ကြမ်းများ
နယူးဇီလန်နိုင်ငံမှ ထုတ်လုပ်တင်သွင်းသည်
Fonterra ကုမ္ပဏီသည် နိုင်ငံပေါင်း ၁၄၀ သို့ နို့ထွက်ပစ္စည်းများ တင်ပို့ရောင်းချပါသည်
ပမာဏမှာ ကမ္ဘာ့ရောင်းချမှု အားလုံး၏ ၁/၃ ခန့် ရှိပါသည်။
နယူးဇီလန်နိုင်ငံ Fonterra Co-operative Group Limited ၏မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်ပါသည်
လမင်းတစ်ရာ ကုမ္ပဏီလီမိတက်
အမှတ်(၁၂၄)၊ မြေညီထပ်၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
Tel : 01-203531, 01-293055, 01-397363, 01-9010607, 01-9010608, 01-9010609
Exclusive Distributor
Fax : 01-202461
E-mail : Info@lamintayar.com
Website : www.lamintayar.com

TruLife®
Life Is Truly Good
စင်္ကာပူနိုင်ငံ၏ အကောင်းဆုံး အဆင့်မြင့် ငှက်သိုက်ရည်
သဘာဝရဲ့ နေ့စဉ် အကောင်းဆုံးအာဟာရ
ထူးလိုက်(ဖ်)
အဆင့်မြင့်ဂျင်ဆင်းငှက်သိုက်
Marketed By:
ZTT Zenith Treasure Trading Co., Ltd.
YGN : 09 250149168, 09 31755516 MDY : 09 250312862, 09 259892458 E-mail : ztt.sales@gmail.com
Distributed by Zenith Distribution Co., Ltd.


UMG
13kVA မှ 500kVA Silent Type,Open Type မီးစက်ကြီးများအား လူကြီးမင်းတို့၏
လုပ်ငန်းလိုအပ်ချက်များအတိုင်း အချိန်ပိုင်း၊လချုပ်၊နှစ်ချုပ်များဖြင့် ငှားရမ်းဝန်ဆောင်မှုပေးနေပါသည်။
Hot Line:09 513 9890,09 401570965
No.592,Bo Aung Kyaw Stret,Yangon~Pathein Highway Road,Hlaing Thar Yar Township, Yangon,Myanmar.
Tel:+95 1 645334 Fax: +951 645211


Construction & Piling
WAI PHYO DANA COMPANY LIMITED
CONSTRUCTION & PILING
We can provide pilling work for your low, high rise building and any kinds of construction's foundation work.
Service with - Hydraulic Bored Pile, Diesel
- Hammer, Press Pile Machine.
Ancillary Services - Static Load Test (SLT)
Working Load Test
- Ultimate Load Test (ULT)
- Pile Production
Eatsarthaya St,Build(1),Room No.(103) ,Thumingalar Housing No(2),Thingannyun Township,Yangon,Myanmar.
Phone:Fax: +951-573860,Mobile: +959 258634831,+ 959- 796165841,+959 250539862,+959 265195099
Email :wpd.mktg01@gmail.com


KJTM
Machinery & Equipment Trading Co.,Ltd
Block (B) Ground Floor,Room No (G.18),Pearl Condo,corner of Kabaraye Pagoda Road,
Bahan Tsp , Yangon , Myanmar ,
Tel: +95 9 5196438 , 254158387
E-mail: than.maing@ceaprojects.com , ye.htwe@ceaprojects.com
RANGE AND A GLOBAL NETWORK
PALLET

## ပြောင်း

### မူဆယ်စခန်းတစ်ခုတည်းမှ ပြောင်းတင်ပို့



မတ် ၁၂ ရက်မှ ၁၈ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃ ဒသမ ၇၃၀ သန်းဖိုးရှိတဲ့ ပြောင်းဖူးစေ့ ၁၆၁၆၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က မူဆယ်နဲ့ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းနှစ်ခုမှ ပြောင်း ၁၅၃၃၆ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ပြောင်းကို စခန်းတစ်ခုတည်းမှသာ တင်ပို့ပေမယ့် ၈၂၉ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ တရုတ်ဘက်ကလည်း အရည်အသွေးပေါ်မူတည်ပြီး ပုံမှန်ဝယ်လိုအား ရှိကြောင်း၊ ပြောင်းကီလိုဂရမ်တစ်ထောင်လျှင် ၁၆၀၀ ယွမ်ဈေးရှိကြောင်း ပြောင်း တစ်တန်ဈေးကို ယခင်တစ်ပတ်က ၂၇၇၀၅၄ ကျပ်မှ ယခုတစ်ပတ်တွင် ၂၈၃၁၂၀ ကျပ်သို့ ဈေးများ ဆက်လက်မြင့်တက်နေကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

### ပြောင်းတန်ချိန် နှစ်သိန်းကျော်တင်သွင်းရန် ခေါ်ထားတဲ့တင်ဒါကို အိန္ဒိယက ပယ်ဖျက်

အိန္ဒိယနိုင်ငံက ခေါ်ထားတဲ့ ပြောင်းတန်ချိန် ၂၄၀၀၀၀ တင်သွင်းရန် တင်ဒါအား ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း မတ် ၁၉ ရက်က ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။ ကူးသန်းရောင်းဝယ်ရေးဌာနနဲ့ အစိုးရဌာနများမှအရာရှိများက ယခုနွေရာသီပြောင်းစပါးဟာ အထွက်ကောင်းပြီး ပမာဏများပြားနိုင်မယ်လို့ မျှော်မှန်းထားတာကြောင့် ပြည်ပမှပြောင်းတင်သွင်းရန် ခေါ်ထားတဲ့ တင်ဒါကို ပြန်လည်ဖျက်သိမ်းလိုက်တာဖြစ်ပါတယ်။ အိန္ဒိယဟာ GMO (Genetically modified food) များ စိုက်ပျိုးခွင့်ကို ကန့်သတ်ထားတဲ့အပြင် ပြည်ပမှ တင်သွင်းမှုကိုလည်း ခွင့်ပြုထားခြင်း မရှိဘူးလို့သိရပါတယ်။

တင်ဒါခေါ်ယူခြင်းအား မပယ်ဖျက်မီ အိန္ဒိယသည် ယူကရိန်းမှ ပြောင်းတန် ၂၅၀၀၀၀ ကို ရရှိထားပြီးဖြစ်ပါတယ်။ ကမ္ဘာ့ရောင်းအားအရှိဆုံးဖြစ်တဲ့ Agrocorp, Concordia, Noble, Starcon နဲ့ Daewoo International တို့က ပြောင်း တန် ၂၄၀၀၀၀ အတွက် ဈေးပြိုင်လေလံစနစ်နဲ့ တစ်တန်ကို ၁၉၄ ဒသမ၆၂ ဒေါ်လာ နဲ့ ၂၂၂ ဒသမ ၅၀ ဒေါ်လာကြားဈေးများနဲ့ ပြောင်းတင်သွင်းမယ့် လေလံဈေးများကို ခေါ်ယူထားပြီး ဖြစ်တယ်လို့ Hellenishippingnews.com သတင်းမှာ ဖော်ပြထားပါတယ်။

**CMK**

## သကြား

### သကြားတန်ချိန် တန်ခုနစ်ရာကျော်ကို ခွဲတမ်းစနစ်နဲ့ အိန္ဒိယမှ အမေရိကန်သို့ တင်ပို့ခွင့်ပြု

အိန္ဒိယအစိုးရက အမေရိကန်သို့ ခွဲတမ်းစနစ်နဲ့ စက်မှုကုန်ကြမ်း သကြားကြမ်း တန်ချိန် ၇၂၃ တန် တင်ပို့ဖို့ ခွင့်ပြုမိန့်ကို ချပေးလိုက်တယ်လို့ မတ် ၂၃ ရက်က moneycontrol. အွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။ အဲဒီလိုခွဲတမ်းချထားပေးလိုက်တာဟာ ရော်ဘာဈေးကို အထောက်အကူပြုစေဖို့ဖြစ်တယ်လို့ ဆိုပါတယ်။

အဆိုပါ ခွဲတမ်းစနစ် TRQ (tariff rate quota) နဲ့တင်ပို့ခြင်းဆိုတာက သတ်မှတ်ထားတဲ့ပမာဏတစ်ခုကို သတ်မှတ်အခွန်နှုန်းထက် လျှော့နည်းပေးဆောင်ခွင့်ပြုထားခြင်းဖြစ်ပါတယ်။ TRQ နဲ့တင်ပို့မယ့် ပြောင်း ၇၂၃ တန်ကို စက်တင်ဘာလ ၃၀ ရက်အထိကာလအတွင်း တင်သွင်းရမှာဖြစ်တယ်လို့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်ပကုန်သွယ်ရေး အထွေထွေဦးစီးဌာန DGFT (Directorate General of Foreign Trade) ရဲ့ ပြည်သူသို့ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

အကယ်၍ TRQ နဲ့ တင်သွင်းခွင့်ရထားတဲ့ ခွဲတမ်းပမာဏထက်ကျော်လွန်တင်ပို့မယ်ဆိုရင်တော့ သတ်မှတ်အခွန်နှုန်းထားအတိုင်း ပေးဆောင်သွားရမှာဖြစ်ပါတယ်။ အကယ်၍ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Certificate of country) လိုအပ်ပါကလည်း မွမ်ဘိုင်းရှိ DGFT ဌာနအနေနဲ့ အမေရိကန်သို့ သကြားတင်ပို့မှုအတွက် ထုတ်ပေးမယ်လို့သိရပါတယ်။ အိန္ဒိယနိုင်ငံဟာ ကမ္ဘာမှာ ဒုတိယသကြားအများဆုံး တင်ပို့သောနိုင်ငံဖြစ်ပြီး ဘရာဇီးလ်နိုင်ငံက ထိပ်ဆုံးမှာရှိနေပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ အိန္ဒိယမှ ပြည်ပသို့သကြားတင်ပို့မှု ပမာဏ တန်ချိန် ၂၂၀ ဒသမ ၃၀ သိန်းကျော်ရှိပြီး ယမန်နှစ်ကာလတူ တင်ပို့မှုကလည်း ၂၂၀ ဒသမ ၅၇ သိန်းတင်ပို့နိုင်ခဲ့တယ်လို့ moneycontrol. အွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

**CMK**

## ရော်ဘာ

### ကုန်သွယ်ရေးစခန်းများမှ ရော်ဘာပိုမိုတင်ပို့

မတ် ၁၂ ရက်မှ ၁၈ ရက်အထိကာလအတွင်း ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၁ ဒသမ ၀၄၇ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၁၁၁၇ တန် တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS-1 တန် ၃၀၊ RSS-3 ၁၃၅ တန်၊ RSS-5 တန် ၄၀၀၊ SR-20 ၂၄၃ တန်ကျော်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ RSS-3 တန် ၅၀၊ ?MSR-20 တန် ၅၀ ခန့်၊ Mixtures of Natural Rubber တန် ၂၁၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၆၈၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ရော်ဘာတင်ပို့မှု ပိုမိုသလို ယခုတစ်ပတ်မှာ ရော်ဘာဈေးလည်း မြင့်တက်လာပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ RSS-3 တစ်တန်လျှင် ၁၂၆၈၅၂၂ ကျပ်ရှိပြီး ယခင်တစ်ပတ်က ၁၂၁၉၅၆၁ ကျပ်သာဈေးပေါက်ခဲ့ပါတယ်။

မတ် ၁၃ ရက်မှ ၁၉ ရက်အထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ သုည ဒသမ ၉၈၄ သန်းတန်ဖိုးရှိ ရော်ဘာ ၉၇၇ တန်ကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံများမှာ မလေးရှားနိုင်ငံသို့ RSS-3 တန် ၆၀၀၊ ဂျပန်နိုင်ငံသို့ MSR-20 ၁၉၆ တန်၊ တရုတ်နိုင်ငံသို့ MSR-10 ၁၈၁ တန်ကျော် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၁၅၂၉ တန်လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာပေါက်ဈေးမြင့်တက်လာတဲ့အတွက် မြန်မာ့ရော်ဘာ FOB ဈေးလည်းမြင့်တက်လာပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ တစ်တန်လျှင် ဒေါ်လာ ၁၀၀ စီဈေးမြင့်၍ ဈေးနှုန်းထုတ်ပြန်ခဲ့ကြောင်း သိရှိရပါတယ်-

| | | | |
|---|---|---|---|
| **RSS 1** | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| **RSS 2** | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| **RSS 3** | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| **RSS 4** | တစ်တန်လျှင် | ဒေါ်လာ | ၁၀၅၀-၁၁၅၀ |
| **RSS 5** | တစ်တန်လျှင် | ဒေါ်လာ | ၁၀၀၀-၁၁၀၀ |
| **MSR (3)L** | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| **MSR 10** | တစ်တန်လျှင် | ဒေါ်လာ | ၁၁၀၀-၁၂၀၀ |
| **MSR 20** | တစ်တန်လျှင် | ဒေါ်လာ | ၁၀၅၀-၁၁၅၀ |
| **MSR 50** | တစ်တန်လျှင် | ဒေါ်လာ | ၉၅၀ - ၁၀၅၀ |
| **Crepe Rubber** | တစ်တန်လျှင် | ဒေါ်လာ | ၉၀၀ - ၁၀၀၀ |
| **Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502)** | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀ -၁၂၅၀ |
| **Concentrate Latex 60% DRC** | တစ်တန်လျှင် | ဒေါ်လာ | ၇၆၀ - ၈၁၀ |

**ယဉ်ယဉ်အေး**

# ပြည်ပမှ သဘာဝရော်ဘာ တင်သွင်းရန် လိုအပ်ကြောင်း အိန္ဒိယပြည်တွင်းတာယာလုပ်ငန်းရှင်များက ပြောကြား

ပြည်ပမှ ရော်ဘာတင်သွင်းခြင်းအားဖြင့် ပြည်တွင်းထုတ်လုပ်မှုနဲ့ သုံးစွဲမှုကြား ကွာဟချက်ကို ဖြည့်ဆည်း ပေးရာရောက်စေတယ်လို့ တာယာထုတ်လုပ်သူများနဲ့ ရော်ဘာအခြေခံ ထုတ်ကုန်လုပ်ငန်းရှင်များက ပြောကြားပါတယ်။ ပြည်ပရော်ဘာတင်သွင်းမှုသည် အလွန်အကျွံဖြစ်နေ တယ်လို့ ရော်ဘာစိုက်ပျိုးသူများ အသင်းရဲ့ စွပ်စွဲပြောကြားချက်အပေါ် ရော်ဘာထုတ်ကုန်လုပ်ငန်းရှင်များအသင်းက ပြည်တွင်း၌ ရော်ဘာသိုလှောင်ထားတဲ့ပမာဏမှာ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခြင်းမရှိဘူးလို့ ပြောကြားလိုက်ပါတယ်။

ရော်ဘာဘုတ်အဖွဲ့က ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များအရ လက်ရှိဘဏ္ဍာနှစ်ပထမ ၁၁ လတာကာလအတွင်း ပြည်ပမှ ရော်ဘာတင်သွင်းမှုပမာဏသည် ပြည်တွင်းရော်ဘာထွက်ရှိမှုနဲ့အသုံးပြုမှု ပမာဏကွာဟချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့တယ်လို့ ရှင်းလင်းဖော်ပြထားပါတယ်။

ပြည်တွင်းရော်ဘာထုတ်လုပ်မှု ကျဆင်းလာတာနဲ့အမျှ ရော်ဘာထုတ်ကုန်လုပ်ငန်းလုပ်ဆောင်သူများအနေနဲ့ ပြည်ပမှတင်သွင်းတဲ့ ရော်ဘာကိုသာအားကိုးရတာဖြစ်ပါတယ်။ဒါပေမဲ့ ပြည်ပမှ ရော်ဘာတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၂၅ ရာခိုင်နှုန်းစည်းကြပ်ထားခြင်းဟာ အကျပ်အတည်းတစ်ခု သဖွယ်ဖြစ်နေသလို အဲဒီနှုန်းဟာလည်း ကမ္ဘာမှာအမြင့်ဆုံးနှုန်းထားတစ်ခုဖြစ်နေပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စ ဧပြီလမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအထိ ၁၁ လတာကာလအတွင်း ပြည်တွင်းထုတ်လုပ်မှုနဲ့ သုံးစွဲမှုကြား ကွာဟမှုဟာ တန်ချိန် ၃ ဒဒသမ ၆၇ သိန်းရှိပြီး ပြည်ပမှတင်သွင်းမှု ပမာဏဟာ ၃ ဒသမ ၉၃ သိန်းရှိတဲ့အတွက် ပြည်ပမှ အလွန်အကျွံတင်သွင်းနေတယ်လို့ ပြောဆို၍မရနိုင်ပါဘူးလို့ ယာဉ်ယန္တရားသုံး တာယာထုတ်လုပ်သူများအသင်း (Automotive Tyre Manufactures's Associaion-ATMA) ညွှန်ကြားရေးမှူးချုပ် Rajiv Budhraya က ပြောပါတယ်။

သဘာဝရော်ဘာ တင်သွင်းခွန်မြင့်မားခြင်းနဲ့ တာယာတင်သွင်းခွန်စည်းကြပ်နှုန်း နည်းနေခြင်းဟာ အိန္ဒိယနိုင်ငံအတွင်းသို့ ပြည်ပမှာ တာယာများ ပရမ်းပတာတင်သွင်းပြီး ပိုလျှံစုပုံအောင် ဆောင်ရွက်တာနဲ့တူတယ်လို့ Budhraya ပြောကြားပါတယ်။

တာယာတင်သွင်းမှု စာရင်းဇယားများအရ ယခုဘဏ္ဍာနှစ် ၉ လအတွင်း လစဉ် ထရပ်နဲ့ဘတ်စ်ကား သုံးတာယာ တစ်သိန်းကျော်တင်သွင်းလျက်ရှိပါတယ်။ ဒီပမာဏဟာဆိုလျှင် တာယာလိုအပ်ချက်ရဲ့ ၄၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးခြင်းဖြစ်ပြီး တရုတ်နိုင်ငံရဲ့ တာယာတင်သွင်းမှုက ၉၀ ရာခိုင်နှုန်းကျော်ရှိတယ်လို့ ATMA အရာရှိများက ပြောကြားပါတယ်။

All India Rubber Industries Association ရဲ့ (AIRIA)ဥက္ကဋ္ဌ Mohinder Gupta က အစိုးရက သဘာဝရော်ဘာတင်သွင်းမှုကို ထိန်းချုပ်နေတဲ့အတွက် ရော်ဘာကုန်ကြမ်းရရှိရန် ခက်ခဲနေကြောင်းနဲ့ ပြည်တွင်းရော်ဘာ ထွက်ရှိမှုက ရော်ဘာထွက်ကုန် ထုတ်လုပ်ရေးလုပ်ငန်းများ သုံးစွဲရန်အတွက် လုံလောက်မှုမရှိသေးကြောင်း ပြောကြားခဲ့ပါတယ်။

**CMK**

သင့်ကျန်းမာရေး

# အဆုတ်ရောင်နမိုးနီးယား pneumonias ရောဂါ

ဒေါက်တာလွင်သန့်

**အဆုတ်ရောင်နမိုးနီးယားဟာ** နမိုနီးယားဘက်တီးရီးယားကြောင့်ဖြစ်ပွားတယ်။ အအေးမိ၊ တုပ်ကွေး၊ နှာစေး၊ ချောင်းဆိုးခြင်းများဖြစ်ပွားမှု များပြားလာတာတွေ့ရှိရပါတယ်။

**ရောဂါလက္ခဏာ။** လေပြွန်ရောင်ခြင်း၊ ကိုယ်အပူချိန် မပြင်းထန်ခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်းဖြစ်ပွားတာ နှစ်ရက်မှ သုံးရက်ခန့်ကြာတဲ့အခါ ဖျားခြင်း၊ ချမ်းစိမ့်စိမ့်ဖြစ်ခြင်း၊ ချောင်းဆိုးသလိပ်ပါခြင်း (ခပ်စိမ်းစိမ်း၊ ဝါဝါ၊ သံချေးရောင်သလိပ်ပါခြင်း) ရင်ဘတ်အောင့်ခြင်း ဖြစ်ပွားတတ်တယ်။

**ဘက်တီးရီးယားအပြင်းဗိုင်းရပ်စ်ကြောင့်** (Infection Dengue Adenovirus) (Rhino virus) ကြောင့် ဖြစ်ပွားတယ်။ ကျန်မှို (Fungus) နှင့် ပရိုတိုဇိုးဝါး (protozoa) ကြောင့်ဖြစ်ပွားနိုင်ပါတယ်။

**ကူးစက်ပုံ။** လေထဲရှိရောဂါပိုးများ ရှူရှိုက်မိခြင်း၊ ခံတွင်း(သို့မဟုတ်)လည်ချောင်းထဲရှိနေပြီး၊ ပိုးမွှားများရှူရှိုက်မိခြင်းကြောင့် ကူးစက်နိုင်တယ်။ ကူးစက်လွယ်တယ်။ ချောင်းဆိုးသူနှင့်အတူနေသူများ ဂရုပြုသင့်တယ်။ သာမန်အအေးမိ၊ ချောင်းဆိုးရင် သက်သာပျောက်ကင်းလွယ်ပေမယ့် နမိုးနီးယားဝင်ရင်၊ သေသေချာချာကုသဖို့လိုတယ်။ ပဋိဇီဝဆေးသောက်ဖို့လိုမယ်။

**လက္ခဏာများ။** ချောင်းဆိုး၊ သလိပ်ထွက်ခြင်း၊ အဝါ၊ အစိမ်းအညိုသလိပ်ပါခြင်း၊ လူနည်းစုမှာ ချောင်းဆိုးသွေးပါခြင်း၊ နှာရည်ယို၊ နှာပိတ်ခြင်း၊ ချောင်းဆိုးရင် ရင်ဘတ်အောင့်ခြင်း၊ မေ့ခြင်း၊ မောခြင်း၊ အဖျားကြီးချမ်းတုန်ခြင်း၊ ချွေးအဆမတန်ထွက်ခြင်း၊ ပျို့အန်ခြင်း၊ အားယုတ်ပြီး မလှုပ်မရှားချင်၊ ပင်ပန်းခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အသက်ရှူမြန်ပြီး အသက်ရှူမဝခြင်း၊ တစ်ကိုယ်လုံးပြာနှမ်းလာခြင်း၊ သွေးပေါင်ချိန်ကျဆင်းခြင်းများဖြစ်ပွားပါက ဆေးရုံတက်ကုသဖို့လိုတယ်။ အသက်ကြီးရင့်သူများ၊ ငါးနှစ်အောက်ကလေးများ အထူးဂရုပြုဖို့လိုတယ်။ ခုခံအားကျဆင်းမှုရောဂါအခံရှိသူ၊ ကင်ဆာဆေးသုံးစွဲသူအဖြစ်များကာ အရက်မူးယစ်ဆေးဝါး၊ ဆေးလိပ်များသောက်ခြင်းတို့က ရောဂါပြင်းထန်စွာ ခံစားကြရတယ်။

**သိရှိနိုင်။** နမိုးနီးယားရှိ မရှိမိသားစုဆရာဝန်နဲ့ပြသဖို့လိုတယ်။ ပုံမှန်မဟုတ်တဲ့ အသက်ရှူသံကြားခြင်း၊ အသက်ရှူမြန်ခြင်း၊ အသက်ရှူတိုင်းရင်ဘတ်အောင့်ခြင်း၊ ရင်ဘတ်လှုပ်ရှားမှုနည်းခြင်း၊ အရေပြားပြာနှမ်းခြင်း၊ နှလုံးခုန်မြန်ခြင်းရှိ မရှိ စစ်ဆေးဖို့လိုပါတယ်။ လိုအပ်ပါက ရင်ဘတ်ဓာတ်မှန်ရိုက်ခြင်း၊ သွေးစစ်ခြင်းလုပ်နိုင်တယ်။ ဆေးကုသဖို့လိုတယ်။

**ကြိုတင်ကာကွယ်။** နမိုးနီးယားကာကွယ်ဆေးထိုးထားသင့်တယ်။ အနီးနားမှာ ချောင်းဆိုးရင်သတိထားရမယ်။ လက်ကိုင်ပုဝါနဲ့အုပ်ဆိုးရမယ်။ ပူတဲ့အရည်များများသောက်ရမယ်။ စိတ်ဖိစီးမှုလျှော့ပါ။ အသီးအရွက်သစ်သီးဖျော်ရည်စားသောက်ရမယ်။ နေ့စဉ်နာရီဝက်လေ့ကျင့်ခန်းလုပ်သင့်ပါတယ်။

# ကိုးလ်ဂိတ်၏ ငါးဆယ့်လေးသိန်းတန် ပညာသင်ဆု၏ နောက်ဆုံးဆုတစ်ဆုကို ကျောက်တော်မြို့မှ ကလေးငယ်နှစ်ဦးက ဆွတ်ခူးရရှိ



ကိုးလ်ဂိတ်၏ငါးဆယ့်လေးသိန်းတန်ပညာသင်ဆု၏တတိယမြောက်နှင့် နောက်ဆုံးဆုတစ်ဆုကို ကျောက်တော်မြို့မှ ကလေးငယ်နှစ်ဦး၏မိခင်ဖြစ်သူက ရရှိသွားကြောင်း ကိုးလ်ဂိတ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ကျောက်တော်မြို့တွင် နေထိုင်သူ ကလေးငယ်နှစ်ဦး၏ မိခင်ဖြစ်သူ မသန်းရီသည် သားသမီးနှစ်ဦးနှင့်အတူ မကွေးမြို့သို့ ရောက်ရှိနေစဉ်အတွင်း မကွေးမြို့မစျေးတွင် ကိုးလ်ဂိတ်သွားတိုက်ဆေးဘူးကို ဝယ်ယူခဲ့ရာမှ အဆိုပါ ပညာသင်ဆုကို ကံထူးခဲ့ခြင်းဖြစ်သည်။

အသက် ၃၂ နှစ်အရွယ်ရှိ မသန်းရီတွင် အသက် ၆နှစ်အရွယ်ရှိ သားတစ်ဦးနှင့် အသက် ၄နှစ်အရွယ်ရှိ သမီးတစ်ဦးရှိပြီး သားနှင့်သမီးအား ကျောင်းထားရန် အခက်အခဲရှိသည့် မိခင်တစ်ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာသင်ဆုကို ကံထူးခဲ့သည့် မသန်းရီက "ကိုးလ်ဂိတ်ရဲ့ ပညာသင်ဆုကို မမျှော်လင့်ဘဲရရှိတဲ့အတွက် အရမ်းပဲအံ့ဩမိသလို ဝမ်းသာမိပါတယ်။ကျွန်မတို့ ကလေးတွေရဲ့ အနာဂတ်နဲ့ပညာရေးကို ထောက်ပံ့နိုင်အောင်ဒီဆုငွေတွေကိုကျွန်မတို့ရဲ့ စီးပွားရေးလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံသွားဖို့ကျွန်မနဲ့ကျွန်မအမျိုးသားတို့က စီစဉ်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

မသန်းရီ၏သားကြီးသည် သူငယ်တန်းတွင် ပညာသင်ကြားလျက်ရှိနေပြီး သမီးငယ်မှာ လာမည့်ပညာသင်နှစ်တွင် သူငယ်တန်းသို့ တက်ရောက်ပညာသင်ကြားမည်ဖြစ်သည်။

"ဒီပညာသင်ဆုက မိသားစုလေးတစ်စုကို ပိုမိုကောင်းမွန်တဲ့လူနေမှုဘဝတွေကို ဖန်တီးနိုင်ဖို့အတွက် ရရှိလာတဲ့ အခွင့်အလမ်းတစ်ခုပါပဲ။ ကိုးလ်ဂိတ်က လူငယ်တွေရဲ့ပညာရေး တိုးတက်လာအောင်လုပ်ဆောင်ပေးဖို့ သန္နိဋ္ဌာန်ချထားတဲ့အတွက် ဒီပညာသင်ဆု အစီအစဉ်က အမှန်တကယ် လိုအပ်နေတဲ့သူတွေကို တစ်ဖက်တစ်လမ်းကနေ အထောက်အပံ့ ပေးနေတာဖြစ်ပါတယ်။ မသန်းရီနဲ့သူ့မိသားစုအတွက် ကျွန်တော် အရမ်းကို ဝမ်းမြောက်မိပါတယ်။ ကိုးလ်ဂိတ်သွားတိုက်ဆေးကို အသုံးပြုခြင်းကရော ပညာသင်ဆုကရော နှစ်ခုစလုံးကနေ အကျိုးအမြတ်တွေရရှိပါစေလို့လည်း ကျွန်တော် ဆုတောင်းပေးပါတယ်" ဟု ကိုးလ်ဂိတ် အင်ဒိုချိုင်းနား၏အထွေထွေမန်နေဂျာ၊ Mr. Kunal Chadha ကပြောသည်။

ကလေးများအတွက်ပညာရေးဆိုင်ရာလိုအပ်ချက်များအား ကူညီထောက်ပံ့ပေးခြင်းသည် ကိုးလ်ဂိတ်၏ အဓိကကျသည့် လူမှုအကျိုးပြုလုပ်ငန်းဆိုင်ရာ သန္နိဋ္ဌာန်တစ်ခုဖြစ်ပြီး ကိုးလ်ဂိတ်မှ ကမ္ဘာတစ်ဝန်းရှိ အမှန်တကယ်လိုအပ်လျက်ရှိသည့် ကလေးငယ်များအတွက် လုပ်ဆောင်ပေးခြင်း အစီအစဉ်များ၏ တစ်စိတ်တစ်ဒေသလည်းဖြစ်သည်။

ကလေးများအတွက် နှစ်စဉ် လုပ်ဆောင်ပေးလျက်ရှိသည့် သွားနှင့်ခံတွင်းကျန်းမာရေးလနှင့် တောက်ပသောအပြုံးတောက်ပသော အနာဂတ်များ၊ အစီအစဉ်များမှတစ်ဆင့်ယနေ့အချိန်အထိ ကလေးငယ်ပေါင်း သန်း ၈၀၀ ကျော်ကို အကူအညီပေးနိုင်ခဲ့ပြီဖြစ်သည်။

**မယ်သီတာ**

# Thai Products Business Matching ပွဲတက်ရောက်လိုပါက ဆက်သွယ်နိုင်

Thai Products Business Matching ကို ၂၀၁၆ ခုနှစ်၊ ဧပြီ ၁ ရက် Summit Park View Hotel Pinnya Room တွင် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံမှ KSBT KSBT Engineering Co., Ltd, K.M. Mhemical Corporation Limited,, Macaw Water Inernational Co.,Ltd., SAPA Engineering Co., Ltd, Reals Asia Co.Ltd., Anomchaimanufacture Co.,Ltd, Srirungreon Machine and Tools Co., Ltd, Fuid Pipe Engineering Co., Ltd, CNN Packing Co.,Ltd., Fivebond Co., Ltd စသည့်ကုမ္ပဏီ များ လာရောက်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အဆိုပါကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးလိုပါက Thai Commercial Office ဖုန်း ၀၁-၅၁၀၇၃၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း သတင်းကောင်းပါး အပ်ပါသည်။

# ၂၀၂၆ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၌ အူမကြီးကင်ဆာဖြစ်ပွားသူ ရှစ်သန်းကျော်ရှိလာမည်

၂၀၂၆ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၌ အူမကြီး ကင်ဆာဖြစ်ပွားသူ ရှစ်သန်းကျော် ရှိလာမည်ဖြစ်ကြောင်း မတ် ၂၁ ရက်က ဩစတြေးလျနိုင်ငံကျန်းမာရေးဌာနက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

အဆိုပါအစီရင်ခံစာကို ဘားနတ်ဒ်ဆော့လ်ဆိုသူက ပြုစုထားခြင်းဖြစ်ပြီး အသက် ၅၀ မှ ၇၉ နှစ်အတွင်း ရှိသည့် အသက်အရွယ်ကြီးရင့်သူများတွင် ပိုမိုအဖြစ်များကြောင်း၊ သို့သော် အဆိုပါ အူမကြီး ကင်ဆာရောဂါသည်။ ယခုအခါတွင် လူလတ်ပိုင်းအရွယ်များကိုပါ ခြိမ်းခြောက်လျက်ရှိကြောင်း ၎င်း၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် လာမည့်ဆယ်စုနှစ်အတွင်း အူမကြီးကင်ဆာရောဂါသည် ကလေးငယ်ပေါင်း ၄ ဒသမ ၆သန်းနှင့် လူကြီးလူငယ်ပေါင်း လေးသန်းခန့်တွင် ဖြစ်ပွားလာနိုင်ကြောင်း၊ အသက်အရွယ်အလိုက်ဖြစ်ပွားပုံများမှာ မတူညီနိုင်သော်လည်း အူမကြီးကင်ဆာရောဂါများဖြစ်ပွားမှု အရေအတွက်မှာ ပိုမိုများပြားလာနိုင်ကြောင်း ဘားနတ်ဒ်က ပြောကြားခဲ့သည်။

အူမကြီးကင်ဆာရောဂါသည်တွေဟာ အချိန်နဲ့တစ်ပြေးညီ ကုသမယ်ဆိုရင် ပျောက်ကင်းနိုင်ပါတယ်။ ခွဲစိတ်ကုသခြင်း၊ ကင်ဆာရောဂါဆိုင်ရာ ကုထုံးများဖြင့်ကုသခြင်း၊ အစာအိမ်အူလမ်းကြောင်းကြည့် မှန်ပြောင်းဖြင့်ကြည့်ရှု၍ ရောဂါအခြေအနေကို သိရှိနိုင်ခြင်း စသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုသမှုခံယူပါကပျောက်ကင်းနိုင်ကြောင်း ဘားနတ်ဒ်က အကြံပေးထားသည်။

**မယ်သီတာ**

# လူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆပ်ကော်မတီမှ ကြီးမှူးကျင်းပသည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီခွဲတွင် လှည်းကူးမြို့နယ်၊ စခန်းကြီးကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆပ်ကော်မတီဝင်များ၊ လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူများ သင်တန်း နည်းပြများနှင့် သင်တန်းသားများတက်ရောက်ခဲ့ကြပါသည်။

ဖွင့်ပွဲအခမ်းအနား၌ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်လွင်က ယခုဖွင့်လှစ်သောသင်တန်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များအား အထောက်အကူပြုစေရန်၊ ကျေးလက်ဒေသအသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းအားဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိလာစေရန်၊ ကျေးလက်အသေးစားကုန်ထုတ်လုပ်ငန်းများကို စနစ်တကျ လုပ်ကိုင်တက်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေနဲ့ အခါအခွင့်ရခိုက် ကြိုးစားလေ့လာသင်ယူကြရန်နှင့် မိမိတို့မျိုးဆက်သစ်များနှင့် ပတ်ဝန်းကျင်ရှိပြည်သူများသို့ နည်းပညာပြန့်ပွားရေးကို ဆက်လက်ဆောင်ရွက်ပေးကြရန် သင်တန်းဖွင့်ပွဲအမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းအား မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်တိုင် သင်ကြားပို့ချသွားမည်ဖြစ်ပြီး ဆပ်ပြာအရည်ကြည်၊ ဆပ်ပြာခရင်မ်၊ ကိုယ်တိုက်ဆပ်ပြာ၊ ခေါင်းလျှော်ရည် စသည့် လူသုံးကုန်ထုတ်လုပ်မှုနည်း ပညာများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြများက စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သင်တန်းကုန်ကျစရိတ်နှင့် သင်တန်းဖြစ်မြောက်အောင် စီစဉ်ပံ့ပိုးပေးခဲ့ကြောင်း သိရှိရပါသည်။

**USM**

## ဆင်းကတ်အသစ်ဝယ်ယူအသုံးပြုသူများအတွက် အပိုဆောင်းငွေနှင့် ထပ်ဆင့်အပိုဆောင်းငွေများရရှိမည့်အစီအစဉ်ကို အမ်ပီတီ စတင်

MPT ၏ ဆင်းကတ်အသစ်ကို စတင်သုံးစွဲသူများအတွက် အပိုဆောင်းငွေနှင့် ထပ်ဆင့်အပိုဆောင်းငွေများ ရရှိမည့်အစီအစဉ်ကို မတ် ၁၁ ရက်မှ စတင်လိုက်ကြောင်း MPT ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ အဆိုပါအစီအစဉ်အရ MPT ဆင်းကတ်အသစ်ကို စတင်အသုံးပြုချိန်တွင် အပိုဆောင်းငွေအဖြစ် ကျပ် ၅၀၀ စတင်ရရှိမည်ဖြစ်ပြီး ထိုလက်ကျန်ငွေဖြင့် မည်သည့်ဝန်ဆောင်မှုကို မဆို ပြုလုပ်နိုင်မည်ဖြစ်သည်။

ထို့ပြင် ဆင်းကတ်အသစ်တွင် ဖုန်းငွေဖြည့်ကတ်ဖြင့် လက်ကျန်ငွေ ဖြည့်သွင်းပါက ပထမဆုံးငွေဖြည့်ချိန်တွင် ငွေထည့်သွင်းသည့်ပမာဏအပေါ် မူတည်ပြီး အပိုဆောင်းငွေများထည့်သွင်းပေးမည်ဖြစ်ကာ တစ်လတစ်ကြိမ် လက်ကျန်ငွေထပ်မံဖြည့်သွင်းပါက အပိုဆောင်းငွေကို လေးလဆက်တိုက်ရရှိမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို Welcome Offer ဟု အမည်ပေးထားပြီး နံပါတ်အသစ်စတင်ချိန်မှ ရက်ပေါင်း ၃၀ အတွင်း အနည်းဆုံးလက်ကျန်ငွေ ကျပ် ၁၀၀၀ စတင်ဖြည့်သွင်းရမည်ဖြစ်သည်။ ထိုကဲ့သို့ ငွေစတင်ဖြည့်သွင်းမှသာလျှင် ပထမဆုံးငွေဖြည့်သွင်းမှုအတွက် ထည့်သွင်းပေးမည့် ပထမဆုံးအကြိမ် အပိုဆောင်းငွေကို ရရှိမည်ဖြစ်သည်။ ပထမဆုံးလက်ကျန်ငွေဖြည့်သွင်းချိန်တွင် ငွေပမာဏများလေလေ နောက်ထပ် လေးလဆက်တိုက်ရရှိမည့် အပိုဆောင်းငွေပမာဏ များလေလေဖြစ်သည်။ အပိုဆောင်းငွေများအား ရက်ပေါင်း ၃၀ အတွင်း MPT ဖုန်းအချင်းချင်းခေါ်ဆိုမှု၊ MPT ဖုန်းအချင်းချင်း စာတိုပေးပို့မှုနှင့် PayAsYouGo ဒေတာအသုံးပြုမှုအတွက်သာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါအစီအစဉ်ပြီးဆုံးမည့်အချိန်ကာလကို MPT က ထပ်မံကြေညာပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | ဗိုလ်တထောင်၊ သော်မဆင်ရိပ်သာလမ်း | ၇၅၀ စ/ပေ | (၆) လွှာ၊ အခန်းဖွဲ့ | ၆၅၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၃.၅×၄၅) ပေ | (ပ) ထပ်၊ အခန်းဖွဲ့ | ၈၀၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၃။ | အိမ်/မြေ | ဒဂုံ(တောင်) (၁၀၇) ရပ်ကွက်၊ ဂရုဏာလမ်း | (၂၀×၆၀) ပေ | သစ်သား (၂) ထပ်အိမ် | ၈၅၀ သိန်း | | ၀၉/၉၇/၆၂၁၁၂၃ |
| ၄။ | မြေ | ရွှေပြည်သာ၊ (၁၄) ရပ်ကွက် | (၂၀×၆၀) ပေ | ဂရံမြေ | ၃၅၀ သိန်း | လူစည်ကားရပ်ကွက် | ၀၉/၉၇/၆၂၁၁၂၃ |
| ၅။ | မြေ | မရမ်းကုန်း (၇) မိုင်၊ ကုန်းမြင့်ရိပ်သာ | (၅၀×၅၀) ပေ | မြေသီးသန့် | ၆၀၀၀ သိန်း | လမ်းသန့် | ၀၉/၉၇/၅၃၃၇၈၃၁ |
| ၆။ | မြေ | မရမ်းကုန်း၊ ရွှေနှင်းဆီလမ်း | (၆၅×၅၀) ပေ | မြေသီးသန့် | ၅၆၀၀ သိန်း | | ၀၉/၉၇/၅၃၃၇၈၃၁ |
| ၇။ | ကွန်ဒို | စမ်းချောင်းမြို့နယ်၊ လမ်းသန့် | ၁၅၀၀ စ/ပေ | MB(1) BR (2) | ၂၀၀၀ သိန်း | အာရှတော်ဝင်အနီး | ၀၉/၉၇/၅၃၃၇၈၃၁ |
| ၈။ | မြေ | ရန်ကင်း၊ မြနန္ဒာလမ်းအနီး | (၄၅×၅၀) ပေ | မြေသီးသန့် | ၃၅၀၀ သိန်း | | ၀၉/၉၇/၅၃၃၇၈၃၁ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့နယ်၊ ပြည်တော်သာ (၄) လမ်း | (၃၀×၅၀) ပေ | RC (၁) ထပ် | ၁၃၅၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၁၀။ | အိမ်/မြေ | ပြင်ဦးလွင်မြို့နယ်၊ နန်းမြိုင်လမ်းသွယ် | မြေ ၅၀၀၀ စ/ပေ<br>အိမ် ၁၂၀၀ စ/ပေ | RC (၁) ထပ်<br>MB (၃) ခန်း | ၄ သိန်း | တစ်လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပရိုဘောက် (၂၀၁၀) | ယာယီ | ၁၁၀ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | ပရိုဘောက် (ဆက်စီ) (၂၀၁၀) | ယာယီ | ၁၃၅ သိန်း | 1.5 ဓာတ်ဆီ၊ ကီးလိုနဲ |
| ၃။ | ဗီလ်ဒါ (၂၀၁၀) | ယာယီ | ၂၁၀ သိန်း | 1.5 ဓာတ်ဆီ |
| ၄။ | ကိုရိုလာဖင်/အက်ဇီယို (၂၀၁၀) | ယာယီ | ၂၀၀ သိန်း | 1.5 ဓာတ်ဆီ |
| ၅။ | အာအေဗီ (၄) (၂၀၀၃) | ယာယီ | ၂၅၀ သိန်း | 1.8 ဓာတ်ဆီ |
| ၆။ | ဟွန်ဒါဖစ် (၂၀၁၁) | 9K | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | ကလူဂါ (၂၀၀၄) | ယာယီ | ၂၈၅ သိန်း | 2.4 ဓာတ်ဆီ |
| ၈။ | အာဗီအာ (၂၀၁၂) | ယာယီ | ၃၅၀ သိန်း | 1.8 ဓာတ်ဆီ |
| ၉။ | အပ်ကား (နှစ် ၂၀) | - | ၇၄ သိန်း | |

## မြန်မာနိုင်ငံမှ အသေးစားအလတ်စားလုပ်ငန်းရှင်များအတွက် အချက်အလက်များကို ကြာရှည်စွာ သိုလှောင်ထားနိုင်မည့် Pansonic bluray data achiver ကို Plan B မှတစ်ဆင့်အသုံးပြုနိုင်မည်

မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက် နည်းပညာအဆင့်မြင့်ပြီး စွမ်းဆောင်ရည်မြင့်မားသည့်အချက်အလက်များစွာကို သိုလှောင်သိမ်းဆည်းထားနိုင်မည့် Panasonic ၏ blu-ray data archiver ကို Plan B မှတစ်ဆင့် ရယူသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း Panasonic ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

နယူးဇီလန်တွင် အခြေစိုက်သည့် Plan B ကုမ္ပဏီသည် လုပ်ငန်းနယ်ပယ်များစွာအတွက် Cloud ဝန်ဆောင်မှုများ၊ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ Solution များကို စဉ်ဆက်မပြတ် ပံ့ပိုးပေးခြင်းတို့ကိုလုပ်ဆောင်လျက်ရှိပြီး မြန်မာနိုင်ငံမှ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကိုလည်း အရင်းအနှီးကုန်ကျစရိတ်နည်းနည်းဖြင့် အဆင့်အတန်းမြင့်မားပြီး စွမ်းဆောင်ရည်မြင့်မားသည့် အချက်အလက်သို လှောင်မှုစနစ်ကို လွယ်လွယ်ကူကူရရှိစေနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

Panasonic ၏ blu-ray data archiver သည် Optical disc များဖြင့် အချက်အလက်များကို သိုလှောင်သိမ်းဆည်းထားနိုင်သည့်နည်းလမ်းဖြစ်ပြီး ယင်းကဲ့သို့ သိမ်းဆည်းထားသော အချက်အလက်များ၏ သက်တမ်းကြာရှည်ခံနိုင်မှုကို ထူးခြားစွာ တိုးမြှင့်ပေးနိုင်သော မှတ်တမ်းပြုသိမ်းဆည်းခြင်းဆိုင်ရာ နည်းပညာများကိုအသုံးပြုထားသည်။

"မြန်မာနိုင်ငံမှာ အဲဒီArchive ကို ဝယ်ယူမယ်ဆိုရင်တော့ Plan B နဲ့ချိတ်ဆက်ပြီး Data Archive အတွက် Storage Hosting ဝန်ဆောင်မှုကို ဝယ်ယူလို့ရနိုင်ပါတယ်။ High Capacity, Storage Size တွေက အရမ်းကြီးလွန်းပြီးအဆင့်မြင့်လွန်းတဲ့အတွက် မြန်မာနိုင်ငံက SME တွေအနေနဲ့ ကုန်ကျစရိတ်သက်သာအောင်ရယ်၊ ခေတ်မီတဲ့ Data Stroage ကိုသုံးပြီး Data တွေကို ခဏခဏ ရွှေ့ရ တဲ့ဒုက္ခကင်းဝေးအောင် Plan B က blu-ray Data Archiver ကို အသုံးပြုပြီး SME တွေလိုအပ်တဲ့ Storage Size ကိုသာခွဲခြမ်းပြီး Data သိမ်းဆည်းတဲ့ဝန်ဆောင်မှုကိုပေးမှာပါ။ ဒါကြောင့် SME တွေအနေနဲ့ blu-ray Data Archive ကို အရင်းအနှီးပြုစရာမလိုတော့ပါဘူး။ နောက်ပြီး Plan B ကနေ နည်းပညာပိုင်းကို တာဝန်ယူပေးသွားမှာပါ"ဟု Panasonic မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ Panasonic ၏ blu-ray Data Archive နည်းပညာဖြင့် သိုလှောင်သိမ်းဆည်းမှုများ ပြုလုပ်ထားသော Plan B ၏ Cloud Data Archive ဝန်ဆောင်မှုကို clouddataarchive. sg တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

## ဟိုချီမင်း-ကွာလာလမ်ပူသို့ ကုန်ကျစရိတ်သက်သာစေမည့် ခရီးစဉ်အသစ်ကို Vietjet မှ စတင်မိတ်ဆက်

ကုန်ကျစရိတ်သက်သာသည့် လေကြောင်းလိုင်းဆုကို ရရှိထားသည့် Vietjet လေကြောင်းလိုင်းသည် ဟိုချီမင်း-ကွာလာလမ်ပူသို့ပြေးဆွဲမည့် နိုင်ငံတကာ လေကြောင်းလိုင်းခရီးစဉ်သစ်ကို လာမည့်ဇွန်လအတွင်း စတင်ပြေးဆွဲမည်ဖြစ်ကြောင်း Vietjet ၏သတင်းထုတ်ပြန်ချက်များအရသိရသည်။

မြန်မာနိုင်ငံမှ ခရီးသည်များအနေဖြင့် နေ့စဉ်ပြေးဆွဲမည့် ဟိုချီမင်းမြို့တော်မှ ကွာလာလမ်ပူမြို့ ခရီးစဉ်အတွက် ခရီးစဉ်တစ်ကြောင်းလျှင် ပျံသန်းချိန် တစ်နာရီ ၅၅ မိနစ်သာကြာမြင့်မည်ဖြစ်ပြီး ကုန်ကျစရိတ်များစွာ သက်သာမည်ဖြစ်သည်။ ယင်းခရီးစဉ်မှာ ဟိုချီမင်းမြို့တော်မှ နံနက် ၉နာရီခွဲတွင်ထွက်ခွာမည်ဖြစ်ပြီး ကွာလာလမ်ပူသို့ နေ့လယ် ၁၂ နာရီ ၂၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

အပြန်ခရီးစဉ်အဖြစ် နေ့လယ် တစ်နာရီတွင် စတင်ထွက်ခွာပြီး ၁နာရီ ၅၅မိနစ်တွင် ဟိုချီမင်းသို့ ပြန်လည် ရောက်ရှိမည်ဖြစ်သည်။ Vietjet သည် ၎င်း၏ခရီးစဉ်ကို မိတ်ဆက်သည့်အနေဖြင့်လက်မှတ်ပေါင်း နှစ်သိန်းခွဲကို အမေရိကန်ဒေါ်လာ အနည်းဆုံးမှစတင်၍ ရောင်းချပေးမည်ဖြစ်သည်။ ယင်းအထူးအစီအစဉ်တွင် Vietjet ၏ နိုင်ငံတကာပြည်ပပြေးဆွဲမှု ခရီးစဉ်များဖြစ်သည့် ဟိုချီမင်းမှ ရန်ကုန်၊ ကွာလာလမ်ပူ၊ ဆိုးလ်၊ တရုတ် (တိုင်ပေ)၊ စင်ကာပူနှင့်ဗန်ကောက်၊ ဟန်ွိုင်းမှဆိုးလ်နှင့်ဗန်ကောက်ခရီးစဉ်များပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ကွာလာလမ်ပူခရီးစဉ်ပြေးဆွဲမှုကို ရယူလိုသူများအနေဖြင့် ဇွန် ၁ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိသွားလာနိုင်ပြီး ကျန်ခရီးစဉ်များကို မတ် ၃၁ရက်မှ ဒီဇင်ဘာ ၃၁ရက်အထိ ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# (၄၂) နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနပြခန်း ခင်းကျင်းပြသ



မတ် ၁၉ ရက်တွင် ကျရောက်သော (၄၂)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြပွဲအခမ်းအနားအား မွန်ပြည်နယ်ခန်းမအတွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန အပါအဝင် ပြည်နယ်အဆင့်ဌာနဆိုင်ရာ ပြခန်း ၂၇ ခန်း ပါဝင်ပြသခဲ့ကြပါတယ်။ ပြပွဲကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြကာ ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိပါသည်။ အခမ်းအနားကို မတ် ၁၉ ရက်မှ ၂၁ ရက်အထိ ၃ ရက်တိုင်တိုင်ကျင်းပခဲ့ရာ မွန်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှလည်း ဝင်ရောက်ပြသခဲ့ပြီး ရာမညကုန်သွယ်မှုဇဟိုဌာနနှင့် ပတ်သက်သော သိကောင်းစရာများ၊ စားသုံးသူရေးရာနှင့် ပတ်သက်သော သိကောင်းစရာများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ပတ်သက်သော သိကောင်းစရာလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရှိရပါတယ်။ ပြခန်းများသို့ လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ၊ စိတ်ပါဝင်စားသူများ၊ သတင်းမီဒီယာများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

**မွန်ပြည်နယ်၊ စားသုံးသူ**

# မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ စိုက်ပျိုးထုတ်လုပ်သူများ ဖွံ့ဖြိုး တိုးတက်ရေး ဆွေးနွေးပွဲ လက်ပံတန်းမြို့တွင်ကျင်းပ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ရဲ့ စိုက်ပျိုးထုတ်လုပ်သူများဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၊ မြို့တော်ခန်းမမှာ မတ် ၂၀ ရက် နံနက်က ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဗဟိုကော်မတီမှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်လွင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးညွန့်သန်း၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်တင်မြလွင်၊ လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ လက်ပံတန်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းအောင်နဲ့တောင်သူ ၈၂ ဦး တက်ရောက်ကြပါတယ်။

အဆိုပါဆွေးနွေးပွဲမှာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုကော်မတီမှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားအသင်းအဖွဲ့ဝင်များအား ကူညီဆောင်ရွက်ပေးမည့်လုပ်ငန်းများ၊ တောင်သူလယ်သမားအသင်းဝင်တိုးတက်ရေးနဲ့ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးရေး ဆောင်ရွက်မည့်ပုံစံများကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်လွင်က ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း မြို့နယ် ၁၄ မြို့နယ်ရဲ့ မိုးစပါး၊ နွေစပါး စိုက်ပျိုးမှုအခြေအနေ၊ မျိုးကောင်းမျိုးသန့်စပါးစိုက်ပျိုး ထုတ်လုပ်မှု အခြေအနေနဲ့ တောင်သူလယ်သမားများ စည်းလုံး ညီညွတ်ရန်လိုကြောင်းတို့ကို ဆွေးနွေးခဲ့ပါတယ်။

တက်ရောက်လာကြသော တောင်သူများအနက် ကွန်းကလေးကျေးရွာမှ ဦးမြင့်ဆွေ၊ ဝွေးကောက်ကွင်း ကျေးရွာမှ ဦးတင်ဝင်း၊ ရှားစီဖိုကျေးရွာမှ ဦးခင်မောင်ဝင်း၊ မှော်အင်းကျေးရွာမှ ဦးအေးမြင့်တို့ရဲ့ မေးမြန်းမှုများကို မြန်မာနိုင်ငံဆန်စပါးအသင်းဗဟိုကော်မတီမှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရပါတယ်။

**ခင်ဇော်-လက်ပံတန်း**

# လက်ပံတန်းမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ ပြန်လည်ရွေးချယ်ဖွဲ့စည်း

သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ဆန်စက်လုပ်ငန်းရှင်များအသင်းရဲ့ ၂၀၁၆-၂၀၁၉ ခုနှစ်အထိ သက်တမ်းကာလအတွက် အလုပ်အမှုဆောင်အသစ်များ ပြန်လည်ဖွဲ့စည်းခြင်းအခမ်းအနားကို မတ် ၂၀ ရက် နေ့လယ်ပိုင်းတွင် လက်ပံတန်းမြို့နယ်၊ မြို့တော်ခန်းမမှာ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရပါတယ်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုကော်မတီမှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးသောင်းဝင်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးနေလင်းအောင်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးညွန့်သန်းနဲ့ ဝန်ထမ်းများ၊ လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်နဲ့အဖွဲ့များ၊ ဆန်စက်ပိုင်ရှင် ၃၀ ဦးတို့ တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါအခမ်းအနားမှာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုကော်မတီမှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က အဖွင့်အမှာစကားပြောကြားကာ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးသောင်းဝင်းက အလုပ်အမှုဆောင်ရွေးချယ်ပုံ နည်းစနစ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားခြင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဌာန၊ ခရိုင်ဦးစီးမှူး ဦးညွန့်သန်းက မြို့နယ်အတွက်၊ အသင်းအတွက်၊ အမှန်တကယ်တိုးတက်ရာတိုးတက်ကြောင်း တက်ကြွစွာဆောင်ရွက်လိုစိတ်ရှိသူများကို ရွေးချယ်တင်မြှောက်ပေးစေလိုကြောင်း ပြောကြားသွားပါတယ်။

ထို့နောက် လက်ပံတန်းမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးလှဦးက ယခင်ဆန်စက်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၅ ဦး နှုတ်ထွက်ကြောင်း ကြေညာပြီး အလုပ်အမှုဆောင်အသစ်ပြန်လည်ဖွဲ့စည်းရန် အမှုဆောင်ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းကာ တက်ရောက်လာသူ ဆန်စက်ပိုင်ရှင်များက မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အသစ်အဖွဲ့အား ဥက္ကဋ္ဌဦးလှဦး၊ အတွင်းရေးမှူး ဦးရဲထွန်းဦး အပါအဝင် အလုပ်အမှုဆောင် ၁၅ ဦးအား တညီတညွတ်တည်း ပြန်လည်ရွေးချယ်ခဲ့ကြကြောင်း သိရပါတယ်။

**ခင်ဇော်-လက်ပံတန်း**


## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 16, No.13 Monday March 28 2016

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂၈-၃-၂၀၁၆ မှ ၃-၄-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)




**တနင်္ဂနွေသားသမီးများအတွက်** တစ်ခါတစ်ရံအများဆန္ဒနဲ့ ဆန့်ကျင်သောအလုပ်ကိစ္စများကိုလုပ်ကိုင်ရတတ်ပြီး စိတ်ပင်ပန်းမှုလည်းရှိနေတတ်ပါသည်။ အဓိကစီးပွားရေးလုပ်ငန်းတို့တွင် သစ်တောထွက်ပစ္စည်းများ၊ သစ်မွှေးများတင်ပို့ရောင်းချခြင်းလုပ်ငန်းများမှ ဝင်ငွေအားကောင်း လာတတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင်တာဝန်ကြီးများထမ်းဆောင်ခြင်း၊ ရာထူးတက်ခြင်း တို့ဖြစ်တတ်ပါသည်။ ရည်ရွယ်ချက်အောင်မြင်စေရန် ပညာရေးကို အပတ်တကုတ် ကြိုးစားနေရတတ်ပါသည်။ အချစ်ရေးတွင် ပျော်ရွှင်မှုများနှင့် သာကြုံဆုံနေရလိမ့်မည်။ ကျန်းမာရေးတွင် အရိုးအဆစ်များ ထုံကျင်ကိုက်ခဲခြင်း အကြောအားနည်းခြင်းများ ဖြစ်တတ်ပါသည်။

ယတြာ။ ။ အပေါင်းအသင်းတို့ကို လက်ဖက်ရည်တိုက်ကျွေးလှူဒါန်းလိုက်ပါ။



**တနင်္လာသားသမီးများအတွက်** အရာရာမှာစေတနာမေတ္တာနှင့် လုပ်တာမှန်သော်လည်း သတိပါမှအမှားကျော်လွှားနိုင်မည်ဖြစ်ပါသည်။ စိတ်လိုက်မာန်ပါယုံကြည်မိသူ၏ ဒုက္ခပေးခြင်းကို ခံရတတ်သောသဘောရှိ၍ သတိရှိသင့်ပါသည်။ လုပ်ရသောလုပ်ငန်းတို့တွင် စွန့်စားရသောလုပ်ငန်းလည်းရှိတတ်ပါသည်။ ခရီးသွားလုပ်ငန်းအကျိုးဆောင်လုပ်ငန်း ကောင်းမွန်တတ်ပါသည်။ ပညာရေးတွင် ဉာဏ်စွမ်းသတ္တိပိုမိုကောင်းနေမည်။ အချစ်ရေး တွင်ဝေးကွာနေရမှုကြောင့် လွမ်းဆွတ်သတိရနေလိမ့်မည်။ ကျန်းမာရေးသင့်တင့်ကောင်းမွန်မှုရှိနေမည်။

ယတြာ။ ။ သာကူကြို၍ ဘုန်းကြီးကျောင်းပို့လှူပါ။



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခက်အခဲအနည်းငယ်ရှိသည်မှ အပခါတိုင်းထက်ပို၍ အောင်မြင်တိုးတက်ပါသည်ဟု ဆိုရပါမည်။ အမြတ်အစွန်းများလည်း ရရှိလာတတ်ပါသည်။ ရေယာဉ်မော်တော် ကားများရောင်းဝယ်ခြင်းလုပ်ငန်း၊ ဇိမ်ခံပစ္စည်းများ အခြေအနေတိုးတက်လာတတ်ပါသည်။ ပညာရေးအောင်မြင်နိုင်သောကာလဖြစ်သည်။ အချစ်ရေးကောင်းသော်လည်း အိမ်ထောင်ပြုရန်အခက်အခဲရှိလိမ့်မည်။ ကျန်းမာရေးအကြောအားနည်းခြင်း၊ ခြေသလုံး အကြောတက်ခြင်း၊ လက်ပြင်အောင့်ခြင်းတို့ သတိပြုသင့်ပါသည်။ ယတြာ။ ။ အပေါင်းအသင်းများကိုခေါက်ဆွဲကြော်ကျွေးပါ။




**ဗုဒ္ဓဟူးသားသမီးများအတွက်** မိမိအပေါ် အားကိုးမှုရှိသူ၏ အကူအညီနှင့် စီးပွားရေးလုပ်ငန်းများတွင် အကျိုးခံစားခွင့်ရမှု အားကောင်းလာတတ်ပါသည်။ အနုပညာလုပ်ငန်း၊ စာအုပ်ထုတ်ဝေခြင်းလုပ်ငန်း၊ ရေးသားခြင်းလုပ်ငန်းများ ပညာရေးဆိုင်ရာလုပ်ငန်းများ အထူးအောင်မြင်မှုရရှိလာနိုင်ပါသည်။ အချစ်ရေး ကောင်းသော်လည်း ချစ်သူ၏လှည့်စားမှုကိုခံရတတ်သည်။ အိမ်ထောင်ဖက်၏ အလိုလိုက်မှု ရရှိလိမ့်မည်။ ကျန်းမာရေးတွင်အဆုတ်အားနည်းသောဝေဒနာခံစားရတတ်သည်။

ယတြာ။ ။ ဘုရားတွင် ရေသပ္ပာယ်ပါ။




**ကြာသပတေးသားသမီးများအတွက်** မှားလျှင်ခံ၍မှန်လျှင်စံရမည့်အနေအထားဖြစ်နေတတ်ပါသည်။ ဒေါသကြောင့်ရည်ရွယ်ချက်များပျောက်ကွယ်သွားတတ်သည်ကို သတိရှိသင့်ပါသည်။ စီးပွားရေးလုပ်ငန်းခွင်တွင် ထိပ်ဆုံးသို့မရောက်နိုင်သော်လည်း မနိမ့်ကျသောအဆင့်သို့ ရောက်ရှိနိုင်ပါသည်။ ပညာရေးရည်ရွယ်ချက်ပြည့်ဝအောင်မြင်မည်။ အချစ်ရေးတွင် ပြည့်စုံပျော်ရွှင်မှုရရှိလိမ့်မည်။ ကျန်းမာရေးတွင် ဆိုးဆိုးရွားရွားပြင်းထန်သော ရောဂါများမကျရောက်နိုင်ပါ။ အကြောကပ်၊ အကြောအားနည်းသောဝေဒနာ၊ ခြေလက်ထိခိုက်တတ်ခြင်းတို့ကို သတိပြုပါ။

ယတြာ။ ။ သင်္ကြားလှူပါ။



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းအပြောင်းအလဲများ၊ မိတ်ဆွေသစ်များနှင့် စတင်လုပ်ကိုင်ရတတ်သည်။ ကိစ္စရပ်တိုင်းတွင် ဆုံးဖြတ်ရန် အခက်အခဲလေးများရှိနေတတ်သည်။ အိမ်ထောင်ပရိဘောဂ စီးပွားရေးလုပ်ငန်း အကျိုးပေးကောင်းမွန်လိမ့်မည်။ သစ်၊ သံနှင့်ပြုလုပ်သော စီးပွားရေးလုပ်ငန်းများ အကျိုးပေးလာပါလိမ့်မည်။ အချစ်ရေးတွင် တနယ်ရပ်ခြားချစ်သူ၏ စာသဝဏ်လွှာများသာ ရရှိနေလိမ့်မည်။ ပညာရေးတွင် ကြိုးစားအားထုတ်ပေါ် မူတည်ပြီး အောင်မြင်မှုရရှိနိုင်ပါသည်။ ကျန်းမာရေးတွင် ဝမ်းပျက်ခြင်းဝေဒနာခံစားရတတ်ပါသည်။

ယတြာ။ ။ အုန်းသီးနှင့် ပြုလုပ်သောမုန့်လှူပါ။



**စနေသားသမီးများအတွက်** မမျှော်လင့်ထားသောငွေကြေးဥစ္စာများနှင့် အောင်မြင်မှုများရရှိလာနိုင်ပါသည်။ စီးပွားရေးလုပ်ငန်းများတွင် ဘာသာရေးဆိုင်ရာ ဓမ္မကျမ်းဂန်စာအုပ် တရားခွေ စသည်တို့နှင့် ပတ်သက်သော စီးပွားရေးအထူးအောင်မြင်မှုရရှိလိမ့်မည်။ ပညာရေးတွင် ဂမ္ဘီရပညာများ သင်ယူရလိမ့်မည်။ အချစ်ရေး၊ အိမ်ထောင်ရေးသင့်တင့်ကောင်းမွန်နေမည်။ ကျန်းမာရေးတွင် အကြောတက်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ မူးဝေခြင်း၊ ဝမ်းဗိုက်မကောင်းခြင်းတို့ ဖြစ်တတ်သည်ကို သတိရှိသင့်ပါသည်။

ယတြာ။ ။ မြေပဲဆံလှူပါ။

# ပြင်ဦးလွင်မြို့တွင် ဒုတိယအကြိမ်ကော်ဖီအရည်အသွေးပြိုင်ပွဲ ကျင်းပ

ပြင်ဦးလွင်မြို့တွင် ဒုတိယအကြိမ် ကော်ဖီအရည်အသွေးပြိုင်ပွဲကို မတ် ၁၂ ရက်မှ ၁၆ ရက်အထိ ပြင်ဦးလွင် ကော်ဖီစက်ရုံမှာ ကျင်းပခဲ့ပါတယ်။ ပြိုင်ပွဲတွင်ဆုရရှိသော ကော်ဖီများကို အမေရိကန်ဈေးကွက်သို့ တင်ပို့သွားမယ်လို့ ကော်ဖီပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရှိရပါတယ်။ အမေရိကန်ကော်ဖီကျွမ်းကျင်သူများကိုယ်တိုင် မြန်မာနိုင်ငံ ဒေသထွက်ကော်ဖီနမူနာများကို စိစစ်ခဲ့တာဖြစ်ပါတယ်။ ပြည်ပဈေးကွက်သို့ ပြင်ဦးလွင်ဒေသထွက်ကော်ဖီများ ထိုးဖောက်နိုင်ရန် အဓိကရည်ရွယ်ပြီး ယခုပြိုင်ပွဲကို ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

ပြင်ဦးလွင်၊ မြစ်နီး၊ မိုးကုတ်၊ ရှာင်ဒေသတို့မှ ကော်ဖီခြံရှင်များက သဘာဝကော်ဖီနမူနာ ၆၀ နဲ့ ပြိုင်ပွဲဝင်ခဲ့ကြတာဖြစ်ပါတယ်။ ကော်ဖီ ငါးမျိုးကို ရွေးချယ်ပြီး အရည်အသွေးကောင်းမွန်ကြောင်းလက်မှတ်ကို မေလမှာထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်။

ယခုပြိုင်ပွဲဟာ ကော်ဖီခြံရှင်များ ကိုယ်တိုင်ထုတ်လုပ်တဲ့ သဘာဝကော်ဖီအသစ်များကို ဈေးကွက်သို့ ဝင်ရောက်နိုင်ရန်အတွက် လမ်းဖွင့်ပေးခြင်းဖြစ်ပါတယ်။ မတ် ၁၂ ရက်မှ ၁၄ ရက်အတွင်းမှာ အခြောက်ခံခြင်း၊ လှော်ခြင်းများကို ပြုလုပ်ထားရပါတယ်။ ဝယ်လက်များကိုလည်း ပြိုင်ပွဲသို့ ဖိတ်ကြားထားပြီး မြန်မာကော်ဖီများကို မြည်းစမ်းဖို့အခွင့်အလမ်းကို ဖန်တီးပေးထားတာဖြစ်ပါတယ်။ ရှမ်းကော်ဖီအသင်း ဥက္ကဋ္ဌလည်းဖြစ်၊ ကော်ဖီခြံရှင်လည်းဖြစ်တဲ့ ဦးဝင်းအောင်ကျော်က နိုင်ငံတကာကော်ဖီစာရင်းမှာ မိမိတို့ရဲ့ ကော်ဖီများလည်း ထည့်သွင်းခွင့် အခွင့်အလမ်းကို ရရှိစေနိုင်တယ်လို့ ပြောကြားပါတယ်။ ရွေးချယ်ခံရသော ကော်ဖီနမူနာများကို ကော်ဖီအရည်အသွေးအဖွဲ့ အစည်း (Coffee Quality Institute-CQI) မှာ စာရင်းထည့်သွင်းပေးသွားမှာဖြစ်ပါတယ်။

CMK

# ကသာခရိုင်ထွက်ကုန် ကြံနှင့် ကြံထွက်ပစ္စည်းများ ဈေးကောင်းရ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်မှာ အဓိကထုတ်ကုန် ကြံသီးနှံကို ကသာမြို့နယ်နဲ့ ထီးချိုင့်မြို့နယ်တို့မှာ ဧကတစ်သိန်းကျော် စိုက်ပျိုးပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကသာခရိုင် မှာ ကြံသီးနှံကို အများဆုံးစိုက်ပျိုးထုတ်လုပ်တယ်လို့ သိရပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ် ကြံရာသီမှာ တစ် တန် ၃၈၀၀၀ ကျပ် ပွက်သား၊ ပွက်ရည် တစ်ပိဿာ ကျပ် ၆၁၀ နဲ့ ကျပ် ၆၀၀ ဈေးရှိလို့ ကြံစိုက်တောင်သူများ ဈေးကောင်းရ အကျိုးအမြတ် ရရှိပါတယ်။

"ကြံဧက တစ်ရာရှိပါတယ်။ မျိုးသန့်မျိုးပွားဆင်းရွှေလီမျိုးနဲ့ ၉၅/၈၄ မျိုးသန့်စိုက်ပျိုးထားပါတယ်။ အထွက်နှုန်းတစ်ပြေးညီမဟုတ်ပေမယ့် ပျမ်းမျှ တစ်ဧကတန် ၃၀ ထွက်ပြီး ကုန်ကျစရိတ်လေးသိန်းရှိပါတယ်။ ဒီနှစ်မှာကြံတစ်တန်ကို ၃၈၀၀၀ ကျပ်ဈေးနဲ့ မြတောင်သား သကြားစက်ကို ရောင်းပါတယ်။ ကြံတစ်ဧကကို ဝင်ငွေ ကျပ် ၁၀ သိန်းကျော်ရရှိပါတယ်။ ကုန် ကျစရိတ် လေးသိန်းနှုတ်ပြီး ခုနစ်သိန်း အသားတင်အကျိုးအမြတ်ရတယ်။ ကြံအချောင်းလိုက် မရောင်းဘဲ ပွက်သားချက်ရောင်းတဲ့ တောင်သူများလည်းရှိပါတယ်။ လုပ်သားခပိုသလို အကျိုးအမြတ်လည်း ပိုရပါတယ်။ ကြံတစ်တန်ချက်ရင် ပွက်သား ပိဿာ ၈၅ နဲ့ ၉၀ ကြားထွက်ပါတယ်။ တစ်ဧကအထွက်တန် ၃၀ ချက်ရင် ပွက်သားပိဿာ ၂၂၅၀ နဲ့ ၂၇၀၀ ရပြီး၊ ယနေ့ပေါက်ဈေး တစ်ပိဿာ ၆၀၀ ကျပ်နဲ့ ၁၄ သိန်းကျော် ရပါတယ်။ စိုက်ပျိုးစရိတ် လုပ်သားခ ၆ သိန်းကျော်နှုတ်ပြီး ၈ သိန်းအကျိုးအမြတ်ရှိပါတယ်။ ဒီနှစ်ကြံဈေးကောင်းရတယ်" လို့ ကြံတောင်သူတစ်ဦးက ပြောပါတယ်။

"ဒီနှစ်ကြံဈေးကောင်းသလို သကြားဈေးလည်းကောင်းတယ်၊ ပွက်သားအချိန်တစ်ရာ ကြိတ်ရင်ခါသကြား အကြမ်းပိဿာ ၈၀၊ ဈေးကွက်ဝင် သကြားဖြူ ၇၅ ပိဿာရပါတယ်။ မန္တလေးပွဲရုံကို တစ်ပိဿာ ၁၁၀၀ ဈေးသွင်းပါတယ်။ ကြံအချောင်းလိုက်ရော ပွက်ရည်ပွက်သားရော အကုန်ဝယ်ပါတယ်" လို့ ကြံဧက ၅၀၀ ပိုင်ဆိုင်တဲ့ မြတောင်သား သကြားစက်ပိုင်ရှင် ဦးတင်ဝင်းထွန်းက ပြောပါတယ်။

ပြည်တွင်းသကြားစားသုံးမှု ပိုလျှံသမျှပြည်ပအိမ်နီးချင်းဈေးကွက်များကို တည်ငြိမ်စွာတင်ပို့နိုင်ဖို့ အရေးကြီးပါတယ်။ သကြားဈေး၊ ကြံဈေးများက တစ်နှစ်နဲ့တစ်နှစ် အနိမ့်အမြင့်ရှိတော့ ကြံစိုက်ပျိုးထုတ်လုပ်သူများအတွက် ရိုက်ခတ်မှုတွေရှိပါတယ်။ စားသောက်ကုန်လုပ်ငန်းများမှာ သကြားပါဝင်မှုဟာအရေးပါတာ တွေ့ရပါတယ်။ ကသာခရိုင် ကုန်ထုတ်လုပ်မှုဝင်ငွေအတွက် တစ်ဧကသိန်းချီရှိတဲ့ ကြံနဲ့ကြံထွက်ပစ္စည်းဖွံ့ဖြိုးတိုးတက်ရေးတောင်သူ၊ စက်ပိုင်၊ ကုန်သည်၊ စားသုံးသူများနဲ့ နိုင်ငံတော်အစိုးရတို့ တက်ညီလက်ညီပူးပေါင်းမှ အောင်မြင်တိုးတက်မှာ ဖြစ်တယ်လို့ ကသာကြံဇုန်အသင်း ဥက္ကဋ္ဌက ပြောကြားပါတယ်။

ကြည်နိုင်ဦး-အင်းတော်

# အိန္ဒိယနယ်စပ် တမူးမှ ကွမ်းသီးအဆွဲကောင်းလို့ နယ်ဘက်ကွမ်းသီးစိုက်မိသားစုများ ဈေးကောင်းရ

ကသာခရိုင်၊ အင်းတော်မြို့နယ်ထွက်ကုန် ကွမ်းသီးကို အိမ်ဝင်း၊ ရုံးဝင်းများ၊ ခြံစည်းရိုးပတ်လည်မှာ စိုက်ပျိုးထားကြပါတယ်။ ကွမ်းသီးရင့်မှည့်ချိန်ဖြစ်တဲ့ မတ်လမှာ စစ်ကိုင်း၊ မန္တလေးမှ ကွမ်းသီးကုန်သည်များ နယ်လှည့်ဝယ်နေကြပါတယ်။ ယခင်နှစ်က တစ်လုံး သုံးကျပ်ဈေးရှိပြီး ဒီနှစ်မှာတော့ အကြီးအသေးရောရာကို ငါးကျပ်နဲ့ ရောင်းရလို့ ကွမ်းသီးစိုက် မိသားစုများ ဝင်ငွေပိုမိုရတယ်လို့ သိရပါတယ်။

အင်းတော်မြို့ပေါ် မော်လူး၊ မဲဇာကျေးရွာများရှိ ကွမ်းသီးပင် ငါးရာကျော်ခူးဆွတ်ခဲ့ပြီး အလုံး ခုနစ်သောင်းကျော်ရထားပါပြီ။ မန္တလေးပွဲရုံကို ကွမ်းသီးခြောက် တစ်ပိဿာ ၄၀၀၀ ကျပ်ဈေးနဲ့ သွင်းပါတယ်။ အိန္ဒိယနယ်စပ် တမူးက အဝယ်လိုက်နေသလို တရုတ်၊ တောင်ကိုရီးယားသို့ တင်ပို့မှုများရှိနေလို့ ကွမ်းသီးဈေးမြင့်လာပါတယ်။ ကွမ်းသီးကို တနင်္သာရီတိုင်းဒေသကြီး ရေး၊ မြိတ်၊ ထားဝယ်၊ ကော့သောင်းနဲ့ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ၊ မြောင်းမြမြို့နယ်များမှာ အများအပြားစိုက်ပျိုးတာ တွေ့ရပြီး မန္တလေးတိုင်းဒေသကြီး မတ္တရာ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်မှာလည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားကြပါတယ်။ တမူးနယ်စပ်ကနေ အိန္ဒိယသို့ အများဆုံးတင်ပို့ပါတယ်။ အင်းတော်မြို့နယ်မှာ အလုံးသုံးသိန်းကျော် ရပြီး၊ ဗန်းမောက်၊ ကသာ၊ ထီးချိုင့်ဘက်သို့ ဆက်လက်ဝယ်ယူမည်ဖြစ်ကြောင်း၊ နှစ်စဉ်ပိဿာချိန် ငါးထောင်ကျော် အရောင်းအဝယ်ဖြစ်ကြောင်း ကွမ်းသီးကုန်သည်များထံမှ သိရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးနယ်စပ်ကုန်သွယ်ရေးစခန်း၏ အများဆုံး ပို့ကုန် ၁၀ မျိုးထဲမှာ ကွမ်းသီးပါဝင်နေတာ တွေ့ရပါတယ်။ ဈေးကွက်ခိုင်မာပြီး စိုက်သလောက်အကျိုးရှိ၊ မိသားစုဝင်ငွေ၊ တိုင်းပြည်ဝင်ငွေရတဲ့ ကွမ်းသီးကို ဥယျာဉ် အခင်းကျယ်များဖြင့် စနစ်တကျစိုက်ပျိုးသင့်ကြောင်း တင်ပြလိုက်ပါတယ်။

ကြည်နိုင်ဦး-အင်းတော်



# မြို့ကြီးများ၏ ၂၈-၃-၂၀၁၆ မှ ၁-၄-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၈-၃-၂၀၁၆) | အင်္ဂါ(၂၉-၃-၂၀၁၆) | ဗုဒ္ဓဟူး(၃၀-၃-၂၀၁၆) | ကြာသပတေး(၃၁-၃-၂၀၁၆) | သောကြာ(၁-၄-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F |
| ရန်ကုန်မြို့ | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၀˚F |
| မန္တလေးမြို့ | နေသာ ၄၀˚C/၁၀၄˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၂˚F |
| မြစ်ကြီးနား | တိမ်အသင့်အတင့် ၃၇˚C/၉၈˚F | ၈၀% ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၂˚C/၉၀˚F | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F | ၅၀% ၃၁˚C/၈၈˚F |
| လားရှိုး | နေသာ ၃၄˚C/၉၃˚F | ၃၀% ၃၂˚C/၈၉˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၀˚C/၈၆˚F | ၃၀% ၃၁˚C/၈၈˚F |
| ကျိုင်းတုံ | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၈၉˚F | တိမ်အသင့်အတင့် ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၂˚C/၉၀˚F |
| လွိုင်ကော် | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၂˚C/၈၉˚F |
| တောင်ကြီး | နေသာ ၂၉˚C/၈၄˚F | နေသာ ၂၇˚C/၈၁˚F | နေသာ ၂၇˚C/၈၁˚F | နေသာ ၂၇˚C/၈၁˚F | နေသာ ၂၇˚C/၈၁˚F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၇˚C/၉၇˚F | တိမ်အသင့်အတင့် ၃၆˚C/၉၆˚F | တိမ်အသင့်အတင့် ၃၅˚C/၉၅˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၄˚C/၉၄˚F |
| ဘားအံ | တိမ်အသင့်အတင့် ၃၈˚C/၉၉˚F | တိမ်အသင့်အတင့် ၃၈˚C/၉၉˚F | နေသာ ၃၈˚C/၉၉˚F | နေသာ ၃၇˚C/၉၈˚F | နေသာ ၃၇˚C/၉၈˚F |
| တောင်ငူ | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၉˚C/၁၀၂˚F |
| မုံရွာ | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၁˚F |
| ပုသိမ် | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၅˚C/၉၅˚F |
| မြိတ် | ၆၀% ၃၆˚C/၉၇˚F | ၄၀% ၃၄˚C/၉၄˚F | တိမ်အသင့်အတင့် ၃၆˚C/၉၆˚F | တိမ်အသင့်အတင့် ၃၄˚C/၉၄˚F | တိမ်ထူထပ် ၃၅˚C/၉၅˚F |
| စစ်တွေ | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၁˚C/၈၈˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၂˚C/၉၀˚F |
| မကွေး | ၄၀% ၃၄˚C/၉၄˚F | ၃၀% ၃၄˚C/၉၄˚F | ၄၀% ၃၃˚C/၉၂˚F | တိမ်အသင့်အတင့် ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F |
| ဖလမ်း | ၄၀% ၂၆˚C/၇၈˚F | ၄၀% ၂၂˚C/၇၂˚F | တိမ်အသင့်အတင့် ၂၄˚C/၇၅˚F | နေသာ ၂၄˚C/၇၆˚F | နေသာ ၂၄˚C/၇၆˚F |

## မလေးရှားနိုင်ငံမြောက်ပိုင်းတွင် ပူပြင်းခြောက်သွေ့မှုကြောင့် စိုက်ပျိုးရာတွင် အခက်တွေ့နေသည့် ရော်ဘာနှင့်စပါးစိုက်ပျိုးသူများအား အကူအညီပေးမည်ဟုဆို

အယ်လ်နီညိုရာသီဥတု၏ ရိုက်ခတ်မှုကြောင့် မလေးရှားနိုင်ငံမြောက်ပိုင်း ကီဒက်ပြည်နယ်တွင် ပူပြင်းခြောက်သွေ့မှုများ ဖြစ်ပေါ်လျက်ရှိရာ ရော်ဘာ စိုက်ပျိုးသူများနှင့် စပါးစိုက်ပျိုးသူများအား အကူအညီများပေးသွားမည်ဟု မလေးရှားနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး အခြေခံစက်မှုဝန်ကြီးဌာနမှ ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ပူပြင်းခြောက်သွေ့မှုကြောင့် ရော်ဘာအစေးခြစ်လုပ်ငန်းများမှာ လုပ်ငန်းတွင်ကျယ်မှုမရှိကြောင်း၊ ယခုတစ်ပတ်အတွင်း ပူပြင်းခြောက်သွေ့မှုမှာ မကြုံစဖူးလောက်ပင်ထူးကဲလှကြောင်း၊ ကီဒတ်ပြည်နယ် ဂျီထရာတွင် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူ အသက် ၇၉ နှစ်အရွယ်ရှိ အီဘရာဟင်အစ္စမေးလ်က ပြောကြားခဲ့သည်။

အပူချိန်မြင့်မားမှုကြောင့် ရော်ဘာစေးများမှာ ထွက်ရှိသင့်သလောက် မထွက်ရှိဘဲဖြစ်နေကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ ထို့ပြင် စပါးစိုက်လယ်သမားများကလည်း ယခုဖြစ်ပေါ်နေသည့်ရာသီ ဥတုထိခိုက်မှုများကြောင့် ယခုနှစ်ရိတ်သိမ်းရာသီတွင် စပါးအထွက်နှုန်းကို ထိခိုက်စေမည်ဖြစ်ကြောင်း၊ ကီဒက်ရှ်ဒေသသည် မလေးရှားနိုင်ငံ ပြည်တွင်းဆန်စပါးထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးနေသည့်ဒေသဖြစ်ကြောင်း၊ မလေးရှားနိုင်ငံ ဆန်စပါးစိုက်ဧက၏ သုံးပုံတစ်ပုံသည် ကီဒက်ရှ်ဒေသပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုရာသီဥတု ပူပြင်းမှုကြောင့် လာမည့်နှစ်ရိတ်သိမ်းချိန်တွင် ဆန်စပါးအထွက်နှုန်းကို ထိခိုက်လာနိုင်ကြောင်း စီအန်န်အေသတင်းတွင် ရေးသားဖော်ပြထားသည်။

ကီဒက်ရှ်ပြည်နယ်နှင့် ၎င်းပြည်နယ်အနီးရှိ ပါလိစ်ဒေသတို့သည် နိုင်ငံတစ်နိုင်ငံလုံး၏ထက်ဝက်ကျော်ကို ဆန်စပါးဖြည့်တင်းပေးနေသည့် ဆန်ပိုဒေသများပင်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ ကီဒက်ရှ်ပြည်နယ်တွင် ပူပြင်းခြောက်သွေ့မှုများဖြစ်ပေါ်နေသည့်နည်းတူ ပါလိစ်ဒေသတွင်လည်း ပူပြင်းခြောက်သွေ့မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ယင်းဒေသမှလယ်သမားများက စိုးရိမ်ပူပန်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

"အယ်လ်နီညိုရဲ့အကျိုးဆက်ကြောင့် ပူပြင်းခြောက်သွေ့မှုတွေ ဖြစ်လာနိုင်တာကို သိထားပြီးသားပါ။ အဲဒါကြောင့် အယ်လ်နီညိုကြောင့်ပူပြင်းခြောက်သွေ့နိုင်တဲ့ဒေသတွေ၊ ရေရှားပါးနိုင်တဲ့ဒေသတွေကို အကူအညီပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု လယ်ယာစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



## မဟာသျှတ္တရာပြည်နယ်ရှိ ကျေးရွာပေါင်း ၁၂၀၀၀ တွင် မိုးခေါင်ခြောက်သွေ့မှုများကြောင့် ရေရှားပါးမှုများဖြစ်ပေါ်

အိန္ဒိယနိုင်ငံ၊ မဟာသျှတ္တရာပြည်နယ်ရှိ ကျေးရွာပေါင်း ၁၂၀၀၀ တွင် မိုးခေါင်ခြောက်သွေ့မှုများဖြစ်ပေါ်ကာ ရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း မဟာသျှတ္တရာပြည်နယ်အစိုးရက ထုတ်ဖော်ကြေညာခဲ့သည်။

ထို့ပြင် နောက်ထပ် ရေရှားပါးပြတ်လပ်သည့် ကျေးရွာအရေအတွက် ထပ်မံတိုးလာနိုင်ကြောင်း မဟာသျှတ္တရာပြည်နယ်အစိုးရ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မဟာသျှတ္တရာပြည်နယ်၏ အဓိကဆည်ကြီးတစ်ခုဖြစ်သည့် မရာသာဝါဒါဆည်တွင် လက်ကျန်ရေပမာဏမှာ စုစုပေါင်း ရေပမာဏ၏ ၅ ရာခိုင်နှုန်းခန့်သာ ကျန်ရှိတော့ကြောင်း ပြည်နယ်အစိုးရမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါရေပြတ်လပ်မှုများ ဖြစ်ပေါ်နေသည့် ကျေးရွာများသို့ ရထားများဖြင့် ရေလှောင်ကန်များ ပို့ဆောင်ပေးရန် စီစဉ်လျက်ရှိကြောင်း၊ စုစုပေါင်း ရေလှောင်ကန် ၂၃၀၀ ကို ပေးပို့ရန်စီစဉ်နေပြီဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီး ဆူရတ်ပရာဒတ်က ပြောကြားခဲ့သည်။

အဆိုပါရေလှောင်ကန်များကို ဆက်လက်ပေးပို့သွားမည်ဖြစ်ပြီး တစ်ပတ်အတွင်း ရောက်ရှိစေရန် ကြိုးပမ်းပေးမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ ရေပြတ်လပ်သည့်ဒေသများအနက် မွမ်ဘိုင်းမှ ကီလိုမီတာ ၅၀၀ခန့်သာ ကွာဝေးသည့် မဟာသျှတ္တရာ ဒေသတွင် လူဦးရေ ငါးသိန်းကျော်နေထိုင်ကြကြောင်း၊ ယင်းလူဦးရေအတွက် ရေလုံလောက်မှုရရှိစေရန် ရေလှောင်ကန်များဖြင့် ရေများကို ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးက သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။

မဟာသျှတ္တရာဒေသရှိ ပြည်သူများသည် ဝါ၊ ပဲပုပ်နှင့်စပါးတို့ကို စိုက်ပျိုးလျက်ရှိရာ အဆိုပါနေရာများသို့ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက်လည်း စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

ယင်းဒေသသည် မိုးရာသီကာလအတွင်းကလည်း မိုးရေချိန်နည်းပါးစွာ ရရှိခဲ့သဖြင့် စိုက်ပျိုးသီးနှံများ ပျက်စီးခဲ့ရသကဲ့သို့ ယခုစိုက်ပျိုးရာသီတွင်လည်း မြေအောက်ရေလုံလောက်စွာ မရရှိသဖြင့် သီးနှံစိုက်ခင်းများပျက်စီးခဲ့ရကြောင်း၊ ထို့ကြောင့် ယခုနှစ်ရိတ်သိမ်းချိန်တွင် အထွက်နှုန်းလျော့ကျနိုင်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မယ်သီတာ**

Domestic Sport News
Vol: 16, No.13 Monday March 28 2016




## ရန်ကုန်ယူနိုက်တက်ကစားသမား ကောင်းဆက်နိုင် ထိုင်းလိဂ်-၂ ကလပ် ဆာမတ်ဆာခွန်အသင်းသို့ ခုနစ်လအငှားစာချုပ်ဖြင့် ပြောင်းရွှေ့

ရန်ကုန်ယူနိုက်တက်အသင်း၏ လူငယ်ကစားသမားတစ်ဦးဖြစ်သူ ကောင်းဆက်နိုင်သည် ထိုင်းလိဂ်-၂ ကလပ်အသင်းတစ်သင်းဖြစ်သည့် ဆာမတ်ဆာခွန်အသင်းသို့ ခုနစ်လအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ရန်ကုန်ယူနိုက်တက်အသင်းပိုင် ဝက်ဘ်ဆိုက်တွင်ဖော်ပြထားသည်။

ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဆာမတ်ဆာခွန်အသင်းတို့ နှစ်ဦးနှစ်ဖက်သဘောတူညီမှုအရ မတ် ၂၃ ရက်တွင် ကောင်းဆက်နိုင်နှင့် ဆာမတ်ဆာခွန်အသင်းမှတာဝန်ရှိသူများ စာချုပ် ချုပ်ဆိုခဲ့ကြကြောင်း သိရသည်။

ဆာမတ်ဆာခွန်အသင်းသည် ထိုင်းလိဂ်ဒုတိယတန်းတွင် ယှဉ်ပြိုင်ကစားနေသည့် အသင်းတစ်သင်းဖြစ်ပြီး ယခုရာသီအဖွင့်ပွဲစဉ်တွင် နော်သာဘူရီအသင်းကို အဝေးကွင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ ဆာမတ်ဆာခွန်အသင်းသည် Regional League Central West Division တွင် ၂၀၁၅ခုနှစ်၌ ချန်ပီယံဆုကို ဆွတ် ခူးခဲ့ဖူးသည်။ အဆိုပါအသင်းကို ၂၀၀၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင်ရရှိခဲ့သည့်အောင်မြင်မှုသည် အမြင့်ဆုံးအောင်မြင်မှုပင်ဖြစ်သည်။

"ပြည်ပနိုင်ငံတစ်နိုင်ငံမှာ ထွက်ကစားဖို့ဆိုတာ ကျွန်တော်တို့ ကစားသမားတွေအားလုံးရဲ့ မျှော်လင့်ချက်တစ်ခုဖြစ်ပါတယ်။ အဲဒီလိုထွက်ကစားရဖို့ဆိုတာ ကလည်း မလွယ်လှပါဘူး။ ဒီမှာအတွေ့အကြုံကောင်းတစ်ခု ရမယ်လို့လည်း ယုံကြည်ပါတယ်။ ဒီမှာရတဲ့အတွေ့အကြုံတွေနဲ့ နိုင်ငံ့လက်ရွေးစင်အသင်းအတွက် ပြန်လည်ပေးဆပ်နိုင်မယ်လို့ ထင်ပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်း ပတ်ဝန်းကျင်နဲ့ပရိသတ်တွေကို မခွဲချင်ပါဘူး။ အခုလိုပြည်ပထွက်ကစားခွင့်ရအောင်ဝိုင်းဝန်းကူညီပေးခဲ့ကြတဲ့ ရန်ကုန်ယူနိုက်တက်အသင်းက တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ အကောင်းဆုံးပုံစံနဲ့တစ်ခုနဲ့ ကျွန်တော်ပြန်လာနိုင်ဖို့ မျှော်လင့်ပါတယ်" ဟု ကောင်းဆက်နိုင်က ပြောကြားခဲ့သည်။

ကောင်းဆက်နိုင်သည် မကွေးအသင်းတွင် ပြီးခဲ့သည့်ရာသီက ကစားခဲ့သော်လည်း စည်းကမ်းမလိုက်နာမှုများကြောင့် အသင်းမှ စာချုပ်ဖျက်သိမ်းခဲ့သည်။ ထို့နောက် ရန်ကုန်ယူနိုက်တက်အသင်းမှ ခေါ်ယူထားသော်လည်း စည်းကမ်းပိုင်းလိုက်နာရန်အားနည်းမှုများကြောင့် ပွဲထွက်ခွင့်ပျောက်ဆုံးနေသည့် ကစားသမားတစ်ဦးဖြစ်သည်။

ကောင်းဆက်နိုင်သည် ပြီးခဲ့သည့် (၂၈)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ဘောလုံးပြိုင်ပွဲတွင် မြန်မာ ယူ-၂၃အသင်းနှင့်အတူ ဒုတိယငွေတံဆိပ်ရရှိအောင် စွမ်းဆောင်ပေးရာတွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။

## မေ ၃၀ ရက်တွင် နိုင်ငံတကာခြေစမ်းပွဲကစားရန် တရုတ်(တိုင်ပေ)အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖိတ်ကြားထား

### စိတ်ဆန္ဒစောပြီး ဂိုးကံခေမှုကြောင့် ယခုကဲ့သို့ ရှုံးနိမ့်ရခြင်းဖြစ်သည်ဟု နည်းပြချုပ်ဆို

ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် လက်ဘနွန်အသင်းနှင့် သွားရောက်ယှဉ်ပြိုင်ကစားရမည့် မြန်မာ့လက်ရွေးစင်အသင်းသည် ပြိုင်ပွဲအကြိုခြေစမ်းမှုအဖြစ် စင်ကာပူအသင်းနှင့် မတ် ၂၄ ရက်က စင်ကာပူနိုင်ငံ၊ ဂျလန်ဘီဆာအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။




အဆိုပါပွဲတွင် စင်ကာပူအသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၂၇ မိနစ်တွင် အသင်းခေါင်းဆောင် ရန်မလီ၊ ပွဲ ချိန် ၈၈ မိနစ်တွင် ဖာဇက်ရီနာဝက်ဇာတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကို ပွဲချိန် ၆၄ မိနစ်တွင် လူစားဝင်ကစားသမား ဆောင်လမန်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် မြန်မာ့လက်ရွေးစင်အသင်း၏နည်းပြချုပ် မစ္စတာဂတ်ဆီဇီက "အသင်းလိုက်ကစားပုံနဲ့ခြေစွမ်းကို အားရပါတယ်။ အခွင့်အရေးတွေ အကြိမ်များစွာ ဖန်တီးနိုင်ခဲ့သလို ဂိုးသွင်းခွင့်တွေလည်းရခဲ့တာ အားလုံးအမြင်ပါပဲ။ စိတ်ဆန္ဒစောခြင်းနဲ့ ဂိုးကံခေသွားတာကြောင့် ရသင့်တဲ့ဂိုးတွေမရခဲ့ဘူး။ အသင်းကို အကောင်းဆုံးပုံစံနဲ့ ဆက်လက် တည်ဆောက်သွားမှာပါ။ အဓိကပြိုင်ပွဲဖြစ်တဲ့ ဆူဇူကီးဖလားမှာ လက်ရှိခြေစွမ်းထက်ပိုကောင်းတဲ့ ကစားပုံနဲ့ အောင်မြင်မှုရဖို့ ယုံကြည်ထားပါတယ်။ အချိန်တော့ ပေးရလိမ့်မယ်။ ဆူဇူကီးဖလားအတွက် လေးနိုင်ငံ ဖိတ်ခေါ်ပွဲကို ရန်ကုန်မြို့မှာ လက်ခံကျင်းပသွားဖို့ရှိနေသလို ပြည်ပထွက်ပြီး လေ့ကျင့်သွားဖို့လည်းရှိနေပါတယ်။ ကစားသမားတွေကို စည်းကမ်းပိုင်းကောင်းမွန်ပြီး တစ်ဦးချင်းရော အသင်းလိုက်ပါ တောင့်တင်းတဲ့ အသင်းကောင်း တစ်သင်းဖြစ်လာဖို့ တည်ဆောက်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

အဆိုပါပွဲအပြီးတွင် မြန်မာ့လက်ရွေးစင်အသင်းသည် လက်ဘနွန်နိုင်ငံသို့ သွားရောက်ကာ ကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စုပွဲစဉ်ကို သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ထို့နောက် မြန်မာ့လက်ရွေးစင်အသင်းသည် မေ ၃၀ ရက်တွင် တရုတ်(တိုင်ပေ)လက်ရွေးစင်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားရန်တရုတ်(တိုင်ပေ)အသင်းအား ဖိတ်ခေါ်ထားကြောင်း သိရသည်။

အာဆီယံဒေတွင်း နိုင်ငံများဖြစ်သည့် မလေးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူအသင်းတို့ကို ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန် ဖိတ်ကြားခဲ့သော်လည်း အဆင်မပြေသဖြင့် တရုတ်(တိုင်ပေ)အသင်းကို ထပ်မံဖိတ်ကြားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အစက အာဆီယံဒေသတွင်းနိုင်ငံတွေကို ဖိတ်ကြားခဲ့ပါတယ်။ ဒါပေမယ့် အဆင်မပြေခဲ့တာကြောင့် အခုလိုတရုတ်(တိုင်ပေ)အသင်းကို ဖိတ်ကြားခဲ့တာပါ။ လက်ရှိအချိန်အထိတော့ တရုတ်(တိုင်ပေ)ဘောလုံးအဖွဲ့ချုပ်က အကြောင်းပြန်ကြားခြင်း မရှိသေးပါဘူး"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် တရုတ်(တိုင်ပေ)နှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားပြီးပါက ဥရောပနိုင်ငံများသို့သွားရောက်၍ လေ့ကျင့်ရေး ခရီးစဉ်များနှင့် ခြေစမ်းပွဲခရီးစဉ်များပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

## ဂျပန်နိုင်ငံတွင် မြန်မာအမျိုးသမီး လက်ရွေးစင်အသင်း စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်မည်

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် လာမည့် မေ၅ရက်တွင် ဂျပန်နိုင်ငံ၊ ရှီဇူအိုကာမြို့သို့ သွားရောက်၍ စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ဇူလိုင် ၁၄ရက်မှ ဩဂုတ် ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲအတွက် မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းအနေဖြင့် ဖေဖော်ဝါရီ ၂၀ရက်မှစတင်ကာ နည်းပြချုပ် မစ္စတာရော်ဂျာရိုင်နာနှင့်အတူ ကွင်းဆင်းလေ့ကျင့်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် လာမည့် မေ ၅ ရက်မှ ၂၄ ရက်အထိ ဂျပန်နိုင်ငံသို့သွားရောက်၍ စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်ပြီး ဂျပန်ဂျေလိဂ် ကလပ်အသင်းများနှင့်လည်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ အမျိုးသမီးအသင်းသည် အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ဩစတြေးလျ၊ မလေးရှား၊(တောင်ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ထိုင်း) သုံးသင်းအနက်မှ တစ်သင်း၊ စုစုပေါင်း လေးသင်းဖြင့် အုပ်စု(ခ)မှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

## ဟံသာဝတီနှင့်ပွဲမှ အပြုအမူများအတွက် ရတနာပုံအသင်းနည်းပြချုပ်အား ပွဲပယ်ပြစ်ဒဏ်နှင့်ဒဏ်ငွေချမှတ်

ဟံသာဝတီအသင်းအား အနိုင်ရရှိကာ ရာသီဝက် ချန်ပီယံဖြစ်ခဲ့သည့်ပွဲတွင် ပွဲချိန်အတွင်း ကွင်းအတွင်းမှ ထုတ်ပယ်ခံခဲ့ရသည့် ရတနာပုံအသင်းနည်းပြချုပ် ရီနီအော်စကာကို ပွဲအတွင်းအပြုအမူများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက အနီးစပ်ဆုံး နှစ်ပွဲပယ်ပြစ်ဒဏ်နှင့် ငွေဒဏ်လေးသိန်း ပေးဆောင်ရန်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲ၏ ပွဲချိန် ၃၅ မိနစ်တွင် ရီနီသည် နည်းစနစ်ဧရိယာအတွင်းမှထွက်၍ အကူဒိုင်(၁)အား နောက်မှလိုက်ကာ စောဒကတက်ခြင်းကြောင့် ကွင်းလယ်ဒိုင်လူကြီးက သတိပေးမှုများပြုလုပ်ခဲ့သည်။

ထို့အပြင် ပွဲချိန် ၆၃မိနစ်တွင် ရတနာပုံအသင်းနည်းစနစ်ဧရိယာအရှေ့၌ ဟံသာဝတီအသင်းမှလက်ပစ်ဘောရသောကြောင့် ကစားသမားမှ ကောက်ယူမည်ပြုစဉ် ရီနီမှ ခြေထောက်ဖြင့် သိသာစွာ ကန်ထုတ်ခဲ့ရာ ဟံသာဝတီကစားသမား အောင်ရာဇာဦး



နှင့်အခြေအတင် စကားများခဲ့ကြသောကြောင့် ကွင်းလယ်ဒိုင်က အနီကတ်ပြကာ ကွင်းအပြင်သို့ ထုတ်ပယ်ခဲ့သည်။

ပြိုင်ပွဲပြီးဆုံးချိန်တွင်လည်းပွဲပြီး သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခွင့်မရှိသော်လည်း တက်ရောက်လာပြီး မီဒီယာတာဝန်ခံ၏ ဝတ္တရားအား အနှောင့်အယှက်ပေးခြင်း၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကျင်းပရေးတာဝန်ခံအား ရိုင်းပျစွာပြောဆိုခြင်းတို့ကို ထပ်မံပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ပြိုင်ပွဲ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ရတနာပုံအသင်းနည်းပြချုပ် ရီနီအော်စကာအား ယခုကဲ့သို့ပြစ်ဒဏ်များ ချမှတ်ခဲ့သည့်အပြင် ဟံသာဝတီအသင်းမှကစားသမား အောင်ရာဇာဦးကိုလည်း ကစားသမားမပီသသည့် အပြုအမူများကြောင့် သတိပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

# လိင်မှုဆိုင်ရာပြစ်မှုကျူးလွန်သဖြင့် အဒမ်ဂျွန်ဆင်အား ထောင်ဒဏ်ချမှတ်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်အကယ်ဒမီမှ ကစားသမားများအား လူမှုဆက်ဆံရေးဆွေးနွေးပွဲများ ပြုလုပ်ပေးခဲ့

အင်္ဂလန် ပရီးမီးယားလိဂ်မှ ထိပ်သီး ကလပ်အသင်းများဖြစ်သည့် မန်စီးတီး၊ လီဗာပူးနှင့်ချဲလ်ဆီးအသင်း အပါအဝင် ပရီးမီးယားလိဂ် ကလပ်အသင်းများသည် ၎င်းတို့ပိုင်ဆိုင်သည့် အကယ်ဒမီသင်တန်းကျောင်းမှ ကစားသမားများအား လူမှုဆက်ဆံရေးသင်တန်းများ ဆွေးနွေးပို့ချပေးလျက်ရှိကြောင်း မေးလ်အွန်လိုင်းသတင်းတွင် ဖော်ပြထားသည်။



အင်္ဂလန် ပရီးမီးယားလိဂ်ကလပ်အသင်းတစ်သင်းဖြစ်သည့် ဆန်းဒါးလန်းအသင်းမှ တောင်ပံကစားသမား အဒမ်ဂျွန်ဆင်သည် ပြီးခဲ့သည့်နှစ်အတွင်းက အရွယ်မရောက်သေးသည့် မိန်းကလေးငယ်တစ်ဦးအား လိင်မှုဆိုင်ရာစော်ကားမှုဖြင့် ထောင်ဒဏ် ခြောက်နှစ် ချမှတ်ခံခဲ့ရသည်။

ယင်းကဲ့သို့ ထောင်ဒဏ်ချမှတ်ခဲ့ပြီးနောက် အင်္ဂလန်ပရီးမီးယားလိဂ်မှ အသက် ၁၂ နှစ်နှင့် ၂၁ နှစ်ကြားရှိ လူငယ်ဘောလုံးသမားများအား လူမှုဆက်ဆံရေးဆိုင်ရာ ဆွေးနွေးပွဲများကို ပြုလုပ်ပေးရခြင်းဖြစ်ကြောင်း အဆိုပါဆွေးနွေးပွဲကို ဦးဆောင်ကျင်းပခဲ့သည့် ဖူလ်ဟမ်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ထိပ်သီးအသင်းများသည် လူမှုဆက်ဆံရေးနယ်ပယ်တွင် ကျွမ်းကျင်သူများကို ငှားရမ်းကာ ၎င်းတို့၏ ကစားသမားများအား လူမှုဆက်ဆံရေးဆိုင်ရာ သိကောင်းစရာများအား ဆွေးနွေး ဟောပြောပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်း ဆွေးနွေးပွဲများအား အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)ကလည်း ပါဝင်ပူးပေါင်းခဲ့ပြီး လူမှုဆက်ဆံရေး လုပ်ငန်းများသည် အရေးပါသည့်ကဏ္ဍတစ်ရပ်တွင် ပါဝင်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

"ဒီလုပ်ငန်းတွေက အရေးကြီးပါတယ်။ ဥပမာပြောရရင် ဘောလုံးသမားတွေမှာ ရည်းစားတွေရှိကြတယ်။ အဲဒီရည်းစားတွေနဲ့ပြတ်သွားရင် နောက်တစ်ယောက်နဲ့ထပ်ပြီး ရည်းစားထားမယ်။ ရည်းစားဟောင်းတွေ ဆိုတာလည်းရှိလာကြမှာပဲ။ အဲဒီလိုအခါမျိုးမှာ ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်ဖို့က အရေးအကြီးဆုံးပါပဲ။ ကိုယ့်အနားမှာ ကိုယ့်ရဲ့ ပရိသတ်တွေရှိနေတယ်ဆိုတာ ဘောလုံးသမားတိုင်း သိစေချင်တယ်" ဟု အက်ဖ်အေအဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

ဂျွန်ဆင်၏အမှုသည် ပရီးမီးယားလိဂ်ကလပ်အသင်းများအား အချက်ပေးသည့် ခေါင်းလောင်းသံသဖွယ်ဖြစ်လာကြောင်းလည်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ပရီးမီးယားလိဂ်ကလပ် အသင်းများအနေဖြင့် ယခုပြဿနာသည် ကလပ်အသင်းများအတွက် ကလေးသူငယ် အခွင့်အရေးဆိုင်ရာဥပဒေများကို လေးစားလိုက်နာကြရန် လိုအပ်ကြောင်း ထောက်ပြသကဲ့သို့ဖြစ်နေသည်ဟု ဆိုသည်။




# တားမြစ်ဆေးဝါးများသုံးစွဲသည့် ရုရှား အားကစားသမားလေးဦးအား စစ်ဆေးတွေ့ရှိ

အပြည်ပြည်ဆိုင်ရာ တားမြစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့သည် မယ်လ်ဒိုနီယမ်ဆေးဝါးများအား သုံးစွဲနေသည့် ရုရှားကစားသမားလေးဦးကို ထပ်မံတွေ့ရှိခဲ့ရကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယခုအခါတွင် တားမြစ်ဆေးဝါးသုံးစွဲနေသည့် ရုရှားကစားသမား အနည်းဆုံး ၁၆ ဦးခန့်ရှိနေပြီဖြစ်ပြီး အဆိုပါကစားသမားများအနက် ရုရှားတင်းနစ်အကျော်အမော်ဖြစ်သူ မာရီယာရှာရာပိုဗာလည်း ပါဝင်ခဲ့ကြောင်း ကမ္ဘာ့တားမြစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

မယ်လ်ဒိုနီယမ်ဆေးသည် ဆီးချိုနှင့် နှလုံးရောဂါအပါအဝင်ရောဂါအမယ်အမျိုးမျိုးကို ကုသရာတွင် သောက်သုံးသင့်သည့် ဆေးတစ်မျိုးဖြစ်သော်လည်း ယင်းဆေးကို အားကစားသမားများ ကြာရှည်သောက်သုံးပါက အားကစားပြုလုပ်နေစဉ်အတွင်း အသက်ရှူရပ်ကာ လဲကျသေဆုံးနိုင်ကြောင်း၊ ထို့ကြောင့် တားမြစ်ဆေးဝါးစာရင်းတွင် အဆိုပါ မယ်လ်ဒိုနီယမ်ဆေးကို ထည့်သွင်းထားရခြင်းဖြစ်ကြောင်း ကမ္ဘာ့တားမြစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားပြေးခုန်ပစ်အဖွဲ့ချုပ်အနေဖြင့် အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် အားကစားသမားများအကြားတွင် တားမြစ်ဆေးဝါးသုံးစွဲမှုများ မြင့်တက်လျက်ရှိသဖြင့် အားကစားသမားရွေးချယ်မှုများကို ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။

ရုရှားနိုင်ငံအတွင်းရှိ အားကစားအဖွဲ့ချုပ်အသီးသီး၏ အဖွဲ့ချုပ်ဥက္ကဋ္ဌများအား အဖွဲ့ချုပ်အတွင်းရှိ အားကစားသမားများကို ဆေးစစ်ဆေးမှုများပြန်လည်ပြုလုပ်ရန် တိုက်တွန်းထားသည်။



# သမီးနှစ်ယောက်နှင့်အတူ ရေချိုးရင်း ဒူးဒဏ်ရာရရှိခဲ့ကြောင်း ဖက်ဒဲရာ ထုတ်ဖော်ကြေညာ

ဆွစ်ဇာလန်တင်းနစ်ချန်ပီယံ ရော်ဂျာဖက်ဒဲရာသည် မဲလ်ဘုန်းတွင် ကျင်းပသည့် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲပြီးကတည်းက ဒူးဒဏ်ရာရရှိနေခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဒူးဒဏ်ရာမှာလည်း အမြွှာသမီးနှစ်ဦးနှင့်အတူ ရေချိုးဆော့ကစားရင်းရရှိခဲ့သည့် ဒဏ်ရာဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဂရင်းဆလင်းချန်ပီယံ ၁၇ ကြိမ်ရရှိထားသည့် အသက် ၃၄ နှစ်အရွယ်ရှိ ရော်ဂျာဖက်ဒဲရာသည် ၎င်း၏ ဒူးဒဏ်ရာကို အကြောကုထုံးဆိုင်ရာ ကုထုံးများဖြင့် ကုသပြီးနောက် မီယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

"အဲဒီတုန်းက ကျွန်တော်က ဒဏ်ရာကို သာမန်လောက်ပဲ ထင်ခဲ့မိတာ။ ရေချိုးပြီးတော့ သမီးနှစ်ယောက်နဲ့အတူ တိရစ္ဆာန်ရုံကို သွားခဲ့သေးတယ်။ အဲဒီကိုရောက်တော့မှ ကျွန်တော့်ခြေထောက်ကြီး ရောင်ယမ်းနေတာကို သိလိုက်ရတယ်။ ကျွန်တော် ခွဲစိတ်ကုသမှုရမယ်ဆိုတာကို သိရတဲ့အတွက် ခွဲစိတ်ကုသပြီး အကြောကုထုံးနည်းနဲ့ကုသခဲ့လို့ ပျောက်ကင်းသွားပါပြီ။ အဲဒီလိုဖြစ်ခဲ့တဲ့အတွက် ကျွန်တော် တော်တော်လေး တုန်လှုပ်သွားသလို တော်တော်လည်း စိတ်ပျက်သွားမိတယ်။ ပြိုင်ပွဲတွေနဲ့ ဝေးရဦးမှာပါလားလို့ပေါ့။ အခု မီယာမီပွဲမှာ ပြန်လည်ဝင်ရောက်ခွင့်ရသလို ဒုတိယအဆင့်ကို တက်ရောက်နိုင်ခဲ့တဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်"ဟု ပြောကြားခဲ့သည်။

# မီယာမီတွင် ဘောလုံးကွင်းတစ်ကွင်းဆောက်ရန် မြေကွက်တစ်ကွက်ကို ဒေးဗစ်ဘက်ခမ်း ဝယ်ယူ

ကမ္ဘာကျော် ဘောလုံးသမားတစ်ဦးဖြစ်သူ အင်္ဂလန်လက်ရွေးစင်ဟောင်း ဒေးဗစ်ဘက်ခမ်းသည် ၎င်းပိုင်ဆိုင်သည့် ကလပ်အသင်းအတွက် ဘောလုံးကွင်းတစ်ကွင်း တည်ဆောက်ရန် မြေကွက်တစ်ကွက်ကို မီယာမီမြို့တွင် ဝယ်ယူလိုက်ကြောင်း သိရသည်။

အဆိုပါမြေကွက်သည် မေဂျာလိဂ်ဘောလုံးကွင်း၏ အနီးတွင်ရှိပြီး အေးဂျင့်စီမွန်ဖူလာ၏ ဆက်သွယ်ပေးမှုဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။

ဒေးဗစ်ဘက်ခမ်းသည် မေဂျာလိဂ်သို့ ရောက်ရှိစဉ်ကတည်းက မီယာမီဘက်ခမ်းယူနိုက်တက်ဘောလုံးအသင်းကို တည်ထောင်ထားခဲ့ပြီး အဆိုပါဘောလုံးအသင်းအတွက် ဘောလုံးကွင်းတစ်ကွင်း တည်ဆောက်ရန် မြေကွက်တစ်ကွက်ကို ဝယ်ယူခဲ့ခြင်းဖြစ်သည်။ အဆိုပါမြေကွက်သည်



မီယာမီမြို့လယ်နှင့် မနီးမဝေးတွင်တည်ရှိပြီး မြို့တွင်းသို့ လမ်းလျှောက်သွားရုံဖြင့် ရောက်ရှိနိုင်သကဲ့သို့ ရထားဖြင့်လည်း သွားရောက်နိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

"အခုလို မြေကွက်တစ်ကွက် ဝယ်လိုက်တဲ့အချက်ဟာ မီယာမီဘက်ခမ်း ယူနိုက်တက်အသင်းရဲ့ ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်ကို ဖြည့်ဆည်းပေးလိုက်တာပါပဲ။ ပတ်ဝန်းကျင်အနေအထားကလည်း ကောင်းတဲ့အတွက် အသင်းအပေါ် ထိရောက်တဲ့အကျိုးသက်ရောက်မှုတွေ ရှိလာမှာဖြစ်ပါတယ်" ဟု စပရင့်တယ်လီကွန်မြူနီကေးရှင်းဂရု(ပ်)မှ အကြီးအကဲဖြစ်သူ ကလော်ရာက ပြောကြားခဲ့သည်။

မီယာမီဘက်ခမ်းယူနိုက်တက်အသင်း ပိုင်ရှင်ဖြစ်သူ ဒေးဗစ်ဘက်ခမ်းသည် မေဂျာလိဂ်ကလပ်အသင်းတစ်သင်းဖြစ်သည့် အယ်လ်အေဂလက်ဆီအသင်းတွင် ပါဝင်ကစားခဲ့ပြီးနောက် ဘောလုံးသမားဘဝမှ အနားယူခဲ့ခြင်းဖြစ်သည်။

၎င်းသည် မန်ချက်စတာယူနိုက်တက်၊ ရီးရဲလ်မက်ဒရစ်၊ အေစီမီလန်နှင့် ပဲရစ်စိန့်ဂျာမိန်း(ပီအက်စ်ဂျီ)အသင်းတို့တွင် ပါဝင်ကစားခဲ့ပြီး ကစားသမားဘဝ၏ နောက်ဆုံးနေ့ရက်များကို အယ်လ်အေဂလက်ဆီအသင်းတွင် ကုန်ဆုံးစေခဲ့သူဖြစ်သည်။ အယ်လ်အေဂလက်ဆီအသင်းတွင်ရှိစဉ် မီယာမီဘက်ခမ်းယူ နိုက်တက်အသင်းကို ထူထောင်ရန် ဆန္ဒရှိခဲ့သူဖြစ်သည်။

Vol: 16, No.13 Monday March 28 2016

# ပြည်ကြီးတံခွန်မြို့နယ် ကနောင်ခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၏ "စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောဆွေးနွေးပွဲ"ကိုမတ် ၂၂ ရက်နံနက်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်ရှိ ကနောင်မင်းသားကြီးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်မြင့်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဆွေတင့်ကြူး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာဇင်ဇင်နွယ် တို့အပါအဝင် ဌာနဆိုင်ရာအကြီးအကဲများ၊ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ NGO အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်မြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဆွေတင့်ကြူးက မိမိတို့ ဌာန၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်သောအကြောင်းအရာများကို လည်းကောင်း၊ စားသုံးသူများအသိပညာပေးခြင်းများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ စာသင်ကျောင်းများနှင့်ဈေးများတွင် အသိပညာပေးခဲ့ပြီးဖြစ်ကြောင်း၊ မန္တလေးစက်မှုဇုန်သည် စီးပွားရေးလုပ်ငန်းရှင်များ စုစည်းရာနေရာဖြစ်၍ ယခုကဲ့သို့လာရောက်ဟောပြောဆွေးနွေးရခြင်းဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အရေး၊ တာဝန်နှင့် တားမြစ်ချက်များကို သိရှိနားလည်ပြီး စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေလိုကြောင်းဖြင့် ကျယ်ကျယ် ပြန့်ပြန့်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးဒေါက်တာဇင်ဇင်နွယ်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ဈေးကွက်အတွင်းမှ အစားအသောက်နှင့်ဆေးဝါးများကိုနမူနာယူ၍ စစ်ဆေးပေးကြောင်း၊ FDA မှ GHP နှင့် GMP လုပ်ငန်းစဉ်များအတွက် စစ်ဆေးနေမှုများကိုလည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြောကြားခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအောင်မြင့်က အသက်ရှည် ကျန်းမာစွာ နေနိုင်ရေးအတွက် အစားအသောက်ကို ရွေးချယ်စားသုံးပုံစနစ်များကိုလည်းကောင်း၊ စားသုံးရန်မသင့်သည့် အစားအသောက်များနှင့်ပတ်သက်ပြီး မိမိကိုယ်တိုင်နှင့်မိမိပတ်ဝန်းကျင်ကို မည်ကဲ့သို့ ကာကွယ်သင့်ကြောင်းများကိုလည်းကောင်း၊ စားသုံးသူများမှ မိမိတို့၏ ရပိုင်ခွင့်အခွင့်အရေးများကို သေချာစွာသိရှိ သဘောပေါက်နားလည်ရန်လိုကြောင်း၊ ကျေးလက်နေပြည်သူများသည် စားသုံးသူအခွင့်အရေးနှင့်ပတ်သက်လျှင် လိမ်ညာရန်လွယ်ကူသဖြင့် အခွင့်အရေးဆုံးရှုံးမှု အများဆုံးဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်ပြီး မိမိနှင့်မိမိမိသားစု၊ ပတ်ဝန်းကျင်နှင့် ပြည်သူအားလုံးကို ကာကွယ်စောင့်ရှောက်ရန်လိုကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများမှ သောက်ရေသန့်၊ ဆေးဝါးနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများမှ အသေးစိတ်ပြန်လည်ဖြေကြားခဲ့ပါသည်။ မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးမောင်မောင်ဦးက ယခုကဲ့သို့ လာရောက်၍ အသိပညာပေးဟောပြောဆွေးနွေးမှုအား ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**တင်ချစ်ကောင်း-မန္တလေး**

# ကရင်ပြည်နယ် ဘားအံမြို့ဘားကပ်စံပြကျေးရွာတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ကရင်ပြည်နယ် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဘားအံမြို့ ဘားကပ်စံပြကျေးရွာတွင် မတ် ၂၄ ရက် နေ့လယ်က ကျင်းပခဲ့ကြောင်း သိရှိရပါသည်။

ဟောပြောပွဲတွင် ကရင်ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူး ဦးတင့်ဆန်းနှင့်ဝန်ထမ်းများ ကရင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှဒုတိယကြီးကြပ်ရေးမှူး ဒေါ်ဖြူရတနာနှင့် ဝန်ထမ်းတို့သည် ဘားကပ် အ. ထ. ကကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပခဲ့ပါသည်။ ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ဒေသခံပြည်သူများ အလယ်တန်းအဆင့် ကျောင်းသား/ကျောင်းသူများ စုစုပေါင်း ၃၅၀ ဦးခန့်တက်ရောက်ခဲ့ပါသည်။

ယင်း ဟောပြောပွဲတွင် ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူးဦးတင့်ဆန်းက စားသုံးသူ အကာအကွယ်ပေးရေး အကြောင်းသိကောင်းစရာများခေါင်းစဉ်ဖြင့်စားသုံးသူတို့၏ အခွင့်အရေး၊ ရပိုင်ခွင့်နှင့် တာဝန်များအကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ လုပ်ငန်းတာဝန်များအကြောင်း၊ ကရင်ပြည်နယ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများအကြောင်း၊ စားသုံးသူတို့ အငြင်းပွားမှုဖြစ်လျှင် ဖြေရှင်းမည့်နည်းလမ်းများအား ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဟောပြောခဲ့ပါသည်။ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ဖြူရတနာက ဆွေးနွေးရာတွင် သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးများအကြောင်း ၊ ဓာတုဆိုးဆေးသည် အချို့အစားစာများတွင် အလွန်အကျွံထည့်သွင်းမှုနှင့် ဆက်စပ်၍ စားသုံးသူတို့မှာ များစွာသော ရောဂါဘေးဥပဒ်အန္တရာယ် ဖြစ်စေနိုင်သောအကြောင်းအရာများ၊ ကျန်းမာရေးသည် လူတို့အတွက် အရေးကြီးကြောင်း၊ အရောင်အသွေးလှပအောင် ထည့်သွင်းအသုံးပြုထားသော အစားအစာများကို မစားကြရန်နှင့် မျိုးဆက်သစ် ကလေးငယ်များအတွက် ဆိုးဆေးပါဝင်သော အစား အသောက်များကို ရှောင်ကြဉ်ကြရန် ဆွေးနွေးကြောင်း သတင်းရရှိပါသည်။

ယင်းနောက် တက်ရောက်လာသူများကို စားသုံးသူ အကာအကွယ်ပေးရေးဥပဒေစာအုပ်များနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ပြုလုပ်ခဲ့ပါ သည်။ ကျေးရွာမှ တာဝန်ရှိသူတစ်ဦးက စားသုံးသူအကာအကွယ်ပေးရေး ဟောပြောပွဲကို ပြုလုပ်ပေးသော ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆက်စပ်ဟောပြောပေးသော ဦးစီးဌာနကိုလည်း ကျေးဇူးအထူးပင်တင်ရှိပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်၊ ကရင်ပြည်နယ်**

# မိတ္ထီလာခရိုင်၊ ပျော်ဘွယ်မြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေးဟောပြောပွဲ ကျင်းပ

မိတ္ထီလာခရိုင်၊ ပျော်ဘွယ်မြို့နယ်တွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးပွဲကို မတ်၁၄ ရက်က မြို့တော်စည်ပင် ဈေးရုံး ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာမှ ဝန်ထမ်းများနှင့် ဈေးသူဈေးသား စုစုပေါင်း ၁၅၀ ဦး တက်ရောက် ခဲ့ကြပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မိတ္ထီလာခရိုင်ဦးစီးမှူးက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ် ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းခဲ့ကြောင်း ဤဥပဒေမှာ အစားအသောက်၊ ဆေးဝါးတင် မဟုတ်ဘဲ ဝန်ဆောင်မှု လုပ်ငန်းများပါအကျုံးဝင်ကြောင်း၊ စံမမီစားသောက်ကုန်များအကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့်သော အစားအသောက်များ နှင့် ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်နှင့်ပြည်တွင်းပြည်ပတွင် လက်ရှိဖြစ်ပေါ်နေသည့် အစားအသောက်၊ဆေးဝါး၊ရောဂါ အခြေအနေများအား သိရှိရန် သတင်းစာ၊ ဂျာနယ်များအား ဖတ်ရှုရန်နှင့် စားသုံးသူတိုင်ကြားမှုများရှိပါက နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ တိုင်ကြားရေးဌာနတွင် တိုင်ကြားမှုပုံစံများရှိပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များသည် စီးပွားရေး ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်သည် မိမိလုပ်ငန်းအပေါ်တွင်သာ လုပ်ငန်းရှင်အဖြစ် ရပ်တည်သော်လည်း စားသုံးသူပင်ဖြစ်ပါကြောင်း၊ စားသုံးသူ၏ အခွင့်အရေး၊ တာဝန်နှင့် တားမြစ်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

မြို့နယ်ဆရာဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံသည် ကင်ဆာရောဂါဖြစ်ပွားမှု အလွန်များပြားလျက်ရှိပါကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ အစားအသောက်ကြောင့် ဖြစ်ပါကြောင်း၊ အစားအသောက်တွင် အသုံးပြုသော ဓာတုဆိုးဆေးများ၊ တာရှည်ခံဆေးနှင့်ပိုးဟတ်ဆေးများသည် အလွန်အန္တရာယ်များကြောင်း၊ ယင်းဓာတုဆိုးဆေးများသည် ချက်ချင်း ဆိုးကျိုးမပေးကြောင်း၊ လူတစ်ဦးအသက်ရှင် နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးသည် အရေးကြီးပြီး အစားအသောက်ကို ရွေးချယ် စားသုံးတတ်ရန် အရေးကြီးကြောင်း၊ ယခင်ကလည်း ကျန်းမာရေးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဈေးများ၊ ကျောင်းများတွင် စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းသည် အစိုးရအဖွဲ့တစ်ခုတည်းဖြင့် လုပ်ကိုင်၍ မရနိုင်ကြောင်း၊ ပြည်သူများက အသိစိတ်ဖြင့် လိုက်နာဆောင်ရွက်မှသာ အောင်မြင်နိုင်မှာဖြစ်ကြောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

စားသုံးသူ အကာအကွယ်ပေးရေးနှင့်ပတ်သက်သော အကြောင်းအရာများကို သက်ဆိုင်ရာ ဌာနအသီးသီးမှ ဟောပြော ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ဈေးသူဈေးသားများကလည်း မိမိသိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သတင်းရရှိပါသည်။

**ဇော်မော်ထွန်း-မန္တလေး**

# ဘားအံမြို့မဈေးကြီးတွင် စားသုံးရန်မသင့်သော အစားအသောက်များအား ကွင်းဆင်းစစ်ဆေး

ကရင်ပြည်နယ်၊ ဘားအံမြို့တွင် မတ် ၂၂ ရက် နံနက်က ဘားအံမြို့မဈေးကြီးအတွင်း စားသုံးရန်မသင့်သော အစားအသောက်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

ယင်းကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များပူးပေါင်း၍ စားသုံးရန်မသင့်သော ဓာတုဆိုးဆေးများပါဝင်သော စားသောက်ကုန်အမယ် ရှစ်မျိုးအား မြို့မဈေးအတွင်း စားသောက်ကုန်ဆိုင် ၁၉ ဆိုင်အား စစ်ဆေးမှုပြုခဲ့ပါသည်။

ယင်းစားသောက်ကုန်များမှ ဓာတုဆိုးဆေးပါဝင်သော စားသုံးရန် မသင့်သော ငရုတ်သီးပုံစံ ချိုချဉ် ၁၅၄ ခုကို ဆိုင်ခန်းအမှတ် (ဂ)၁၄/၁၅ ဆိုင်တွင် တွေ့ရှိရ၍ အဖွဲ့ဝင်များရှေ့မှောက်၌ သိမ်းဆည်းခြင်း၊ မီးရှို့ဖျက်ဆီးခြင်း ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်၊ကရင်ပြည်နယ်**

# ဟားခါးမြို့ ဈေးသစ်ရပ်ကွက်တွင် စားသုံးသူအကာအကွယ် ပေးရေးဆိုင်ရာအသိပညာပေး ကွင်းဆင်းဆောင်ရွက်

ချင်းပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူရေးရာဌာနခွဲမှူး ဦးဇော်မင်း ဦးဆောင်ပြီး ချင်းပြည်နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မတ် ၁၃ ရက်တွင် ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ မာရာနှစ်ခြင်း ခရစ်ယာန်အသင်းတော် ဘုရားကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အသိပညာပေး ဆွေးနွေးဟောပြော ဆောင်ရွက်ခဲ့ရာတွင် အသင်းတော်ဥက္ကဋ္ဌ (ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဒုတိယပြည်နယ်ဦးစီးမှူး) ဦးရွှန်လိုင်က အဖွင့်အမှာစကားပြောကြားပြီး သင်းအုပ်ဆရာကြီးနှင့်အတူ အသင်းတော်လူကြီး ၁၂ ဦး၊ အသင်းတော်မှ မြို့မိမြို့ဖများ ၃၀ ဦး၊ စုစုပေါင်း ၄၂ ဦးတို့ တက်ရောက်ခဲ့ပြီး၊ လက်ကမ်းစာစောင် ၄၂ စောင်၊ ကျန်းမာရေးဝန်ကြီးဌာနက စားသုံးရန်မသင့်ကြောင်း ကြေညာထားသော စံမညီမြေပဲဆီများစာရင်း ၄၂ စောင်နှင့်၊ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေမူကြမ်းစာအုပ် ၄၂ အုပ်တို့ကို ဖြန့်ဝေပေးခဲ့ပါသည်။

စားသုံးသူရေးရာဌာနခွဲမှူး ဦးဇော်မင်းက စားသုံးသူနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အဓိပ္ပာယ်ဖော်ပြချက်အကြောင်း၊ နေ့စဉ်စားသုံးသင့်သော အစားအစာများနှင့်လူတို့၏ ကျန်းမာရေးအကြောင်း၊ အစားအသောက်များနှင့် ဆိုးဆေးသုံးစွဲမှုများအကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက စားသုံးရန်မသင့် ကြေညာထားသော စံမညီမြေပဲဆီများအကြောင်း ဟောပြောခြင်း၊ အငယ်တန်းစာရေး ဒေါ်ဒေါ်ကြယ်က စားသုံးသူရေးရာဌာနခွဲမှူး၊ ဦးဇော်မင်း၏ ဟောပြောဆွေးနွေးမှုများကို မာရာဘာသာဖြင့် ပြန်လည်ရှင်းလင်းဟောပြောခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် သင်းအုပ်ဆရာကြီး အကြံပေး (CARD; Community Association for Rural Development ; Director) Rev., ဒေါက်တာဟရန်ကီးလ်က နေ့စဉ်စားသုံးသင့်သော အစားအစာများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်းသည် ပြည်သူတို့အတွက် အရေးပါကြောင်း၊ CARD အနေဖြင့် အစားအသောက်နှင့်ပတ်သက်သော အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ဖူးကြောင်းနှင့် ဤလုပ်ငန်းသည် CARD လုပ်ငန်းနှင့် ဆက်နွယ်သော လုပ်ငန်းဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရှိရပါသည်။

**ဒေါ်ကြယ်(စားသုံးသူ) ဟားခါးမြို့**

# တာမွေမြို့နယ် ဒဂုဏ်ညွန့်ဈေးတွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့နှင့် ပူးပေါင်း၍ မတ် ၂၂ ရက်တွင် တာမွေမြို့နယ်၊ ဒဂုဏ်ညွန့်ဈေး၌ ဈေးရောင်းချသူများအား စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောဆွေးနွေးခြင်း၊ ဈေးအတွင်းရောင်းချလျက်ရှိသည့် ကုန်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့ပါသည်။



ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းက စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ NGO များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ညီလက်ညီ ဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်ကြောင်း ဟောပြောဆွေးနွေးမှုများကို တိတိကျကျလိုက်နာမှတ်သားပြီး တစ်ဆင့်ပြန်လည်မျှဝေကြပါရန် တိုက်တွန်းလိုကြောင်း အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒေါ်မြင့်မြင့်ချိုက စားသုံးသူများဖြစ်သည့် ပြည်သူလူထုတစ်ရပ်လုံး အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးတို့ကို သုံးစွဲရာတွင် ဘေးဥပဒ်မဖြစ်စေရန်နှင့် လိမ်လည်လှည့်ဖြားမှုများမခံရလေအောင် နိုင်ငံတော်မှ ၂၀၁၄ ခုနှစ်၊ မတ် ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၀)ဖြင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး အခန်း (၁၂)၊ ပုဒ်မ(၃၁)ခုပါရှိကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်များ၊ စားသုံးသူတို့၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့် တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီဖွဲ့စည်းထားမှု၊ ရန်ကုန်တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးကော်မတီဖွဲ့စည်းထားမှု၊ တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုလုပ်ငန်းကော်မတီများ ဖွဲ့စည်း ဆောင်ရွက်နေမှု၊ စားသုံးသူများ တစ်စုံတစ်ရာထိခိုက်နစ်နာမှုရှိလာပါက ဖုန်းဖြင့် (သို့မဟုတ်) စာဖြင့်တိုင်ကြားနိုင်ပါကြောင်း၊ တိုင်ကြားမှုပုံစံများရှိပြီး တိုင်ကြားသူအားလျှို့ဝှက်ထားပေးမည်ဖြစ်ကြောင်း၊ မိမိဆိုင်သို့လာပို့သည့်ရောင်းကုန် အားလုံးကို နောက်ကြောင်းပြန်လိုက်နိုင်စေရန် အမည်၊ လိပ်စာ၊ ဖုန်း၊ ထုတ်လုပ်တဲ့ ရက်စွဲ၊ ကုန်ဆုံးရက်စွဲမပါရှိသော ကုန်ပစ္စည်းများကို လက်မခံစေလိုကြောင်း၊ သဘာဝအတိုင်း စားသောက်မှုမဟုတ်တဲ့ သဘာဝကိုလွန်ပြီး အရောင်၊ အနံ့၊ အရသာများကို ဓာတုပစ္စည်းများ ဖြည့်စွက်ပြီး စားသောက်လာကြသဖြင့် အသက်ရှည်ရာ အနာမဲ့ကြောင်းမဟုတ်တော့ဘဲ အသက်တိုရာ အနာပေါ်ကြောင်း ခေတ်အနေအထားသို့ ရောက်နေပါသဖြင့် လူတိုင်းကျန်းမာ အသက်ရှည်စေရန် ဘေးကင်းလုံခြုံမှုရှိသော အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ လူသုံးကုန်ပစ္စည်း၊ ဝန်ဆောင်မှုများကို ဌာနဆိုင်ရာများ၊ NGO များ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူလူထု လေးဦးလေးဖလှယ် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှု ရရှိနိုင်ပါကြောင်းနှင့် ကျန်းမာရေးကို ထိခိုက်နိုင်သော စားသောက်မှုပုံစံများအား အကျယ်တဝင့် ပြောကြားခဲ့ပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်အိရတနာခိုင်က စတင်စိုက်ပျိုးမွေးမြူသည်မှ ပြင်ဆင်ထုတ်လုပ်သယ်ယူ ပို့ဆောင်၊ ဖြန့်ဖြူး၊ ရောင်းချ၊ ဝယ်ယူစားသုံးသည်အထိ အဆင့်ဆင့်သန့်ရှင်းပြီး ရောဂါကင်းဖို့ လိုအပ်ကြောင်း၊ စံချိန်စံညွှန်းမမီသည့် ရေသန့်များ၊ ဆီများ၊ အစားအသောက်များကို သတိပြုရွေးချယ်စားသောက်စေလိုကြောင်း၊ မိမိဝယ်ယူသည့် အစားအသောက်၊ ဆေးဝါး၊ အလှကုန်များသည် FDA ထောက်ခံချက်ရှိ/မရှိ သတိပြုဝယ်ယူသုံးစွဲစေလိုကြောင်း၊ နေ့စဉ်ထုတ်နိုင်ငံပိုင် သတင်းစာများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့်သော အစားအသောက်၊ ဆေးဝါး၊ အလှကုန်များအား ဖော်ပြလျက်ရှိရာ သတိထားလိုက်နာစေလိုကြောင်း ပြောကြားခဲ့ပြီး ရန်ကုန်တိုင်း ကျန်းမာရေးဝန်ကြီးဌာန(ကိုယ်စား) တာမွေမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်စမ်းလွင်က ကမ္ဘာတွင် မြန်မာနိုင်ငံသည် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း ဒုတိယအဆင့်၌ရှိကြောင်း၊ အန္တရာယ်ကင်းသော အစားအသောက်များကို ရွေးချယ်စားသောက်စေလိုကြောင်း၊ ဆိုးဆေးများတွင် သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးဟူ၍ ခွဲခြားထားကြောင်း၊ ဓာတုဆိုးဆေးတွင် ခွင့်ပြုဆိုးဆေးနှင့် ခွင့်မပြုဆိုးဆေး ဟူ၍ ခွဲခြားထားကြောင်း၊ အသင့်သုံး စားသောက်ဖွယ်ရာများတွင် တာရှည်ခံဆေးများထည့်သွင်းသုံးစွဲထားသောကြောင့် မစားသုံးသင့်ကြောင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုသည် အရေးကြီးကြောင်း၊ လက်ကိုစနစ်တကျ ဆေးရန်လိုအပ်ကြောင်း၊ သန့်ရှင်းသောရေကို သုံးစွဲရန်လိုအပ်ကြောင်း၊ သို့မှသာပြည်သူတစ်ရပ်လုံး လုံခြုံစိတ်ချရသော လူနေမှုဘဝကိုရရှိမှာ ဖြစ်ကြောင်း အကျယ်တဝင့် ဆွေးနွေးသွားပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ) တာမွေမြို့နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တာမွေမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ ဈေးသူ/ ဈေးသားများ တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဒဂုဏ်ညွန့်ဈေးသည် (ခ)အဆင့်ဈေးဖြစ်ပြီး စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ ဆေးဝါးရောင်းချသည့် ဈေးဆိုင်ခန်းပေါင်း ၆၅၈ ခန်းရှိပါကြောင်း သတင်းရရှိပါသည်။

**မြင့်မြင့်ဇော် (စားသုံးသူ)ရန်ကုန်**

Organizations News
Vol: 16, No.13 Monday March 28 2016



# ယူရိုဇုန်မြို့ရှင်များနဲ့ ဂရိနိုင်ငံတို့ အကောက်ခွန်နဲ့ အငြိမ်းစားလစာ ပြုပြင်ပြောင်းလဲရေး ညှိနှိုင်းမှုတိုးတက်

အကောက်ခွန်နဲ့ အငြိမ်းစားလစာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေက ချေးငွေသစ်များရရှိရေးနဲ့ ကြွေးမြီသက်သာခွင့်များရရှိရေးအတွက် အရေးပါတဲ့ အခန်းကဏ္ဍမှာရှိနေပြီး အဆိုပါကိစ္စများအတွက် ဥရောပမြို့ရှင်များနဲ့ ဂရိနိုင်ငံတို့ စေ့စပ်ညှိနှိုင်းရာတွင် အရေးပါတဲ့တိုးတက်မှုများရရှိခဲ့ကြောင်း ဥရောပကော်မရှင်ရဲ့ ပြောရေးဆိုခွင့်ရှိသူက မတ် ၂၀ ရက်က ပြောပါတယ်။

ဥရောပကော်မရှင်၊ ဥရောပဗဟိုဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့မှ စစ်ဆေးရေးမှူးများက ဂရိနိုင်ငံပြုပြင်ပြောင်းလဲရေးမှာ တိုးတက်မှုရှိခဲ့ကြောင်း ပြောကြားပြီးနောက် အီစတာပွဲတော်အားလပ်ရက်အဖြစ်အနားယူရန် မတ် ၂၀ ရက်က အေသင်မြို့မှ ထွက်ခွာသွားကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

"မစ်ရှင်အဖွဲ့ရဲ့ ဆောင်ရွက်မှုတွေက အပြုသဘောရလဒ်တွေ ရရှိခဲ့ပါတယ်။ ဝင်ငွေခွန်ပြုပြင်ပြောင်းလဲရေး နဲ့ပတ်သက်ပြီးထူးထူးခြားခြား တိုးတက်မှုတွေရခဲ့ပါတယ်"လို့ ပြောရေးဆိုခွင့်ရှိသူကပြောပါတယ်။

အငြိမ်းစားလစာပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်ပြီး အဓိကကျတဲ့ ကိစ္စရပ်တွေမှာ မစ်ရှင်အဖွဲ့က တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနဲ့ မစ်ရှင်အဖွဲ့က ဧပြီ ၂ ရက်မှာ အေသင်မြို့ကို ပြန်လည်လာရောက်ကာဆွေးနွေးမှုများအား အတတ်နိုင်ဆုံးအပြီးသတ် ဆောင်ရွက်တော့မှာဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။ ကြွေးမြီသက်သာခွင့်ဆွေးနွေးပွဲများအတွက် လမ်းပွင့်သွားစေရန်နဲ့ ဂရိနိုင်ငံစီးပွားရေးကို ယုံကြည်မှုပြန်လည်ရရှိစေရန် လွန်ခဲ့တဲ့ခြောက်နှစ်အတွင်း ကျင့်သုံးခဲ့ရတဲ့ စွန့်လွှတ်အနစ်နာခံရမှုများအရာထင်ခဲ့ပါတယ်။ ဂရိလူမျိုးများ ယုံကြည်လာစေရန်အတွက် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ဂရိဝန်ကြီးချုပ် အလက်ဇစ်စီပရပ်က လျင်မြန်စွာဆောင်ရွက်လိုတဲ့ ဆန္ဒရှိနေပါတယ်။

ဒါပေမယ့် ဘဏ္ဍာရေးရည်မှန်းချက်များ၊ အငြိမ်းစားလစာလျှော့ချမှုများနဲ့ အခွန်အကောက်ကိစ္စများအတွက် ဂရိအစိုးရနဲ့မြို့ရှင်များအကြားသဘောထားကွဲလွဲမှုတွေ ရှိနေတဲ့အတွက် ဆွေးနွေးပွဲတွေ လပေါင်းများစွာ ကြန့်ကြာနေရပါတယ်။

အဓိကအားဖြင့် ၂၀၁၈ ခုနှစ်ဂျီဒီပီရည်မှန်းချက်မှာ ၃ ရာခိုင်နှုန်းကွာခြားမှုရှိနေတာကို ညှိနှိုင်းဖို့ ဖြစ်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# အာရှပစိဖိတ်ဒေသမှာ ဒေသတွင်းကုန်သွယ်မှုပေါင်းစည်းရေး တိုးမြှင့်ဖို့ ကုန်သွယ်ရေးမူဝါဒကော်မရှင် ဖွဲ့စည်း

အာရှလူ့အဖွဲ့အစည်းမူဝါဒအဖွဲ့ (Asia Society Policy Institute-ASPI) က မတ် ၂၀ ရက်မှာ မူဝါဒကော်မရှင်တစ်ခုကို ဖွဲ့စည်းလိုက်ကြောင်းနဲ့ အဆိုပါကော်မရှင်က လက်ရှိကျင့်သုံးနေတဲ့ အာရှပစိဖိတ်ဒေသအတွင်း ကုန်သွယ်မှုဖွဲ့စည်းတည်ဆောက်ပုံကို လေ့လာစိစစ်ပြီး အထိရောက်ဆုံး၊ လက်တွေ့အကျဆုံးနဲ့ အဆင့်မြင့်စံနှုန်းအပေါ် အခြေခံတဲ့ စီးပွားရေးပေါင်းစည်းမှုကိုဆောင်ရွက်နိုင်မယ့် ထောက်ခံတင်ပြချက်တွေကို တင်ပြသွားမှာဖြစ်ကြောင်း asiasociety အွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။

အဖွဲ့ကို ASPI ရဲ့ ဒုတိယဥက္ကဋ္ဌနဲ့ အမေရိကန်ပြည်ထောင်စုလက်ထောက်ကုန်သွယ်ရေးကိုယ်စားလှယ်ဟောင်း ဝင်ဒီကတ်တလာက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် အာရှဒေသအသီးသီးမှ အဆင့်မြင့်ကုန်သွယ်ရေးအရာရှိဟောင်းငါးဦး ပါဝင်မှာဖြစ်ပါတယ်။

"ဒေသတွင်းမှာ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖြေလျှော့မှုတွေနဲ့ စေ့စပ်ညှိနှိုင်းမှုတွေ ဆောင်ရွက်ထားပြီးဖြစ်တဲ့အတွက် အာရှပစိဖိတ်ဒေသရဲ့ စီးပွားရေးအခင်းအကျင်းကို ထူးထူးခြားခြားပြောင်းလဲစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအချိန်က စိတ်လှုပ်ရှားစရာအကောင်းဆုံး အချိန်ဖြစ်ပါတယ်။ ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုကို အထိရောက်ဆုံးပုံဖော်နိုင်ဖို့အတွက် ယခုဆောင်ရွက်မယ့် အစီအစဉ်တွေကနေ ဖော်ထုတ်ပေးနိုင်အောင် တခြားကော်မရှင်အဖွဲ့ဝင်တွေနဲ့ ပူးပေါင်းဆောင်ရွက်နိုင်လိမ့်မယ်လို့ မျှော်မှန်းပါတယ်"လို့ ကတ်တလာက ပြောပါတယ်။

ယခုလောလောဆယ် ဖွဲ့စည်းလိုက်တဲ့ကော်မရှင်မှာ တောင်ကိုရီးယား၊ ဖိလစ်ပိုင်၊ သြစတြေးလျ၊ ဂျပန်နဲ့ အင်ဒိုနီးရှားမှ အဆင့်မြင့်အရာရှိဟောင်းများ ပါဝင်ပါတယ်။ မကြာမီကာလအတွင်းမှာ တရုတ်နိုင်ငံမှ အကြီးတန်းကုန်သွယ်မှုမူဝါဒကျွမ်းကျင်သူတစ်ဦးကိုလည်း တိုးချဲ့ပြီး ပါဝင်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။

ယခုကော်မရှင်ရဲ့ အစည်းအဝေးကို "အာရှလူ့အဖွဲ့အစည်းဟောင်ကောင်စင်တာ"မှာ ကျင်းပခဲ့ပြီး ကော်မရှင်အဖွဲ့ဝင်များက လက်ရှိဒေသအတွင်းမှာ ဆောင်ရွက်နေခဲ့တဲ့ သဘောတူစာချုပ်များနဲ့ အစီအစဉ်များကိုလေ့လာသုံးသပ်ပြီး ပေါင်းစည်းရေးလုပ်ငန်းများ ပီပီပြင်ပြင်ဆောင်ရွက်နိုင်မယ့် နည်းလမ်းများကို ထောက်ခံတင်ပြမှာ ဖြစ်ပါတယ်။

# မေမှာကျင်းပမယ့် ရုရှား-အာဆီယံ ထိပ်သီးဆွေးနွေးပွဲအတွက် ဝက်ဘ်ဆိုက်လွှင့်တင်



မေ ၁၉ ရက်နဲ့ ၂၀ ရက်မှာ ရုရှားနိုင်ငံဆိုချီမြို့၌ ကျင်းပဖို့စီစဉ်ထားတဲ့ ရုရှား-အာဆီယံထိပ်သီးအစည်းအဝေးအတွက် ဝက်ဘ်ဆိုက်ကို ရုရှားနိုင်ငံက လွှင့်တင်ထားကြောင်း အွန်လိုင်းသတင်းမှာ ဖော်ပြထားပါတယ်။ ရုရှားနိုင်ငံနဲ့ အာဆီယံနိုင်ငံတို့ရဲ့ ဆက်ဆံရေးအနှစ် ၂၀ မြောက်နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ယခုထိပ်သီးအစည်းအဝေးကို ကျင်းပတာဖြစ်ပါတယ်။

"ဝက်ဘ်ဆိုက်မှာ အခမ်းအနားများ၊ အစီအစဉ်သစ်များ၊ ဆုံးဖြတ်ချက်များ၊ အာဆီယံနဲ့ ရုရှားနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်ရေးနဲ့ အာဆီယံ အဖွဲ့ဝင် ၁၀ နိုင်ငံအနက် နိုင်ငံတစ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ရေးစတဲ့ မူဘောင်များအရ လက်မှတ်ရေးထိုးထားတဲ့ စာချုပ်စာတမ်းများနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက် များကို အပြည့်အစုံဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။

ဝက်ဘ်ဆိုက်ကို ရုရှားနဲ့ အင်္ဂလိပ်ဘာသာစကားများနဲ့ ဖော်ပြပေးမှာဖြစ်ပြီး အင်တာနက်နဲ့ ချိတ်ဆက်ထားတဲ့ မိုဘိုင်းကိရိယာများနဲ့ ပါဝင်ရောက်ကြည့်ရှုနိုင်မှာ ဖြစ်ကြောင်း ဝက်ဘ်ဒီဇိုင်နာတွေကပြောပါတယ်။ ဝက်ဘ်ဆိုက်လိပ်စာက http://russia-asean 20.ru ဖြစ်ပါတယ်။ ဒီဝက်ဘ်ဆိုက်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်မှတစ်ဆင့်လည်း ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် မတ် ၂၀ ရက်မှ ဧပြီ ၂၀ ရက်အတွင်းမှာ ထိပ်သီးဆွေးနွေးပွဲနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ဝက်ဘ်ဆိုက်မှာ ဖော်ပြပေးမှာ ဖြစ်ပါတယ်။ သိရှိလိုတဲ့အကြောင်းများရှိပါက accreditation@russia-asean20ru ကို မေးခွန်းများပေးပို့နိုင်ပါတယ်။

အာဆီယံက ဒေသတွင်းမှာ သက်တမ်းအရှည်ဆုံးနဲ့အအောင်မြင်ဆုံး ကုန်သွယ်ရေးအုပ်စုတစ်ခုဖြစ်ပြီး ၁၉၉၀ ပြည့်လွန်နှစ်တွေမှာ စွမ်းအားသစ်တွေပိုမိုရရှိလာတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ အဖွဲ့အတွင်းမှာ ပါဝင်တဲ့ နိုင်ငံတချို့က အရှေ့တောင်အာရှဒေသမှာ အကြီးဆုံးနိုင်ငံတွေဖြစ်ပြီး အဲဒီနိုင်ငံတွေကတော့ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ စင်ကာပူနဲ့ ဗီယက်နမ်တို့ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ်က ရုရှားနဲ့ အာဆီယံ ကုန်သွယ်မှုက အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၅ ဘီလီယံရှိခဲ့ပါတယ်။

# ပြန်ကြားရေးဆိုင်ရာ မဟာဗျူဟာလှုံ့ဆော်လှုပ်ရှားမှုစီမံကိန်းကို အာဆီယံချမှတ်

ဒေသတွင်းမှာ ဖြစ်ပျက်နေတဲ့အကြောင်းအရာတွေကို ပြည်သူလူထုသိရှိနိုင်ဖို့အတွက် ဆက်သွယ်ရေးမဟာဗျူဟာ စီမံကိန်းကိုရေးဆွဲဖို့ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဝန်ကြီးများက ချမှတ်ထားပြီးဖြစ်ကြောင်း စတန်းဒတ်အွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

ဖိလစ်ပိုင်နိုင်ငံ စီဘူးမှာ မတ် ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့တဲ့ (၁၃) ကြိမ်မြောက်ပြန်ကြားရေးဝန်ကြီးများကွန်ဖရင့် (13th Asean Ministers Responsible for Information Conference) မှာ ဆက်သွယ်ရေးမဟာဗျူဟာစီမံကိန်းကို ချမှတ်ခဲ့ကြောင်း ဖိလစ်ပိုင်ဆက်သွယ်ရေး ဝန်ကြီး ဟာမီနီယိုကိုလိုမာဂျူနီယာက ပြောပါတယ်။

"ပြန်ကြားရေးလှုံ့ဆော်လှုပ်ရှားမှုကို တာဝန်ယူထားတဲ့ ဝန်ကြီးဌာနအသီးအသီးက အာဆီယံဆက်သွယ်ရေးမဟာဗျူဟာ (Asean Communications Strategy) ကို အကောင်အထည်ဖော် မှာ ဖြစ်ပါတယ်။ ဆက်သွယ်ရေးနဲ့ပတ်သက်တဲ့ မဟာဗျူဟာ စီမံကိန်းကို အာဆီယံနိုင်ငံအကြီးအကဲများက အဆိုပြုထားပြီးဖြစ်တဲ့အတွက် မဟာဗျူဟာစီမံကိန်းရေးဆွဲရေးအတွက် ဝန်ကြီးများက သဘောတူခဲ့တာကလည်း အရေးပါတဲ့အချက်တစ်ချက်ဖြစ်ပါတယ်။ အာဆီယံအသိုက်အဝန်း (Asean Community) ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာ စတင်ဖွဲ့စည်းခဲ့ပြီး၊ အာဆီယံ နိုင်ငံခေါင်းဆောင်တွေထုတ်ပြန်ခဲ့တဲ့ "Asean 2015: Forging Ahead Together" ကြေညာချက်မှာ ဒီ အချက်ကိုဖော်ပြထားပြီးဖြစ်ပါတယ်။

အာဆီယံဒေသမှာ လူဦးရေ သန်း ၆၂၀ မှီတင်းနေထိုင်လျက်ရှိကြောင်း၊ အာဆီယံမှာကြီးမားတဲ့ အလားအလာများ ရှိပြီး ကမ္ဘာ့စီးပွားရေးမှာအရေးပါတဲ့ အခန်းကဏ္ဍကပါဝင်နေ ကြောင်း ကိုလိုမာကပြောပါတယ်။

AMRI ကွန်ဖရင့်မှာ အာဆီယံ တည်ထောင်တဲ့နှစ် ၅၀ မြောက် အခမ်းအနား 50th Founding Anniversary ကို ဖိလစ်ပိုင်မှာ ကျင်းပဖို့ ပြင်ဆင်ဆောင်ရွက်ခဲ့ ကြောင်း သူကပြောပါတယ်။ အခမ်းအနားကို လက်ခံကျင်းပပေး ရမယ့် နိုင်ငံဖြစ်တဲ့အတွက် ဖိလစ်ပိုင်နိုင်ငံက အာဆီယံရွှေရတုသဘင် (Asean Golden Jubilee Anniversary) အကောင်အထည်ဖော်ရေး အမျိုးသားစည်းရုံးရေးကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ကိုလိုမာက ပြောပါတယ်။

# ထိုင်းအဲဝေးက ဝန်ထမ်းများ ထပ်မံလျှော့ချမည်

ဘဏ္ဍာရေးဆုံးရှုံးမှုများ ရပ်တန့်သွားစေရန်အတွက် ထိုင်းအဲဝေးအင်တာနေရှင်နယ်က ယခုနှစ်မှာ ဝန်ထမ်းများကို ဆက်လက်လျှော့ချဦးမှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

အသုံးစရိတ်လျှော့ချရေး စီမံချက်အသစ်အရ ကုမ္ပဏီအနေနဲ့ ဘတ်ဂျက်ကို ဘတ် ၂ ဒသမ ၂ သန်း သတ်မှတ်ထားကြောင်း ဘဏ္ဍာရေးအရာရှိချုပ်နာရောင်း ချိုင်းဝန်သာနာဗီမော့က မတ် ၂၂ ရက်က ပြောပါတယ်။ ဝန်ထမ်းလျှော့ချမယ့် အရေအတွက်နဲ့ လျှော့ချမယ့် အချိန်ကိုမသတ်မှတ်ရသေးပေမယ့် လာမယ့်တစ်လနှစ်လအတွင်း စတင်လိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။

၂၀၁၅ ခုနှစ်အတွင်း လေကြောင်းကုမ္ပဏီက လုပ်သား ၁၄၀၀ ဦးကိုလျှော့ချခဲ့ရပြီး ဝန်ထမ်းလျှော့ချရေးအစီအစဉ်အတွက် ဘတ် ၃ ဒသမ ၇ ဘီလီယံကျော် သုံးစွဲခဲ့ရပါတယ်။ အပိုအသုံးစရိတ်တွေ လျှော့ချနိုင်ဖို့အတွက် ဌာနခွဲတိုင်းကို တာဝန်ပေးထားပါတယ်။ ၂၀၁၅ ခုနှစ် နောက်ဆုံးသုံးလပတ်မှာ အသားတင်အမြတ်က ဘတ် ၅ ဒသမ ၄ ဘီလီယံရှိခဲ့ပေမယ့် တစ်နှစ် လုံးခြုံတွက်ရင် လေကြောင်းလိုင်းရဲ့ စုစုပေါင်းဆုံးရှုံးမှုက ဘတ် ၁၃ ဘီလီယံရှိခဲ့ပါတယ်။ လုပ်ငန်းတိုးတက်ဖို့အတွက် အဓိကဆောင်ရွက်ရမှာက အသုံးစရိတ်ကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ရမှာဖြစ်တဲ့အတွက် အသုံးစရိတ်ကို ၁၁ ဒသမ ၂ ရာခိုင်နှုန်း လျှော့ချရမှာ ဖြစ်ပါတယ်။ လုပ်ငန်းလည်ပတ်ကုန်ကျစရိတ်သက်သာစေဖို့အတွက် ရုံးအဆောက်အအုံနဲ့ ဝန်ထမ်းနေရာထိုင်ခင်းအပါအဝင် ပြည်တွင်းပြည်ပရှိ အိမ်ခြံမြေရဲ့ ၃၀ ရာခိုင်နှုန်းကို ကုမ္ပဏီက ရောင်းချခဲ့ရပါတယ်။

လေကြောင်းလိုင်းရဲ့ အေးဂျင့်စီမံခန့်ခွဲမှုစနစ်နဲ့ အွန်လိုင်းမှ လက်မှတ်ကြိုတင်ရောင်းချမှုစနစ်ကို လာမယ့်လမှာ စတင်ဖို့ အသင့်ဖြစ်နေပါပြီ။ ဒီလိုဆောင်ရွက်တဲ့အတွက် ဖောက်သည်တွေလက်မှတ်ဝယ်ယူရာမှာ ပိုမိုအဆင်ပြေပြီးထိရောက်မှုပိုရှိနိုင်ပါတယ်။ လေယာဉ်တွေစီမံခန့်ခွဲမှုလုပ်ငန်းတွေကိုလည်း ယခုလကုန်မှာ အပြီးသတ်ဆောင်ရွက်ဖို့ ကုမ္ပဏီက စီစဉ်ထားပါတယ်။ လေယာဉ်စီမံခန့်ခွဲမှုကို ဆောင်ရွက်ရာမှာ လေကြောင်းလိုင်းရဲ့ ပြန်လည်ထူထောင်ရေး စီမံချက်တွေနဲ့အညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။

# ဗီယက်နမ်စီးပွားရေး လုပ်ငန်းများက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ကို ဥပေက္ခာပြု

ဗီယက်နမ်နိုင်ငံက ပစိဖိတ်ဖြတ်မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှု (Trans Pacific Strategic Partnership-TPP) သဘောတူစာချုပ်မှာ လက်မှတ်ထိုးထားတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်ပေမယ့် အဆိုပါ သဘောတူစာချုပ် မှာပြဋ္ဌာန်းထားတဲ့ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ကို ဗီယက်နမ်စီးပွားရေး အများစုက မသိကျိုးကျွံပြုကြကြောင်း စက်မှုနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ထရန်ကွပ်ခန်းရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်နယူးစ်အေဂျင်စီရဲ့သတင်းမှာ ဖော်ပြပါတယ်။




အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်နဲ့ ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းတွေရဲ့ သိမြင်နားလည်မှုက အကန့်အသတ်ရှိကာ လုံလောက်မှုမရှိကြောင်း မတ် ၂၃ ရက်ကအစိုးရရဲ့ ဝက်ဘ်ဆိုက်ပိုတယ်မှာပြုလုပ်တဲ့ ဟောပြောပွဲတစ်ခုမှာ ခန်းကပြောကြားခဲ့ပါတယ်။

ထိရောက်တဲ့ အစီအမံတွေကို မဆောင်ရွက်ဘူးဆိုရင် ဗီယက်နမ်စီးပွားရေးလုပ်ငန်းတွေနဲ့ ဗီယက်နမ်နိုင်ငံအဖို့ TPP သဘောတူစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အလွန်ခက်ခဲနိုင်ကြောင်း သူကပြောပါတယ်။ ဒီသဘောတူစာချုပ်ကို အတည်ပြုအကောင်အထည်ဖော်လိုက်တာနဲ့တစ်ပြိုင်နက် ဗီယက်နမ်စီးပွားရေးလုပ်ငန်းတွေအနေနဲ့ ဥပဒေအရ ရင်ဆိုင်ရတာနဲ့ အချိန်ကုန်နိုင်တယ်လို့ သူကပြောပါ တယ်။

"အသိဉာဏ်မူပိုင်ခွင့်ချိုးဖောက်မှုတွေအတွက် သီးခြားအစီအမံတွေချမှတ်ခြင်း၊ ပြင်းပြင်းထန်ထန် အရေးယူခြင်းမရှိဘူးဆိုရင် တီထွင်မှုတွေကို မှတ်ပုံတင်ထားတဲ့ ပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ အဖွဲ့အစည်းတွေအတွက် ထိခိုက်နစ်နာမှုတွေရှိနိုင်ပါတယ်။ တီထွင်ဖန်တီးသူတွေကိုလည်း မလေးစားရာ ရောက်ပြီး သူတို့တီထွင်ဖန်တီးမှုရှိလာအောင် အားမပေးသလိုဖြစ်လာနိုင်ပါတယ်"လို့ ခန်းကပြောပါတယ်။

လောလောဆယ်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဖောက်ဖျက်ရင် ဗီယက်နမ်က အုပ်ချုပ်ရေးဆိုင်ရာပြစ်ဒဏ်များကိုသာ ချမှတ်လျက်ရှိပါတယ်။ ဒါပေမယ့် TPP ကို အကောင်အထည်ဖော်ချိန်မှာ ပြစ်မှုဆိုင်ရာဥပဒေကြောင်းအရအရေးယူတော့မှာဖြစ်ကြောင်း သူက ပြောပါတယ်။

# အင်ဒိုနီးရှားနိုင်ငံတွင် ကြွေးဆုံးများကြောင့် ဆုံးရှုံးနိုင်မှု အန္တရာယ်တည်ရှိနေဆဲဖြစ်

ကြွေးဆုံးများမြင့်တက်လာမယ့် အလားအလာကတည်ရှိနေဆဲဖြစ်တဲ့အတွက် ချေးငွေအတိုးနှုန်းများကျဆင်းလျက်ရှိတဲ့တိုင်အောင် အင်ဒိုနီးရှားနိုင်ငံမှာ ယခုနှစ်အတွင်း ချေးငွေဖွံ့ဖြိုးတိုးတက်မှုနှုန်း ထူးထူးခြားခြားဖွံ့ဖြိုးလာမယ့် လက္ခဏာမရှိကြောင်း စတန်းဒတ်အင်ပူးဝါး ချေးငွေအကဲဖြတ်ရေးအဖွဲ့ရဲ့ လေ့လာချက်စစ်တမ်းကို ကိုးကားပြီး ဂျကာတာပို့စ်အွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

ဘဏ်လုပ်ငန်းကဏ္ဍရဲ့ ချေးငွေအရည်အသွေးက ၂၀၁၅ ခုနှစ်မှာကျဆင်းခဲ့သလို ၂၀၁၆ ခုနှစ်မှာလည်း ဆက်လက်ကျဆင်းဖွယ်ရှိနေတာကို စစ်တမ်းအစီရင်ခံစာအရသိရကြောင်း စတန်းဒတ်အင်ပူးဝါးအေဂျင်စီရဲ့ ချေးငွေစိစစ်ရေးမှူးနဲ့ ဘဏ္ဍာရေးအဆင့်သတ်မှတ်ရေးဒါရိုက်တာ အီဗန်တန်က ပြောပါတယ်။

ကြွေးမြီပေးဆပ်နိုင်မှုအခြေအနေနည်းပါးလာတဲ့ Special Mention Loan အရေအတွက်မှာ ၂၀၁၅ ခုနှစ်ကတည်းက မြင့်တက်လာခဲ့တဲ့အတွက် ဘဏ်တွေမှာရှိတဲ့ သတ်မှတ်ချိန်အတွင်းအတိုးအရင်းပြန်ဆပ်နိုင်ခြင်းမရှိသေးတဲ့ချေးငွေ (Non-Performing Loan-NPL) များမှာ ဆက်လက်မြင့်တက်လာမယ့် အလားအလာများရှိနေဆဲဖြစ်ကြောင်း သူကပြောပါတယ်။ ဒီအခြေအနေကိုကြည့်ခြင်းအားဖြင့် ချေးငွေအရည်အသွေးကဆက်လက်ကျဆင်းမယ့် အလားအလာ ကိုပြနေကြောင်း သူကပြောပါတယ်။

ကြွေးမြီ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုကာလရက် ၉၀ နီးပါးရှိနေတဲ့ ချေးငွေများဖြစ် တဲ့ Special Mention Loans တွေက ဆက်လက်မြင့်မားနေတဲ့အတွက် သတ်မှတ်ချိန်အတွင်း အတိုးအရင်းပြန်မသွင်းနိုင်သေးတဲ့ ချေးငွေစုစုပေါင်းက ယခုနှစ်အတွင်းမှာ သုံးရာခိုင်နှုန်းအထိရှိနိုင်ကြောင်း မတ် ၂၂ ရက်ကပြုလုပ်တဲ့ တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ သူကပြောပါတယ်။

ဘဏ်တွေမှာရှိတဲ့ NPL ကြွေးမြီတန်ဖိုးစုစုပေါင်းက ဇန်နဝါရီမှာ ၂ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့တဲ့အတွက် ၂၀၁၅ ခုနှစ် နိုဝင်ဘာကရှိခဲ့တဲ့ ၂ ဒသမ ၆ ရာခိုင်နှုန်းနဲ့ ဒီဇင်ဘာကရှိခဲ့တဲ့ ၂ ဒသမ ၅ ရာခိုင်နှုန်းတွေနဲ့ နှိုင်းယှဉ်ပါကမြင့်မားနေကြောင်း ဘဏ္ဍာရေးလုပ်ငန်းအာဏာပိုင်အဖွဲ့ (Financial Services Authority-OJK) ရဲ့ ကိန်းဂဏန်းများအရ သိရပါတယ်။

## စင်ကာပူနိုင်ငံရဲ့ ဖေဖော်ဝါရီ ကုန်ထုတ်လုပ်မှု ၁၃ လမြောက် ကျဆင်း

သယ်ယူပို့ဆောင်ရေးအင်ဂျင်နီယာအစုအဖွဲ့ (Cluster) ရဲ့ ထုတ်လုပ်မှုကျဆင်းတဲ့အတွက် စင်ကာပူနိုင်ငံရဲ့ ဖေဖော်ဝါရီ ကုန်ထုတ်လုပ်မှုက နှစ်အလိုက် နှိုင်းယှဉ်ကြည့်ရင် ၄ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း စီးပွားရေးဖွံ့ဖြိုးမှုဘုတ်အဖွဲ့ (Economic Development Board) ရဲ့ မတ် ၂၄ ရက်က ထုတ်ပြန်ချက်ကို ကိုးကားပြီး စီအင်န်အေသတင်းမှာ ဖော်ပြပါတယ်။

ဇီဝဆေးဝါး ထုတ်လုပ်မှုမှအပ အခြားထုတ်ကုန်များရဲ့ ထုတ်လုပ်မှုက လွန်ခဲ့တဲ့တစ်နှစ်ကနဲ့ နှိုင်းယှဉ်ပါက ၇ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း EDB က ပြောပါတယ်။ ရာသီအလိုက်ညှိနှိုင်းထားတဲ့စာရင်းကို လအလိုက်နှိုင်းယှဉ်ရင် ကုန်ချောထုတ်လုပ်မှုက ၄ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းပြီး ဇီဝဆေးဝါးထုတ်လုပ်မှုကို ထည့်သွင်းခြင်းမပြုပါက ၂ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းပါတယ်။

သယ်ယူပို့ဆောင်ရေး အင်ဂျင်နီယာအစုအဖွဲ့က စွမ်းဆောင်ရည်အနိမ့်ကျဆုံးဖြစ်ပြီး ဖေဖော်ဝါရီအတွက် ထုတ်လုပ်မှုတိုးတက်မှုနှုန်းကို နှစ်အလိုက်နှိုင်းယှဉ်ရင် ၁၄ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းပါတယ်။ ပင်လယ်ရေကြောင်းနဲ့ ကမ်းလွန်အင်ဂျင်နီယာလုပ်ငန်းက ၂၃ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပါတယ်။ ကျဆင်းရတဲ့ အကြောင်းရင်းကရေနံစိမ်းဈေးနှုန်းတွေ ကျဆင်းချိန်မှာ ကမ်းလွန်ရေနံတွင်းတူးလုပ်ငန်းများကျဆင်းခြင်း၊ ရေနံတူးဖော်ရေးနယ်မြေနဲ့ သဘာဝဓာတ်ငွေ့ထုတ်ဖော်ရေး နယ်မြေတွေမှာ အသုံးပြုတဲ့ စက်ကိရိယာတွေရဲ့ ဝယ်လိုအားတွေကျဆင်းလို့ ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် ပထမနှစ်လအတွင်းမှာ သယ်ယူပို့ဆောင်ရေးအင်ဂျင်နီယာအစုအဖွဲ့ရဲ့ ထုတ်လုပ်မှုက ပိုမိုကျဆင်းခဲ့ပြီး ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ရင် ၁၉ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ အီလက်ထရွန်းနစ်အစုအဖွဲ့ရဲ့ ဖေဖော်ဝါရီထုတ်လုပ်မှုကလည်း ယခင်လနဲ့နှိုင်းယှဉ်ရင် ၈ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းပါတယ်။ ဒါပေမယ့် Data Storage နဲ့ တခြားအီလက်ထရွန်းနစ်မိုဂျူးနဲ့အစိတ်အပိုင်းတွေရဲ့ ထုတ်လုပ်မှုမြင့်တက်လာတဲ့အတွက် အီလက်ထရွန်းနစ်အစုအဖွဲ့တစ်ခုလုံးရဲ့ ကျဆင်းမှုသက်သာခဲ့ပါတယ်။ အနုစိပ် အင်ဂျင်နီယာသုံးပစ္စည်းများရဲ့ ထုတ်လုပ်မှုက နှစ်အလိုက်နှိုင်းယှဉ်ရင် ဖေဖော်ဝါရီမှာ ၇ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းပါတယ်။ ရေခဲသေတ္တာထုတ်လုပ်မှုနဲ့ စက်မှုအင်ဂျင်နီယာလုပ်ငန်းတွေ ကျဆင်းမှုကြောင့် စက်ယန္တရားနဲ့ စက်ပစ္စည်းကဏ္ဍက ၇ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### တိုင်နန်

ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်မှု(TPP)သဘောတူစာချုပ်၊ တရုတ်အာဆီယံ လွတ်လပ်စွာကုန်သွယ်မှုနယ်မြေ (CAFTA) နဲ့ ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) စသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များတွင်ပါဝင်ခြင်းဖြင့် အင်ဒိုနီးရှားနိုင်ငံက ကုန်သွယ်မှုကဏ္ဍတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် လမ်းဖွင့်ထားပြီးဖြစ်ကြောင်း အင်ဒိုနီးရှားဒုတိယသမ္မတ ယူဆွတ်ကာလာရဲ့ ဟိုင်နန်မြို့တွင် မတ် ၂၄ ရက်က ကျင်းပသော ဒေသတွင်းဖိုရမ်တွင်ပြောကြားချက်ကို ကိုးကားပြီး အင်တာရာသတင်းမှာ ဖော်ပြပါတယ်။

### ဟန္နွိုင်း

ဒေသတွင်းရှိ ဆန်တင်ပို့သူများက လက်ရှိဆန်ဈေးနှုန်းအတိုင်းဆက်လက်ထားပေမယ့် ဗီယက်နမ်ဆန်တင်ပို့သူတို့က ပြည်တွင်းဈေးမြင့်တက်မှုကြောင့် ငါးမှတ်ဆန်အတွက် ၂၅ ရာခိုင်နှုန်းတင်ပြီး တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၈၀ နဲ့ ၃၉၀ အကြား၊ ၂၅ မှတ်ဆန်အတွက် အမေရိကန်ဒေါ်လာ ၃၆၅ နဲ့ ၃၇၅ အကြား ဈေးမြှင့်ထားတဲ့အတွက် ဈေးကွက်မှာ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ကျဆင်းနေကြောင်း ဗီယက်နမ်နယူးစ်အေဂျင်စီ သတင်းတွင်ဖော်ပြသည်။

### ယူရာယာစု (ဂျပန်)

မိုဘိုင်းမက်ဆေ့ချ်နဲ့ အွန်လိုင်းဗွီဂျစ်ကောဝန်ဆောင်မှုကို ဆောင်ရွက်နေတဲ့ Line Corp.က ဂျပန်နိုင်ငံရှိ မိုဘိုင်းကယ်ရီယာလုပ်ငန်းဈေးကွက်အတွင်းသို့ ဝင်ရောက်ဆောင်ရွက်လျက် ရှိပြီး သတင်း၊ ဂီတ၊ ဂိမ်းနှင့်အွန်လိုင်းဈေးဝယ်ယူမှု လုပ်ငန်းများကို သက်သာတဲ့ဈေးနှုန်းဖြင့် ဆောင်ရွက်ပေးရန် ကတိပြုထားကြောင်း အဆာဟိသတင်းမှာ ဖော်ပြပါတယ်။

### နယူးဒေလီ

စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေသူများကို ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်ရန်အတွက် အိန္ဒိယနိုင်ငံ ကုမ္ပဏီများရေးရာဝန်ကြီးဌာနက MCA21 ပေါ်တယ်ကို စတင်အကောင်အထည်ဖော်လိုက်ပြီဖြစ်ရာ ကုမ္ပဏီများဥပဒေအရ တင်သွင်းရမယ့် စာရွက်စာတမ်းအမျိုးမျိုးကို အီလက်ထရွန်းနစ်စနစ်ဖြင့် ဆောင်ရွက်နိုင်တော့မှာဖြစ်ကြောင်း သည်ဟိန္ဒူသတင်းမှာ ဖော်ပြပါတယ်။

## EAST ASIA

# တောင်ကိုရီးယားနိုင်ငံမှာ အသက်အရွယ်ကြီးရင့်သူဦးရေ တိုးတက်နှုန်းလျင်မြန်လာ

မတ် ၂၃ ရက်ကထုတ်ပြန်တဲ့ စာရင်းဇယားများအရ ၂၀၁၅ ခုနှစ်က တောင်ကိုရီးယားနိုင်ငံမှာ အသက် ၆၅ နှစ်နဲ့ အထက်ရှိတဲ့ သက်ကြီးရွယ်အိုလူဦးရေက ၁၃ ရာခိုင်နှုန်းရှိခဲ့တဲ့အတွက် တောင်ကိုရီးယားနိုင်ငံက အသက်အရွယ်ကြီးရင့်တဲ့ လူ့အဖွဲ့အစည်းတစ်ခုဖြစ်လာတော့မယ့် အခြေအနေကို ရောက်ရှိနေကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

ကိုရီးယားစာရင်းရုံးက ထုတ်ပြန်တဲ့ ကိန်းဂဏန်းများအရ ၂၀၁၅ ခုနှစ်မှာ တောင်ကိုရီးယားရှိ လူဦးရေ သန်း ၅၀ ကျော်အနက် သက်ကြီးရွယ်အိုဦးရေက ၁၃ ဒသမ ၁ ရာခိုင် နှုန်းရှိတဲ့အတွက် ၂၀၁၄ ခုနှစ်ကရှိခဲ့တဲ့ ၁၂ ဒသမ ၇ ရာခိုင်နှုန်းထက်ပိုမိုပြီး ၁၉၈၀ ပြည့်နှစ်ကရှိခဲ့တဲ့ ၃ ဒသမ ၈ ရာခိုင်နှုန်းထက်အများကြီး ပိုမိုခဲ့ပါတယ်။ ယေဘုယျအားဖြင့် နိုင်ငံတစ်နိုင်ငံမှာ အသက် ၆၅ နှစ်နဲ့အထက်ရှိသူဦးရေ ၁၄ ရာခိုင်နှုန်းထက်ကျော်ရင် သက်ကြီးရွယ်အိုများတဲ့နိုင်ငံအဖြစ် သတ်မှတ်ပါတယ်။ မွေးဖွားနှုန်း ကျဆင်းမှုနဲ့အတူ အသက်အရွယ်ကြီးရင့်သူ များပြားတာ ကြောင့် လုပ်သားဦးရေနည်းပါးပြီး ကျန်းမာရေးနဲ့ လူမှုဖူလုံရေးအသုံးစရိတ် မြင့်တက်လာနိုင်တဲ့အတွက် ဒီအခြေအနေမျိုးက တိုင်းပြည်စီးပွားရေးကို ပြင်းထန်တဲ့ခြိမ်းခြောက်မှု ဖြစ်လာနိုင်ပါတယ်။

တောင်ကိုရီးယားနိုင်ငံမှာ ၂၀၀၅ ခုနှစ်က အသက်အရွယ်ကြီးရင့်သူဦးရေက ၉ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၀ နှစ်အတွင်းမှာပင် ၁၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့တဲ့အတွက် အလားအလာမကောင်းပါဘူး။ အသက်အရွယ်ကြီးရင့်သူက ၂၀၃၀ ပြည့်နှစ်မှာ ၂၄ ဒသမ ၃ ရာခိုင်နှုန်း၊ ၂၀၄၀ ပြည့်နှစ်မှာ ၃၂ ဒသမ ၃ ရာခိုင်နှုန်းနဲ့ ၂၀၆၀ ပြည့်နှစ်မှာ ၄၀ ဒသမ ၁ ရာခိုင်နှုန်းရှိမယ် လို့ အေဂျင်စီက ခန့်မှန်းထားပါတယ်။ ၂၀၁၅ ခုနှစ် စစ်တမ်းများအရ အလုပ်လုပ်ကိုင်နိုင်တဲ့ အရွယ်ရောက်ရှိသူ ၁၀၀ က အသက်အရွယ်ကြီးရင့်သူ ၁၇ ဒသမ ၉ ဦးကို ထောက်ပံ့ပေးနေရပြီး ၂၀၄၀ ပြည့်နှစ်မှာ အလုပ်လုပ်ကိုင်နိုင်သူ ၁၀၀ က အသက်အရွယ်ကြီးရင့်သူ ၅၇ ဒသမ ၃ ဦးကို ထောက်ပံ့ပေးရမယ့် သဘောရှိ ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

## MIDDLE EAST

# ရေနံထုတ်လုပ်သူများရဲ့ အပြုသဘောဆောင်တဲ့ အစည်းအဝေးကို ဧပြီလမှာ ကျင်းပနိုင်မယ်လို့ အိုပက်အထွေထွေအတွင်းရေးမှူး မျှော်လင့်

အီရန်နိုင်ငံက ရေနံတင်ပို့မှုကို မြှင့်တင်ဖို့ကြိုးစားနေ ပေမယ့် ဈေးနှုန်းတွေကို အထောက်အကူပြုစေဖို့အတွက် ရေနံထုတ်လုပ်တဲ့ နိုင်ငံများရဲ့ ရေနံထုတ်လုပ်မှုထိန်းချုပ်ရေး အစီအစဉ်မှာ လက်တွဲပါဝင်လိမ့်မယ်လို့ မျှော်လင့်ထားကြောင်း ရေနံတင်ပို့တဲ့နိုင်ငံများအဖွဲ့ (အိုပက်) အထွေထွေအတွင်းရေးမှူးရဲ့ မတ် ၂၁ ရက်က ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ရေနံစိမ်းထုတ်လုပ်မှုထိန်းချုပ် ဖို့အတွက် အိုပက်အဖွဲ့ဝင်နိုင်ငံတွေနဲ့ အဖွဲ့ဝင်မဟုတ်တဲ့နိုင်ငံတွေက ကာတာနိုင်ငံမှာ ဧပြီ ၁၇ ရက်မှာ တွေ့ဆုံဆွေးနွေးဖို့ အစီအစဉ်ရှိပါတယ်။ ဒါပေမဲ့ ဇန်နဝါရီလမှာ အနောက်နိုင်ငံတွေက စီးပွားရေးပိတ်ဆို့မှုကို ရုပ်သိမ်းလိုက်ပြီးနောက်ပိုင်း အီရန်နိုင်ငံက ရေနံစိမ်းတင်ပို့မှုကို တိုးမြှင့်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်။

"အစည်းအဝေးရလဒ်က အပြုသဘောဆောင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အစည်းအဝေးကျင်းပ မှာကို အီရန်ကမကန့်ကွက်ပါဘူး။ ဒါပေမယ့် ထုတ်လုပ်မှုနဲ့ ပတ်သက်ပြီး စည်းကမ်းသတ်မှတ်ချက်တွေတော့ ပေးထားပါတယ်။ မကြာမီမှာတော့ အဖွဲ့ထဲကို သူတို့လည်း ပါဝင်လာလိမ့်မယ်လို့ ခန့်မှန်းရပါတယ်"လို့ ဗီယင်နာမှာ ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ အိုပက်အထွေထွေအတွင်းရေးမှူး အဗ္ဗဒူလာအယ်ဘ်ဘာဒရီက ပြောပါတယ်။

ထုတ်လုပ်မှု ထိန်းချုပ်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်သဘောတူညီမှုရရှိရေးက အီရန်နိုင်ငံရဲ့ အနေအထားကြောင့် သွေးဖယ်သွားမှာ မဟုတ်ဘူးလို့ ဝေဖန်လျက်ရှိနေပါတယ်။ စောစောပိုင်းက ထုတ်လုပ်သူတွေ အဓိက ပါဝင်သင့်တယ်ဆိုတဲ့ သဘောထားကို ဆော်ဒီအာရေးဘီးယား အပါအဝင်ပင်လယ်ကွေ့ဒေသမှ ရေနံတင်ပို့တဲ့နိုင်ငံတွေက ကိုင်စွဲထားပါတယ်။ ယခုနှစ်အကုန်မှာ ရေနံထုတ်လုပ်မှုကိုထိန်းချုပ်ဖို့ သဘောတူညီမှုရပြီးသွားတဲ့နောက်ပိုင်းဖြန့်ဖြူးမှု လျှော့ချရေးအပါအဝင်ထပ်ဆင့် အရေးယူမှုတွေပြုလုပ်ဖို့လိုကြောင်း အချို့အိုပက်အဖွဲ့ဝင်နိုင်ငံတွေက ပြောပါတယ်။ ရေနံထုတ်လုပ်မှု လျှော့ချရေးကိစ္စကို ပြောဖို့စောသေးတယ်လို့ ဆာဒရီက ပြောပါတယ်။

## USA

# တရုတ် ZTE ကုမ္ပဏီအား တင်ပို့မှု ကန့်သတ်ချက်ကို အမေရိကန်ပြည်ထောင်စုက ယာယီသက်သာခွင့်ပေး

အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ ဖောက်ဖျက်မှုကြောင့် တရုတ်တယ်လီကွန်ဆက်သွယ်ရေးကိရိယာနဲ့ စမတ်ဖုန်းထုတ်လုပ်သူ ZTE ကော်ပိုရေးရှင်းအား ပို့ကုန်ကန့်သတ်မှုများကို အမေရိကန်ပြည်ထောင်စုက ချမှတ်ခဲ့ပါတယ်။ ဒါပေမဲ့အစိုးရက အဆိုပါကန့်သတ်ချက်များကို ယာယီအားဖြင့် ရုပ်သိမ်းပေးခဲ့ကြောင်း အမေရိကန် စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အကြီးတန်းအရာရှိတစ်ဦးရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

မတ်လစောစောပိုင်းက ချမှတ်ခဲ့တဲ့အမေရိကန်စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ကန့်သတ်ချက်များကြောင့် အမေရိကန်ကုမ္ပဏီများက ZTE အတွက် အမေရိကန်မှ ထုတ်လုပ်တဲ့ စက်ကိရိယာနဲ့ စက်အစိတ်အပိုင်း တင်ပို့ရာမှာ ပို့ကုန်လိုင်စင်ရရှိဖို့ အခက်အခဲရှိခဲ့ပါတယ်။

လိုင်စင်လျှောက်ထားမှုတွေကို ဝန်ကြီးဌာနက ယေဘုယျအားဖြင့် ငြင်းပယ်ခဲ့ပါတယ်။ ဒါပေမယ့် ZTE က မတ် ဒုတိယပတ်အတွင်းမှာ ဝန်ကြီးဌာနနဲ့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း အေဂျင်စီမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောပါတယ်။

"ယခုလို ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့်လည်းကောင်း ZTE က အမေရိကန်အစိုးရကို ပေးခဲ့တဲ့ ကတိကဝတ်များအရ လည်းကောင်း လိုင်စင်လျှောက်ထားရာမှာလိုအပ်တဲ့ တချို့အချက်တွေကို ယာယီအားဖြင့် သက်သာခွင့်ပေးခဲ့ပါတယ်။အမေရိကန်အစိုးရကိုပေးထားတဲ့ ကတိကဝတ်တွေကို ZTE က လိုက်နာစောင့်ထိန်းမှသာ ဆက်လက်ပေးသွားမှာဖြစ်ပါတယ်"လို့ သူကပြော ပါတယ်။

အမေရိကန်နိုင်ငံက ချမှတ်ထားတဲ့ အပြည်ပြည်ဆိုင်ရာစံနှုန်းများကို လိုက်နာသွားမှာဖြစ်ကြောင်းနဲ့ ပြဿနာကိုအမြန်ဆုံးဖြေရှင်းနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ဆက်လက်ပြီးဆက်သွယ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ZTE ကပြောပါတယ်။

## EUROPE

# ကမ္ဘာ့အရှည်ဆုံး လေသင်္ဘောကို ဗြိတိန်မှာ ပွဲဦးထွက်ခရီးစဉ် ပျံသန်းဖို့ အသင့်ဖြစ်

နှစ်ထပ်ကား ခြောက်စီးစာအရှည်ရှိတဲ့ ကမ္ဘာ့အရှည်ဆုံးလေသင်္ဘောကို ယခုနှစ်နွေဦးရာသီမှာ ပွဲဦးထွက်ခရီးစဉ်အဖြစ် စတင်ပျံသန်းဖို့ အသင့်ရှိနေပြီဖြစ်ကြောင်း ဗြိတိသျှလေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီကြီး HybridAirVehicles က မတ် ၂၁ ရက်က ပြောပါတယ်။ အရှည် ၉၂ မီတာရှိတဲ့ AirLander 10 လေသင်္ဘောကို အင်္ဂလန်နိုင်ငံ ကာဒင်တန်မှာရှိတဲ့ အခမ်းအနားတစ်ခုမှာ ကောင်းကင်ပြင်မှာ လွှတ်တင်ထားခဲ့ကြောင်းနဲ့ လေသင်္ဘောကို တည်ဆောက်သူများအဆို အရ လေသင်္ဘောကိုကောင်းကင်မှာသီတင်းနှစ်ပတ်ကြာထားလို့ရကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

ဟီလီယံဓာတ်ငွေ့သုံး Air Lander10 က ကုန်စည်သယ်ယူပို့ဆောင်ဖို့၊ ကယ်ဆယ်ရေးပစ္စည်းတွေဖြန့်ဖြူးဖို့၊ ထောက်လှမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့၊ ဆက်သွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့နဲ့ အပန်းဖြေခရီးအဖြစ် ဆောင်ရွက်ဖို့အတွက် ဖောက်သည်တွေကို ဆွဲဆောင်နိုင်လိမ့်မယ်လို့ Hybrid Air Vehicles ကုမ္ပဏီက ရည်မှန်းထားပါတယ်။ လေသင်္ဘောမှာ ခရီးသည် ၄၈ ဦး လိုက်ပါနိုင်ပါမယ်။

Air Lander က ထောင်လိုက်အတက်အဆင်းလုပ်နိုင်လို့ ပြေးလမ်းမလိုတဲ့သဘောရှိပါတယ်။ လယ်ကွင်းလွတ်တွေ၊ သဲကန္တာရတွေ၊ ရေခဲပြင်သို့မဟုတ်ရေပြင်တွေကနေ မောင်းနှင်နိုင်တဲ့အတွက် လူသားချင်းစာနာမှု ထောက်ပံ့ရေးတာဝန်တွေ၊ ကမ်းခြေစောင့်ကြပ်ရေးတာဝန်တွေကို ထမ်းဆောင်နိုင်မယ့်သဘောရှိပါတယ်။ ၁၉ ရာစု နှစ်မှာ လေယာဉ်တွေရဲ့ ယှဉ်ပြိုင်မှုနဲ့ ၁၉၃၇ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ ဟင်ဒင်းဘတ် လေသင်္ဘောဘေးအန္တရာယ် ကျရောက်မှုမျိုးတွေကြောင့် လေသင်္ဘောသုံးစွဲမှုရပ်ဆိုင်းခဲ့ပေမယ့် လေသင်္ဘောတွေက ၁၉ ရာစုကတည်းက သမိုင်းကြောင်းရှိခဲ့တဲ့ လေယာဉ်တွေ ဖြစ်ပါတယ်။ လေယာဉ်ကိုပွဲဦးထွက် ခရီးစဉ်မစမီမြေပြင်စမ်းသပ်မှုတွေကို ဆောင်ရွက်ဦးမှာ ဖြစ်ပါတယ်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ယခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က အတိုးနှုန်းတိုးမြှင့်ပေးတဲ့ အကြိမ်အရေအတွက်ကို မူလခန့်မှန်းထားတာထက် ပိုမိုဆောင်ရွက်မယ်လို့ ယူဆတဲ့အတွက်ကြောင့်လည်းကောင်း၊တရုတ်ဗဟိုဘဏ်က ယွမ်ငွေတန်ဖိုးကို လျှော့ချလိုက်တဲ့အတွက်ကြောင့်လည်းကောင်း မတ် ၂၄ ရက်မှာ ထွန်းသစ်စ အာရှဒေသရှိ ငွေကြေးအများစုရဲ့ တန်ဖိုးတွေ ကျဆင်းခဲ့ပါတယ်။ ဧပြီမှာကျင်းပမယ့် အမေရိကန်ဗဟိုဘဏ်အစည်းအဝေးမှာ ဗဟိုဘဏ်အတိုးနှုန်း မြှင့်တင်ဖို့စဉ်းစားသင့်ကြောင်း ပြည်နယ်ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးအချို့နဲ့ အခြားအရာရှိများက ထောက်ခံတဲ့အတွက် အဓိက ငွေကြေးခြောက်ခုနဲ့ ဖလှယ်ရာမှာ အမေရိကန်ဒေါ်လာတန်ဖိုးက သီတင်းပတ်အတွင်း အမြင့်ဆုံး ဖြစ်ခဲ့ပါတယ်။

ယွမ်ငွေကြေးကို ဒေါ်လာတစ်ခုတည်းနဲ့သာမဟုတ်တော့ဘဲ အခြားငွေကြေးများနဲ့ပါချိတ်ဆက်ထားတော့မှာဖြစ်ကြောင်း တရုတ်ဗဟိုဘဏ်ကပြောကြားပြီးနောက်ပိုင်း ယွမ်ငွေကြေး

**ဘဏ်တင်-စုစည်းတင်ပြသည်**

အတက်အကျဖြစ်လာတာဟာ အံ့သြစရာ မဟုတ်တော့ကြောင်း လေ့လာအကဲခတ်သမားများက ပြောပါတယ်။ ဒါပေမဲ့ ကုမ္ပဏီတွေကအရန်အတားတွေ ဆောင်ရွက် (Hedge) လာတဲ့အတွက် ငွေကြေးတန်ဖိုး အတက်အကျရဲ့ ထိခိုက်မှုကကြီးကြီးမားမားဖြစ်မလာတော့ကြောင်း HSBC ဘဏ်မှ လင်ဒဲက ပြောပါတယ်။

## တရုတ်ယွမ်

တရုတ်ငွေကြေးတန်ဖိုးကျဆင်းမှုကြောင့် ကမ္ဘာ့စျေးကွက်မှာ အခက်အခဲတွေဖြစ်ပေါ်စေပြီး တရုတ်စီးပွားရေးအခြေအနေအပေါ်မှာ စိုးရိမ်မှုတွေဖြစ်ပေါ်စေခဲ့ပါတယ်။ ယွမ်တန်ဖိုးကျဆင်းလာတာဟာ ပို့ကုန်လုပ်ငန်းရှင်များအတွက် အထောက်အကူဖြစ်သော်လည်း အမေရိကန်ဒေါ်လာနဲ့ ပေးချေရတဲ့ပြည်တွင်းကုမ္ပဏီတွေကို ထိခိုက်စေခဲ့ပါတယ်။

တရုတ်နိုင်ငံခြားငွေ ရောင်းဝယ်ရေးဌာန (China Foreign Exchange Trading System) မှာ မတ် ၂၄ ရက်က အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ တရုတ်ယွမ်ငွေတန်ဖိုးက ၂ ဒသမ ၁၄ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်ဒေါ်လာတစ်ဒေါ်လာကို ၆ ဒသမ ၅၁၅ ယွမ်နှုန်းရှိခဲ့ပါတယ်။

## အိန္ဒိယရူပီး

အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ နှစ်ရက်ကြာတန်ဖိုးကျဆင်းနေတဲ့ အိန္ဒိယရူပီးတန်ဖိုးက ရှယ်ယာစျေးကွက်အတွင်းသို့ ပြည်ပရင်းနှီးငွေများ စီးဝင်လာတဲ့အတွက် မတ် ၂၃ ရက်မှာ သုည ဒသမ ၀၇ ရူပီးနှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၆ ဒသမ ၆၄ ရူပီးနှုန်းရှိခဲ့ပါတယ်။ ရူပီးငွေကြေးနဲ့ အမေရိကန်ဒေါ်လာဖလှယ်နှုန်းက တစ်ဒေါ်လာကို ၆၆ ဒသမ ၆၂ ရူပီး နဲ့ ၆၆ ဒသမ ၉၅ ရူပီးအကြား အတက်အကျရှိခဲ့ပါတယ်။

## ဂျပန်ယန်း

တိုကျိုစျေးကွက်မှာ အမေရိကန်ဒေါ်လာနဲ့ ယန်းငွေကြေးဖလှယ်နှုန်းက တစ်ဒေါ်လာကို ၁၁၂ ဒသမ ၅ ယန်းဝန်းကျင်မှာရှိနေပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ယန်းဖလှယ်နှုန်းက မတ် ၂၄ ရက်ညနေ ၅ နာရီက နယူးယောက်စျေးကွက်မှာ တစ်ဒေါ်လာကို ၁၁၂ ဒသမ ၈၅ ယန်းနဲ့ တိုကျိုစျေးကွက်မှာ ၁၁၂ ဒသမ ၈၅ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၁၁၂ ဒသမ ၈၄ ယန်းနှုန်းဖြစ်ခဲ့ပါတယ်။

ယူရိုနဲ့ ဖလှယ်နှုန်းက မတ် ၂၄ ရက်ညနေက နယူးယောက်စျေးကွက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၁၆၈ ဒေါ်လာနဲ့ ၁၂၆ ဒသမ ၁၀ ယန်းနှုန်းဖြင့်လည်းကောင်း၊ တိုကျိုစျေးကွက်မှာ ၁ ဒသမ ၁၁၆၀ ဒေါ်လာနဲ့ ၁၂၅ ဒသမ ၉၄ ယန်းနှုန်းဖြင့်လည်းကောင်း ရှိခဲ့ရာမှ နောက်တစ်နံနက်မှာ ၁ ဒသမ ၁၁၆၇ ဒေါ်လာနဲ့ ၁၂၆ ယန်းနှုန်းရှိခဲ့ပါတယ်။

## မလေးရှားရင်းဂစ်

အာရှစျေးကွက်မှာ ဒေါ်လာတန်ဖိုးခိုင်မာနေပေမယ့် ရင်းဂစ်ကိုဝယ်လိုအားများနေတဲ့အတွက် မတ် ၂၅ ရက်က အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုး မြင့်တက်ခဲ့ပါတယ်။ အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ်ဖလှယ်နှုန်းက မတ် ၂၄ ရက် ညနေ ၅ နာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၂၄၅ ရင်းဂစ်ရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၃ မိနစ်မှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၁၈၀ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။ ဗြိတိသျှပေါင်စတာလင်မှအပ အခြားအဓိကငွေကြေးများနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုးမြင့်တက်ပါတယ်။

## တောင်ကိုရီးယားဝမ်

အမေရိကန် ပြည်ထောင်စုရဲ့ စီးပွားရေးကိန်းဂဏန်းများက ခန့်မှန်းထားသလောက် မမြင့်တက်ခြင်းနဲ့ အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်မယ့် လက္ခဏာပြသလာခြင်းတို့ကြောင့် မတ် ၂၅ ရက်မှာ တောင်ကိုရီးယား စတော့ရှယ်ယာတန်ဖိုးများ ကျဆင်းခဲ့ပါတယ်။ ငွေကြေးစျေးကွက်မှာ ဝမ်ငွေကြေးတန်ဖိုးက မတ် ၂၄ ရက်က ဖလှယ်နှုန်းနဲ့ နှိုင်းယှဉ်ရင် ၂ ဒသမ ၉၀ ဝမ်နှုန်းကျဆင်းပြီး နောက်တစ်နေ့မှာ တစ်ဒေါ်လာကို ၁၁၆၉ ဒသမ ၂၀ ဝမ်နှုန်းရှိခဲ့ပါတယ်။

## ထိုင်းဘတ်

ထိုင်းဗဟိုဘဏ်က ထိုင်းနိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို မတ် ၂၃ ရက်က တတိယအကြိမ်မြောက် လျှော့ချခန့်မှန်းပြီး ထိုင်းစီးပွားရေးဖွံ့ဖြိုးမှုအရှိန်အဟုန် ကျဆင်းနေကြောင်း ပြောကြားပြီးနောက်ပိုင်း ထိုင်းဘတ်ငွေတန်ဖိုးက သီတင်းနှစ်ပတ်အတွင်း အနိမ့်ဆုံးကို ရောက်ရှိခဲ့ပါတယ်။ ရွှေတင်သွင်းသူများက ဒေါ်လာဝယ်ယူလာတဲ့အတွက်လည်း ထိုင်းဘတ်ငွေတန်ဖိုး ကျဆင်းစေခဲ့ပါတယ်။ မတ် ၂၅ ရက်မှာ ထိုင်းဘတ်တန်ဖိုးက သုည ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၃၅ ဒသမ ၃၀ ဘတ်နှုန်းရှိခဲ့ပါတယ်။

# ၂၀၁၆ ခုနှစ်အတွင်း အတိုးနှုန်းကို အနည်းဆုံးသုံးကြိမ်မြှင့်တင်မည်ဟု အမေရိကန်ဗဟိုဘဏ်အရာရှိက ခန့်မှန်း

အမေရိကန်စီးပွားရေး ဆက်လက်တိုးတက်ကောင်းမွန်နေပါက အမေရိကန်ဗဟိုဘဏ်အနေနဲ့ လာမည့်လကို အစောဆုံးထား၍ အတိုးနှုန်းကိုနောက်ထပ်မြှင့်တင်ပေးသင့်ကြောင်း အမေရိကန်ဗဟိုဘဏ်ထိပ်တန်းအရာရှိတစ်ဦးရဲ့ မတ် ၂၂ ရက်နေ့ကပြောကြားချက်ကို ကိုးကားပြီး စထရိတ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။ နှစ်မကုန်မီအတိုးနှုန်းကို နောက်ထပ်အနည်းဆုံး သုံးကြိမ် တိုးပေးသင့်ကြောင်းလည်းသူကပြောပါတယ်။

မူဝါဒကို မပြောင်းလဲဘဲ ဆက်လက်ထားရှိဖို့ မတ်လဒုတိယပတ်အတွင်းက ဆုံးဖြတ်ချက်ကို ထောက်ခံပါတယ်။ ဒါပေမဲ့ အတိုးနှုန်းတွေဆက်လက်တိုးမြှင့်ရမယ့် အကြောင်းတရားတွေရှိနေသေးတယ်လို့ ဖီလ်ဒယ်ဖီးယားဗဟိုဘဏ်ဥက္ကဋ္ဌ ပက်ထရစ် ဟာကာက ပြောပါတယ်။

"ဒီကိစ္စအတွက် အချိန်ယူပြီးဆောင်ရွက်ဖို့ လိုမယ်လို့ထင်ပါတယ်"လို့ ၂၀၁၅ နှစ်လယ်က ဖီလ်ဒယ်ဖီးယား ဗဟိုဘဏ်ဥက္ကဋ္ဌဖြစ်လာတဲ့ မစ္စတာ ဟာကာကပြောပါတယ်။ မစ္စတာဟာကာက ၂၀၁၇ ခုနှစ်ရောက်မှသာ ဗဟိုဘဏ်အစည်းအဝေးတွေမှာ မဲခွဲဆုံးဖြတ်တဲ့အခါ မဲပေးခွင့်ရမှာ ဖြစ်ပါတယ်။

"အမေရိကန်စီးပွားရေးက ဒေါ်လာတန်ဖိုးခိုင်မာမှုအပါအဝင် တွေ့ကြုံရတဲ့အခက်အခဲတွေကို အတော်ကြံ့ကြံ့ခံနိုင်ပြီ ဖြစ်ပါတယ်။ ဒီအတိုင်းဆက်ပြီးသွားမယ်ဆိုရင် အတိုးနှုန်းကိုနောက်ထပ် သုည ဒသမ ၂၅ ရာခိုင်နှုန်းတိုးမြှင့်ဖို့ ကျွန်တော်ထောက်ခံမှာဖြစ်ပါတယ်"လို့ သူကပြောပါတယ်။

# ထိုင်းအစိုးရက စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်သဖြင့် ထိုင်းဗဟိုဘဏ်က အတိုးနှုန်းကို ထိန်းထား

ထိုင်းနိုင်ငံအစိုးရက ဆောင်ရွက်ပေးထားတဲ့ စီးပွားရေးလှုံ့ဆော်အားပေးမှုအစီအမံများမှ ထွက်ပေါ်လာမယ့် အကျိုးစီးပွားတွေကြောင့် ထိုင်းနိုင်ငံ စီးပွားရေးတိုးတက်လာတော့မယ်လို့ မူဝါဒရေးဆွဲသူတို့က ယုံကြည်ထားတဲ့အတွက် ထိုင်းနိုင်ငံရဲ့ ဗဟိုဘဏ်အတိုးနှုန်းကို ခုနစ်ကြိမ်မြောက်အဖြစ် မပြောင်းလဲဘဲ ဆက်လက်ထားရှိမှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ဗဟိုဘဏ်အဖွဲ့ဝင်များရဲ့ တစ်ညီတစ်ညွတ်တည်း မဲပေးမှုအရ ထိုင်းဗဟိုဘဏ်ကဘွန်းစာချုပ်ပြန်လည်ဝယ်ယူတဲ့အတိုးနှုန်းကို ၁ ဒသမ ၅ ရာခိုင်နှုန်းသတ်မှတ်ခဲ့ကြောင်း မတ် ၂၃ ရက်မှာ ဗဟိုဘဏ်ကပြောပါတယ်။ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုးချားရဲ့ ဝန်ကြီးအဖွဲ့က အိမ်ခြံမြေစျေးကွက်ကို အထောက်အကူပေးတဲ့အနေနဲ့ နောက်ထပ်ဘတ်ဘီလီယံ ၇၀ ထောက်ပံ့ဖို့အတည်ပြုခဲ့ရာ ချေးငွေရရှိမယ့်သူတွေထဲမှာ အိမ်ခြံမြေဆောက်လုပ်ရေးလုပ်ငန်းတွေနဲ့ ဝင်ငွေနည်း သူတွေပါဝင်မှာ ဖြစ်ပါတယ်။ ကျေးလက်ဒေသတွေရဲ့ စားသုံးမှုကို မြှင့်တင်ရန်အစိုးရက မကြာသေးမီလများအတွင်း စီးပွားရေးလှုံ့ဆော်အားပေးမှု အစီအမံတွေကို ဆက်တိုက်ဆောင်ရွက်ပေးခဲ့ပါတယ်။

ဗဟိုဘဏ်ကဆောင်ရွက်တဲ့ ဘဏ္ဍာရေးမူဝါဒတွေကြောင့် ပြည်တွင်းဝယ်လိုအားကို မြှင့်တင်ပေးနိုင်မှာဖြစ်ကြောင်း ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ဗီရာထိုင်းဆန်တီပရာဟော့က ပြောပါတယ်။

"ဘဏ္ဍာရေးမူဝါဒတွေက အကျိုးသက်ရောက်မှုတွေ အပြည့်အဝထွက်ပေါ်နေပြီဖြစ်လို့ ဗဟိုဘဏ်က အတိုးနှုန်းထပ်မြှင့်ပေးဖို့မလိုအပ်တော့ပါဘူး"လို့ ဗန်ကောက်အခြေစိုက် အယုဒ္ဓယဘဏ်မှ စီးပွားရေးပညာရှင်အကြီးအကဲဆွမ်ပရာဝင်းမန်ပရာဆပ်က ပြောပါတယ်။


HYUNDAI
NEW THINKING, NEW POSSIBILITIES.
TRUCK & BUS
သင်္ကြန် Promotion
The Cheapest Price
The Newest Model - 2016 model
The Longest Warranty - 3 Years (or) 200000 Km.
You can pay for only Filters and Oil for 3 years.
HD 45, 2 Tons Cargo Truck
County Bus
HD 45, 2 Tons Box Truck
HD 65, 3 Tons Box Truck
HD 65, 3 Tons Cargo Truck
CALL US FOR PROMOTION PRICE
09-977210977
09-977210978
09-977210991
Hire Purchase Available Up to 2 Years
9%
YANGON SHOWROOM
GAMT General Arr Mahn Thit Co., Ltd.
Junction of Bayint Naung and lower Mingalardon Road, Pyittawthar , Insein Township.
Tel: (951) 647639 Fax : (951) 642506
http://www.facebook.com/GeneralArrMahnThit-htpp://www.gamt-hyundai.com


Princess Amara
Car Rental Services
Car Rental Services, Limousine Services ,
Valet Services, Shuttle Bus Services,
Ferry Services, Taxi Services and Driver Services
Room 903, Condo ©, Takathoyeikmon Housing, Bahan Township, Yangon, Myanmar
Email: princessamara.carrental@gmail.com / www.princessamara-carrental.com
+951 549399, +951 546646, Fax: +951 542942
+959 42 10 15 940, +959 79 99 00 473



Jpm JPM
SERVICES CO.,LTD
HAPPY MYANMAR WATER FESTIVAL
Email : jpmautocenter@gmail.com
Web : www.jpmmotors.com
မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော အတာသင်္ကြန်နှစ်သစ်မှာ မိတ်ဆွေအပေါင်း ကျန်းမာရွှင်လန်းငြိမ်းချမ်းကြပါစေ...
နွေရာသီ အားလပ်ရက်များမှာ ခရီးသွား လည်ပတ်ချင်သူများအတွက် ကားကောင်း ကားသန့် အမျိုးအစားအစုံကို ဂျပန်နိုင်ငံမှ တိုက်ရိုက်မှာယူတင်သွင်းရောင်းချပေးနေပါသဖြင့် လာရောက်ကြည့်ရှုဝယ်ယူနိုင်ရန် မိတ်ဟောင်း မိတ်သစ်များကို ဖိတ်ခေါ်ပါရစေ...
အမှတ်(42/A) ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
(5 Movie ရုံးချုပ်အနီး၊ဆွေထိုင်းစားသောက်ဆိုင်ရှေ့)
Hire Purchase System
HOT LINE
09 25 300 8800




SWY
SWY Group Co., Ltd
SHWE WAH YAUNG
Trading Co,, Ltd
SHWE WAH YAUNG
General Services Co., Ltd
SHWE WAH YAUNG
Agriculture Production Co., Ltd
Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar
☎ : 10-680 803, 01-686 158, 01-686 251 Fax : 01-686 251
Warehouse : No(465/A), Corner of Yaw Ah Twin Win U Pho Hlaing Street & Kannar Street, Shwe Lin Pan Industrial Zone, Hlaing Tharyar Townshop, Yangon, Myanmar
☎ : 01-680 803, 01-686 158, 01-686 251 Fax : 01 686 251
website : www.swygroup.com, Email : lumawmm@swygroup.com, lumawmm@gamil.com

# ပူပြင်းခြောက်သွေ့မှုကြောင့်ထိုင်းနိုင်ငံရဲ့ ဂျီဒီပီဖွံ့ဖြိုးမှုကျဆင်းနိုင်



ယခုနှစ်အတွင်း ထိုင်းနိုင်ငံမှာဖြစ်ပေါ်တဲ့ ပူပြင်းခြောက် သွေ့မှုကြောင့် ၂၀၁၆ ခုနှစ် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) ဖွံ့ဖြိုးမှုနှုန်းမှာ သုည ဒသမ ၈၅ ရာခိုင်နှုန်း ကျဆင်း ပြီး လယ်ယာစိုက်ပျိုးရေးနဲ့ စီးပွားရေးကဏ္ဍများမှ ဆုံးရှုံးမှုက ဘတ် ၁၁၉ ဒသမ ၂၈ ဘီလီယံအထိရှိနိုင်ကြောင်း ထိုင်းကုန်သည်ကြီးများအသင်းတက္ကသိုလ် စီးပွားရေးနဲ့ စီးပွားရေးလုပ်ငန်း ခန့်မှန်းတွက်ချက်ရေးစင်တာ (Center for Economic and Business Forecasting) ရဲ့ ထုတ်ပြန်ချက်ကို ကိုးကားပြီး နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ဒါပေမယ့် ပူပြင်းခြောက်သွေ့မှုဖြစ်ပွားတဲ့ကာလအတွင်း စီးပွားရေးတည်တံ့မှုကို အားပေးတဲ့အနေနဲ့ အစိုးရက စီးပွားရေး လှုံ့ဆော်တွန်းအားပေးအစီအစဉ်အဖြစ် ဘတ်ဘီလီယံ ၆၀ မှ ဘတ်ဘီလီယံ ၁၀၀ အထိ ဆောင်ရွက်ပေးလိမ့်မယ်လို့ စင်တာက ခန့်မှန်းထားပါတယ်။

မကြာသေးမီကပြုလုပ်ခဲ့တဲ့ စစ်တမ်းများအရ ပူပြင်း ခြောက်သွေ့မှုက ဇွန်အထိကြန့်ကြာနိုင်ပြီး လယ်ယာလုပ်ငန်းနဲ့ စီးပွားရေးလုပ်ငန်းများရဲ့ ဝင်ငွေဆုံးရှုံးမှုက ဘတ် ၁၁၉ ဒသမ ၂၈ ဘီလီယံထိရှိမယ်လို့ ခန့်မှန်းထားကြောင်း စင်တာရဲ့ ညွှန်ကြားရေးမှူး သာနာဝပ်ပွန်ဗီချိုင်းက ပြောပါတယ်။ တိုက်ရိုက်နဲ့ သွယ်ဝိုက်ဆုံးရှုံးမှုက စီးပွားရေးကဏ္ဍမှာ ဘတ် ၄၁ ဒသမ ၄၂ ဘီလီယံရှိပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍက ဘတ် ၇၇ ဒသမ ၈၆ ဘီလီယံရှိမယ်လို့ ခန့်မှန်းပါတယ်။

မတ် ၇ ရက်မှ ၁၆ ရက်အတွင်း လယ်ယာကဏ္ဍမှ ၁၂၀၀ ဦးကို ပြုလုပ်တဲ့စစ်တမ်းအရ ယခုနှစ်ပူပြင်းခြောက်သွေ့မှုက ယခင်နှစ်ထက်ပိုမိုပြင်းထန်မယ်လို့ သဘောထားမှတ်ချက် ပေးသူ ၅၈ ရာခိုင်နှုန်းရှိပါတယ်။ ထိုင်းနိုင်ငံမြောက်ပိုင်းနဲ့ အရှေ့မြောက်ပိုင်းဒေသတွေမှာ ပိုမိုဆိုးရွားနိုင်ပြီး ကုန်ထုတ် လုပ်မှုစရိတ်၊ ရေအရင်းအမြစ်ရရှိရေး ကုန်ကျစရိတ်၊ အိမ်ထောင်စုကြွေးမြီနဲ့ နေ့စဉ်အသုံးစရိတ်တွေ မြင့်တက်လာနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။ တစ်ချိန်တည်းမှာထုတ်လုပ်မှုနဲ့ လယ်ယာလုပ်ငန်းတွေရဲ့ ဝင်ငွေကလည်း ကျဆင်းနိုင်ပါ တယ်။

စစ်တမ်းအရတောင်သူလယ်သမား ၈၂ ဒသမ ၁ ရာခိုင်နှုန်းက အခြေအနေနဲ့လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲမှုအဖြစ် အရောင်းအဝယ်လုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်ခြင်း၊ သီးနှံပြောင်းလဲခြင်း၊ စိုက်ပျိုးချိန်ကာလ လျှော့ချခြင်း၊ မြို့များသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်းနဲ့ အစိုးရစီမံကိန်းများတွင် ပါဝင်ခြင်း စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ကြပါတယ်။ ဒါပေမယ့် ၁၇ ဒသမ ၉ ရာခိုင်နှုန်းက သူတို့ရဲ့ လယ်ယာမြေများ ရေသွင်းစိုက်ပျိုးမှု ဧရိယာအတွင်း ရှိခြင်း၊ ပူပြင်းခြောက်သွေ့မှုက ပြင်းထန်မယ်လို့ မယူဆခြင်းနဲ့ အခြားသော အကြောင်းရင်းများကြောင့် အပြောင်းအလဲများကို ဆောင်ရွက်ခြင်းမရှိတာကို တွေ့ရပါတယ်။

UNT




Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 28th March 2016

<< March And April Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN MYANMAR

| VESSEL | Height (m) | | | | | JAPAN | | | | | | KOREA | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | KOBE | SAKAI SENBOKU | HAKATA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI V.22 | 1.55 | 1.90 | 2.20 | 3.50 | | 10.3.2016 | | 8.3.2016 | 11.3.2016 | 12.3.2016 | | 6.3.2016 | | 20.3.2016 | 23.3.2016 | |
| | | | S/O CUT | | | 6.3.2016 | | 4.3.2016 | 7.3.2016 | 8.3.2016 | | | | | | |
| MV.CITY OF MUMBAI V.29 | 1.55 | 1.90 | 2.20 | 3.50 | | | 24.3.2016 | | 25.3.2016 | 26.3.2016 | | | | 3.4.2016 | 6.4.2016 | |
| | | | S/O CUT | | | | 20.3.2016 | | 21.3.2016 | 22.3.2016 | | | | | | |
| MV.HOEGH CHENNAI V.23 | 1.55 | 1.90 | 2.20 | 3.50 | | | 10.4.2016 | 8.4.2016 | 11.4.2016 | 12.4.2016 | | 6.4.2016 | | 23.4.2016 | 27.4.2016 | |
| | | | S/O CUT | | | | 6.3.2016 | 4.4.2016 | 7.4.2016 | 8.4.2016 | | | | | | |
| MV.CITY OF MUMBAI V.30 | 1.55 | 1.90 | 2.20 | 3.50 | | 26.4.2016 | | | 27.4.2016 | 28.4.2016 | | | | 8.5.2016 | 13.5.2016 | |
| | | | S/O CUT | | | 22.4.2016 | | | 23.4.2016 | 24.4.2016 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway El Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက ဂျပန်နိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။